The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL. 24, NO. 2
တနင်္လာနေ့တိုင်းထုတ်ဝေသည်
January 15, 2024

# ၂၀၂၄ ခုနှစ် ကမ္ဘာ့စီးပွားရေး အလားအလာ




စာမျက်နှာ - 8

## တောင်သူလယ်သမားများကို အကျိုးပြုစေမည့် သိရှောင်ရိုကာနန်အပ်လက်မှတ်ကို အခြေပြုသည့် ငွေကြေးထောက်ပံ့မှုစနစ်အကြောင်း သိကောင်းစရာ

စာမျက်နှာ - 17

### မွန်ပြည်နယ်ထွက် ကွမ်းသီးများ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယနှင့် တရုတ်သို့ပါတင်ပို့နိုင်ရန်ကြိုးစားနေ

စာမျက်နှာ - 3

### ၂၀၂၄ အတွက် ခရီးသွားရန် အကောင်းဆုံးနေရာများ

စာမျက်နှာ - 24

### အရင်းအနှီးဈေးကွက် အခြေပြု ရင်းနှီးမြှုပ်နှံမှု ကုမ္ပဏီများ

စာမျက်နှာ - 25



# XINGYE




09 985 666 666

soemoeze2@gmail.com

No.15/B,Pan Hlaing Street,
Industrial Zone (1),
Hlaing Thar Yar Township,Yangon

# XING YE GROUP

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ်၊ တတိယသုံးလပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး တက်ရောက်အမှာစကားပြောကြား

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် တတိယသုံးလပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၁၁ ရက် နံနက်ပိုင်းတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၃) ညီလာခံခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ တက်ရောက် အမှာစကား ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် ဝန်ကြီးဌာန၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် တတိယ သုံးလပတ်ကာလအတွင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်ရမည့် ရှေ့လုပ်ငန်းစဉ်များ၊ နိုင်ငံတော်က ချမှတ်ထားသည့် စီးပွားရေးဦးတည်ချက်(၃)ရပ်နှင့်အညီ ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်သွားရေး၊ ပို့ကုန်တိုးမြှင့်တင်ပို့ရေး၊ ကုန်သွယ်မှုပမာဏ လျာထားချက်များ ပြည့်မီအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားရေး၊ မြန်မာ့ထုတ်ကုန်များ အရည်အသွေး ပိုမိုကောင်းမွန်စွာ တိုးမြှင့်တင်ပို့နိုင်ရေးအတွက် အစိုးရနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်သွားနိုင်ရေး၊ အသေးစား၊ အငယ်စား၊ အလတ်စားလုပ်ငန်းများ၏ ကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်အောင် ပံ့ပိုးကူညီပေးရေး၊ ကုန်သွယ်မှု ကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးလာစေရေးအတွက် ပူးပေါင်းဆောင်ရွက်ရာတွင် အာဆီယံနှင့် ဒေသတွင်းနိုင်ငံများနှင့်သာမက နိုင်ငံတကာကုန်သွယ်ဖက်နိုင်ငံများနှင့် ကုန်သွယ်ဆက်ဆံမှုများ ပိုမိုတိုးတက်ကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်ရေးနှင့် ဝန်ကြီးဌာနရှိ ဝန်ထမ်းများ၏ စွမ်းဆောင်ရည် မြင့်မားတိုးတက်လာစေရေးတို့အတွက် ဆောင်ရွက်သွားရေး၊ အားနည်းချက်များကို ပြင်ဆင်ဖြည့်ဆည်း၍ အားသာချက်များကို အသုံးပြုဆောင်ရွက်ရေးတို့ကို မှာကြားခဲ့သည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးမင်းမင်းက ဝန်ကြီးဌာန၏ ဖွဲ့စည်းပုံ၊ ဝန်ထမ်းသက်သာချောင်ချိရေးဆောင်ရွက်ပေးမှု အခြေအနေများ၊ ဌာနတစ်ခုချင်းစီ၏ လုပ်ငန်းတာဝန်များအပေါ် ဆောင်ရွက်သင့်သည့် အချက်များ၊ ရှေ့လုပ်ငန်းစဉ်များ၊ လူ့စွမ်းအားအရင်းအမြစ်ပြုန်းတီးမှု မရှိစေရေးနှင့် အနာဂတ် အစီအမံများအား ချမှတ်ဆောင်ရွက်သွားရန်၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ အခြေခံစည်းမျဉ်းများကို ဌာနအတွင်းရှိ အရာထမ်း၊ အမှုထမ်းများအား အခြေခံအဆင့်ဖြင့် တတ်မြောက်စေရေး သင်တန်းများ ဖွင့်လှစ်သင်ကြားပေးရန်နှင့် မိမိဝန်ကြီးဌာနမှ ချမှတ်သည့် မူဝါဒများအား အဆိုပါ အခြေခံစည်းမျဉ်းများနှင့် ကိုက်ညီမှုရှိအောင် လိုက်နာဆောင်ရွက်သွားရေးတို့ကို မှာကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းတာဝန်ခံ ညွှန်ကြားရေးမှူးများက ဌာနအလိုက် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို တင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က လိုအပ်သည်များအား ဖြည့်စွက်လမ်းညွှန် မှာကြားခဲ့သည်။

အခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဦးစီးဌာနများမှ အရာထမ်းများ၊ နယ်စပ်ကုန်သွယ်ရေးစခန်း တာဝန်ခံများနှင့် တိုင်းဒေသကြီး/ပြည်နယ် ဦးစီးမှူးများ ၁၅၀ ဦး၊ Virtual စနစ်ဖြင့် ၃၆ ဦး စုစုပေါင်း ၁၈၆ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**MOC(IR)**





# မွန်ပြည်နယ်ထွက် ကွမ်းသီးများ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယနှင့် တရုတ်သို့ပါ တင်ပို့နိုင်ရန် ကြိုးစားနေ

မွန်ပြည်နယ်မှ စိုက်ပျိုးထွက်ရှိသည့် ကွမ်းသီးများကို ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယတို့အပြင် တရုတ်နိုင်ငံသို့ပါ တင်ပို့နိုင်ရန် ကြိုးစားနေပြီး လက်ရှိတွင် သက်ဆိုင်ရာဌာနများသို့ တင်ပြထားသည့် အဆင့်၌သာရှိနေသေးကြောင်း ယင်းပြည်နယ်ရှိ ကွမ်းသီး စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းမှ သိရသည်။

အဆိုပါ ပြည်နယ်အတွင်း ကွမ်းသီးခြံ ဧက ငါးသောင်းကျော်အထိ စိုက်ပျိုးထားရှိပြီး တစ်နှစ်လျှင် တန်ချိန် ကိုးသောင်းကျော် ထွက်ရှိကြောင်း သိရသည်။

ကွမ်းသီးကို တစ်ကြိမ် ရင်းနှီးစိုက်ပျိုးခြင်းဖြင့် နှစ်ပေါင်း ၃၀ ကျော်အထိ ဝင်ငွေရရှိနိုင်ကာ ပို့ကုန်အလားအလာရှိသည့် သီးနှံဖြစ်ကြောင်း သိရသည်။

နေရာဒေသမရွေး စိုက်ပျိုးနိုင်သည့် ကွမ်းသီးပင်သည် အခြားသီးနှံများနှင့် တွဲဖက် စိုက်ပျိုးပါက ဝင်ငွေတိုးနိုင်သော သီးနှံတစ်မျိုးဖြစ်သည်။

မြန်မာနိုင်ငံ မွန်ပြည်နယ်သည် ကွမ်းသီးစိုက်ပျိုးထွက်ရှိမှု အများဆုံး ပြည်နယ်တစ်ခုဖြစ်ပြီး ယင်းပြည်နယ်အတွင်းရှိ မြို့နယ် ၁၀ မြို့နယ်တွင် ကွမ်းသီးစိုက်ပျိုးလျက်ရှိရာ ရေးမြို့နယ်၌ အများဆုံး စိုက်ပျိုးထွက်ရှိကြောင်း သိရသည်။

ရေးမြို့နယ်သည် မွန်ပြည်နယ်အတွင်း ကွမ်းသီး အဓိကစိုက်ပျိုးသည့် ဒေသတစ်ခုဖြစ်ပြီး စိုက်ပျိုးဧက သိန်းနှင့်ချီရှိကြောင်း ဒေသခံ ကွမ်းသီးစိုက်တောင်သူများထံမှ သိရသည်။

ပြည်တွင်း၌ ကွမ်းသီးကို မွန်ပြည်နယ်အပြင် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင်လည်း စိုက်ပျိုးပြီး ပြည်တွင်းသာမက ပြည်ပနိုင်ငံများဖြစ်သည့် အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့ကိုလည်း အဓိကထား တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**ပန်းဆု**


Commerce

J O U R N A L

**အတိုင်ပင်ခံစာတည်း**

သိန်းထွန်းဦး

ခင်သက်ထား

ဒေါက်တာထိန်လင်း

**စာတည်းမှူးချုပ်**

သန့်စင်မင်း

**တာဝန်ခံစာတည်း**

စိန်သံ

**စာတည်းအဖွဲ့**

ကျော်ကျော်

**လက်ထောက်စာတည်း**

ဖြူဖြူဝင်း၊ ယဉ်ယဉ်အေး

**သတင်းထောက်များ**

ရီလင်းထွင့်(မုံရွာ)၊

ကြည်နိုင်ဦး(အင်းတော်)၊

မင်းဇော်မွန်(ဖျာပုံ)၊

ခင်ဆွေဝင်း(ပြည်)၊

ဝေဝေမင်း(ပြည်)

မင်းမင်းဦး(ပုသိမ်)

ဝင်းဝင်းခိုင်(ပြည်)

သန်းသန်းတင်(မုံရွာ)

စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**

အိမ့်သဇင်ခိုင်၊

**ကြော်ငြာတာဝန်ခံ**

ထွန်းထွန်းဝင်း (၀၉ ၇၇၇ ၁၂၇၂၇၂)

**ထုတ်ဝေသူ**

ဦးမျိုးခိုင်ဝင်း (၀၀၉၇၇)

အမှတ်-၂၂၈/၂၄၀၊

ကမ်းနားလမ်း၊

ပန်းဘဲတန်းမြို့နယ်။

ဖုန်း-၂၅၁၁၉၇၊ ၃၇၁၀၂၃

**ဖြန့်ချီရေး**

အုန်းခင်(၀၉-၄၃၀၄၁၇၄၉)

**ကွန်ပျူတာ**

အိမ့်သဇင်ခိုင်၊ မေသန္တာမိုး

**Layout Design & Graphic Design**

CJ Design Group

**ပုံနှိပ်သူ**

ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**

commercejournal.editor@gmail.com

# မကွေးတိုင်းဒေသကြီး စပါး၊ ဆန်စျေးနှုန်းများ

မကွေးတိုင်းဒေသကြီးသည် ဆန်လိုတိုင်းဒေသကြီး ဖြစ်၍ စပါး အဓိကစိုက်ပျိုးထွက်ရှိရာ အခြား တိုင်းဒေသကြီး၊ ပြည်နယ်များမှ တင်သွင်းရသည်။

ဇန်နဝါရီ ၃ ရက်မှ ၉ ရက်အတွင်း ယခင်တစ်ပတ်ထက် စပါးဧရာပဒေသာတစ်တင်းလျှင် ကျပ် ၁၀၀၀၊ ဧည့်မထ နွေ/မိုးတစ်တင်းလျှင် ကျပ် ၂၀၀၀၊ မကွေးခရိုင်တွင် ပေါ်ဆန်းမွှေးဆန် ၂၄ ပြည်တစ်အိတ်လျှင် ကျပ် ၁၆၀၀၀၊ မနောသုခ ကျပ် ၇၀၀၀၊ ရတနာတိုး ကျပ် ၃၀၀၀၊ မင်းဘူးခရိုင်တွင် ပေါ်ဆန်းမွှေး ကျပ်၅၀၀၀၊ သရက်ခရိုင်တွင် ပေါ်ဆန်းမွှေး ကျပ် ၁၅၀၀၀၊ ဧရာပဒေသာ ကျပ် ၃၀၀၀၊ မနောသုခ ကျပ် ၁၀၀၀ ဖြင့် စျေးနှုန်းမြင့်တက်လာကြောင်း သိရသည်။

ဆန်၊ စပါးစျေးနှုန်းမှာ ပြည်ပသို့ တင်ပို့ရောင်းချသည့် Export လုပ်ငန်းရှင်များက ဆန်စျေးမြင့်ပြီး ဝယ်ယူသည့်အတွက်ကြောင့် ဆန်စပါးစျေးနှုန်းများ မြင့်တက်ရခြင်းဖြစ်ကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီးအတွင်း မင်းဘူးခရိုင်၊ မင်းဘူး၊ ပွင့်ဖြူ စလင်းနှင့် မကွေးခရိုင်၊ မြို့သစ်၊တောင်တွင်းတို့တွင် ဧရာပဒေသာစပါးကိုအဓိကစိုက်ပျိုးကြပြီး ဇန်နဝါရီ ၉ ရက်တွင်ဖြစ်ပေါ်နေသော စပါးစျေးမှာ ဧရာပဒေသာ တစ်တင်းလျှင် ကျပ် ၃၅၀၀၀၊ မနောသုခ(သစ်) ကျပ်၂၃၀၀၀၊ ဧည့်မထ နွေ(အဟောင်း) ကျပ် ၂၂၀၀၀၊ ဧည့်မထမိုး(အသစ်) ကျပ် ၁၉၀၀၀ ဖြစ်ပြီး ဆန်စျေးနှုန်းများမှာ မကွေးခရိုင်တွင် ပေါ်ဆန်းမွှေး ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၁၆၀၀၀၀၊ ဧရာပဒေသာ ကျပ် ၁၄၀၀၀၀၊ မနောသုခ ကျပ် ၉၅၀၀၀၊ ရတနာတိုး ကျပ်၇၅၀၀၀၊ မင်းဘူးခရိုင်တွင် ပေါ်ဆန်းမွှေး ကျပ်၁၂၅၀၀၀၊ ဧရာပဒေသာ ကျပ် ၁၃၀၀၀၀၊ မနောသုခ ကျပ် ၈၅၀၀၀၊သရက်ခရိုင်တွင် ပေါ်ဆန်းမွှေး ကျပ် ၁၄၀၀၀၀၊ ဧရာပဒေသာ ကျပ် ၁၀၅၀၀၀၊ မနောသုခ ကျပ် ၈၀၀၀၀၊ အောင်လံခရိုင်တွင် ပေါ်ဆန်းမွှေး ကျပ် ၁၆၈၀၀၀၊ ဧရာပဒေသာ ကျပ် ၁၂၅၀၀၀၊ မနောသုခ ကျပ် ၇၅၀၀၀၊ ရတနာတိုး ကျပ်၆၅၀၀၀၊ ချောက်ခရိုင်တွင် ပေါ်ဆန်းမွှေး ကျပ် ၁၅၀၀၀၀၊ ဧရာပဒေသာ ကျပ် ၁၅၀၀၀၀၊ မနောသုခ ကျပ် ၉၀၀၀၀၊ ရတနာတိုး ကျပ်၇၀၀၀၀၊ ပခုက္ကူခရိုင်တွင် ပေါ်ဆန်းမွှေး ကျပ် ၁၃၅၀၀၀၊ ဧရာပဒေသာ ကျပ် ၁၂၅၀၀၀၊ မနောသုခ ကျပ် ၉၀၀၀၀၊ ဂန့်ဂေါခရိုင်တွင် ပေါ်ဆန်းမွှေး ကျပ် ၁၆၀၀၀၀ ဧရာပဒေသာ ကျပ် ၁၃၁၀၀၀၊ မနောသုခ ကျပ် ၁၀၀၀၀၀ တို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ကန်ဇောင်းဧရာပဒေသာဆန်မှာ ဆီးချိုသမားများမှ ဝယ်ယူစားသုံးမှုများ၍ ရွှေဘိုပေါ်ဆန်းစျေးနှင့် အတူတူဖြစ်ကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီး မကွေးမြို့သို့ ၂၀၂၄ခုနှစ်၊ ဇန်နဝါရီ ဒုတိယပတ်အထိ အခြားတိုင်းဒေသကြီး၊ ပြည်နယ်များမှ ဆန်စီးဝင်မှုမှာ စပါးအဓိကစိုက်ပျိုးထွက်ရှိသည့် ဧရာဝတီတိုင်းဒေသကြီးမှ ဆန် ၁၄၇၂၂ အိတ်၊ မန္တလေးတိုင်းဒေသကြီးမှ ၅၄၀ အိတ်၊ ရန်ကုန်တိုင်းဒေသကြီးမှ ၁၁၃၀ အိတ်၊ ပဲခူးတိုင်းဒေသကြီးမှ ၁၅၂၃ အိတ်၊ စုစုပေါင်း၁၇၉၁၅ အိတ်၊ ၈၉၅ ဒသမ ၇၅ တန် စီးဝင်ခဲ့ကြောင်း သိရသည်။ **ရဲမင်းသာ**



## အာရှနိုင်ငံများ၏ FOB ဆန်စျေးနှုန်းများ

၁၂-၁-၂၀၂၄ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၆၇၄ | ၆၆၁ | ↓ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၆၅၉ | ၆၄၆ | ↓ | ၆၅၇ | ၆၅၇ | - | | | | ၅၉၇ | ၅၉၇ | - |
| ဆန်ဖြူ ၁၀% | | | | | | | | | | | | |
| ဆန်ဖြူ ၁၅% | | | | | | | | | | | | |
| ဆန်ဖြူ ၂၅% | ၆၂၃ | ၆၁၁ | ↓ | ၆၃၇ | ၆၃၇ | - | | | | ၅၁၇ | ၅၁၇ | - |
| ပေါင်းဆန် | ၆၅၉ | ၆၄၆ | ↓ | - | - | - | - | - | - | - | - | - |

***Source: thairiceexporters***

## ပြည်တွင်းမြို့ကြီး(၁၂-၁-၂၀၂၄)ရက်နေ့ ဆန်၊ စပါးစျေးနှုန်းများ

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၂၀၀၀၀ | - | ၇၄၀၀၀ | - | | | ၁၂၅၀၀၀ | - |
| ပဲခူး | ၁၉၃၂၀ | - | ၇၄၀၀၀ | - | | - | - | |
| စစ်တွေ | ၁၇၉၀၀ | - | ၁၃၂၀၀၀ | - | ၂၄၀၀၀ | - | ၁၉၂၀၀၀ | - |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၁၉၅၀၀ | - | ၇၄၀၀၀ | - | | | ၁၅၄၀၀၀ | - |
| မန္တလေး | ၂၂၀၀၀ | - | ၈၆၀၀၀ | - | | | ၁၅၀၀၀၀ | - |
| မကွေး | ၁၉၅၀၀ | - | ၈၀၀၀၀ | - | | | ၁၄၄၀၀၀ | - |
| မြိတ် | ၂၂၀၀၀ | - | ၇၀၀၀၀ | - | | | ၁၂၀၀၀၀ | - |
| ဘားအံ | ၂၀၀၀၀ | - | ၇၀၀၀၀ | - | | | ၁၁၇၆၀၀ | - |

မှတ်ချက်။ ။ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည် ဆန်စျေးမှာ နတ္တလင်းဆန်စျေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးစျေးမှာ သန်လျင်မြို့နယ်၏ စပါးစျေးနှုန်းဖြစ်ပါသည်။

# ဒီဇင်ဘာလအတွင်း ဆန်နှင့် ဆန်ကွဲ တင်ပို့မှုမှ အမေရိကန်ဒေါ်လာ သန်း ၁၀၀ ကျော်ရရှိ

**ဆန်**

ဒီဇင်ဘာ ၁ ရက်မှ ၃၁ ရက်ထိ ကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၅၅ဒသမ ၅၂၇ သန်းတန်ဖိုးရှိ ဆန်တန်ချိန် ၉၈၈၀၀ ကျော်တင်ပို့သည်။ ဆန်တင်ပို့မှုအနေဖြင့် အာရှနိုင်ငံများသို့ ၆၄၅၄၀ ကျော်၊ အီးယူအဖွဲ့ဝင်နိုင်ငံများသို့ ၁၀၇၈၀ ကျော်၊ အာဖရိကနိုင်ငံများသို့ ၂၃၅၀၀ နှင့် အာရပ်စော်ဘွားများပြည်ထောင်စုသို့ ဆန်တန်ချိန် အနည်းငယ်တင်ပို့သည်။

ဆန်အများဆုံး တင်ပို့သော အာရှနိုင်ငံများမှာ အင်ဒိုနီးရှားနိုင်ငံသို့ ဆန်တန်ချိန် ၃၇၂၂၀ ကျော်၊ ဖိလစ်ပိုင်နိုင်ငံသို့ ဆန်တန်ချိန် ၁၃၁၅၀ ကျော်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ဆန်တန်ချိန် ၇၉၃၀၊ မလေးရှားနိုင်ငံသို့ ဆန်တန်ချိန် ၄၆၁၀ ကျော်၊ ဗီယက်နမ်နိုင်ငံသို့ ဆန်တန်ချိန် ၁၀၃၀၊ ဟောင်ကောင်သို့ ဆန်တန်ချိန် ၂၆၀၊ အရှေ့တီမောနိုင်ငံသို့ ဆန်တန်ချိန် ၂၆၀၊ ဩစတြေးလျနိုင်ငံနှင့် စင်ကာပူနိုင်ငံသို့ ဆန်တန်ချိန် အနည်းငယ် တင်ပို့ခဲ့သည်။

အီးယူအဖွဲ့ဝင်နိုင်ငံများသို့ ဆန်တင်ပို့မှုများမှာ စပိန်နိုင်ငံသို့ ဆန်တန်ချိန် ၂၈၇၀ ကျော်၊ ပိုလန်နိုင်ငံသို့ ဆန် ၂၈၅၈ တန်၊ ချက်သမ္မတနိုင်ငံသို့ ဆန်တန်ချိန် ၁၃၀၉ တန်၊ ဘူလ်ဂေးရီးယားနိုင်ငံသို့ ဆန် ၁၂၇၅တန်၊ ဆလိုဗေးနီးယားနိုင်ငံသို့ ဆန် ၈၃၈ တန်၊ အီတလီနိုင်ငံသို့ ဆန်တန်ချိန် ၆၂၀ ကျော်၊ ဘယ်လ်ဂျီယံနိုင်ငံသို့ ဆန်တန်ချိန် ၄၀၀၊ ခရိုအေးရှားနိုင်ငံသို့ ဆန်တန်ချိန် ၂၅၀ ကျော်၊ လစ်သူရေးနီးယားနိုင်ငံသို့ ဆန်တန်ချိန် ၂၀၀ နှင့် ရိုမေးနီးယားနိုင်ငံသို့ ဆန်တန်ချိန် ၁၅၀ တင်ပို့ခဲ့သည်။

အာဖရိကနိုင်ငံများဖြစ်သော အိုင်ဗရီကို့စ်နိုင်ငံသို့ ဆန်တန်ချိန် ၂၂၀၀၀၊ ကင်မရွန်းနိုင်ငံသို့ ဆန်တန်ချိန် ၁၀၀၀နှင့် တိုဂိုနိုင်ငံသို့ ဆန်တန်ချိန် ၅၀၀တင်ပို့ပြီး အာရပ်စော်ဘွားများပြည်ထောင်စုသို့ ဆန်တန်ချိန် အနည်းငယ်တင်ပို့သည်။

ဒီဇင်ဘာလအတွင်း မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်မှုလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၈ ဒသမ ၁၆၅ သန်းတန်ဖိုးရှိ ဆန်တန်ချိန် ၁၄၄၆၀ ကျော် တင်ပို့သည်။ နည်းလမ်းနှစ်သွယ်မှ ဆန်တင်ပို့မှုတန်ချိန် ၁၁၃၂၆၀ ကျော်ရှိပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၆၃ ဒသမ ၆၉၂ သန်းရရှိသည်။ နိုဝင်ဘာလအတွင်း ဆန်တင်ပို့မှုနှင့် နှိုင်းယှဉ်ပါက ဆန်တန်ချိန် နှစ်သောင်းကျော် ပိုမိုတင်ပို့ခဲ့သည်။

**ဆန်ကွဲ**

ဒီဇင်ဘာ ၁ရက်မှ ၃ရက်ထိကာလအတွင်း ပုံမှန်ကုန်သွယ်မှုလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၃၉ ဒသမ ၆၂၃ သန်းတန်ဖိုးရှိ ဆန်ကွဲတန်ချိန် ၉၁၀၃၀ ကျော် တင်ပို့သည်။ ဆန်ကွဲတင်ပို့မှုအနေဖြင့် အာရှနိုင်ငံများသို့ ဆန်ကွဲတန်ချိန် ၅၃၃၆၀ နှင့် ဥရောပနိုင်ငံများသို့ ဆန်ကွဲတန်ချိန် ၃၇၆၇၀ တင်ပို့သည်။ ဆန်ကွဲတင်ပို့သော အာရှနိုင်ငံများမှာ တရုတ်နိုင်ငံသို့ ဆန်ကွဲတန်ချိန် ၂၀၉၆၀ ကျော်၊ အင်ဒိုနီးရှားနိုင်ငံသို့ ဆန်ကွဲတန်ချိန် ၁၇၇၅၀ ကျော်၊ ဗီယက်နမ်နိုင်ငံသို့ ဆန်ကွဲတန်ချိန် ၇၇၈၀၊ ဖိလစ်ပိုင်နိုင်ငံသို့ ဆန်ကွဲတန်ချိန် ၆၇၆၀နှင့် စင်ကာပူနိုင်ငံသို့ ဆန်ကွဲတန်ချိန် ၁၀၀ ခန့် တင်ပို့သည်။

ဆန်ကွဲတင်ပို့သော ဥရောပနိုင်ငံများမှာ ဘယ်လ်ဂျီယံနိုင်ငံသို့ ဆန်ကွဲတန်ချိန် ၂၄၉၂၀ ကျော်၊ ယူနိုက်တက်ကင်းဒမ်းသို့ ဆန်ကွဲတန်ချိန် ၅၆၂၀ ကျော်၊ နယ်သာလန်နိုင်ငံသို့ ဆန်ကွဲတန်ချိန် ၃၇၅၀၊ ပိုလန်နိုင်ငံသို့ ဆန်ကွဲတန်ချိန် ၁၂၅၀၊ အန်ဒိုရာနိုင်ငံသို့ ဆန်ကွဲတန်ချိန် ၁၀၄၀၊ ချက်သမ္မတနိုင်ငံသို့ ဆန်ကွဲတန်ချိန် ၇၇၈ တန်၊ ပြင်သစ်နိုင်ငံသို့ ဆန်ကွဲတန်ချိန် ၂၅၀ နှင့် ဂျာမနီနိုင်ငံသို့ ဆန်ကွဲတန်ချိန် ၅၀ ကျော် တင်ပို့သည်။

ဒီဇင်ဘာလအတွင်း မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်မှုလမ်း ကြောင်းမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၅၉ သန်း တန်ဖိုးရှိ ဆန်ကွဲတန်ချိန် ၃၇၉၀ ကျော် တင်ပို့ခဲ့သည်။ နည်းလမ်းနှစ်သွယ်မှ ဆန်ကွဲတင်ပို့မှု တန်ချိန် စုစုပေါင်း ၉၄၈၂၀ ကျော်ရှိပြီး တန်ဖိုး အမေရိကန်ဒေါ်လာ ၄၁ ဒသမ ၂၈၂ သန်း ရရှိခဲ့သည်။ ယခင်လဆန်ကွဲတန်ပို့မှုနှင့် နှိုင်းယှဉ်ပါက ဆန်ကွဲတန်ချိန် တစ်သောင်းလေးထောင်ကျော် ပိုမိုတင်ပို့ခဲ့သည်။ ဒီဇင်ဘာလအတွင်း ဆန်နှင့် ဆန်ကွဲတင်ပို့မှု စုစုပေါင်းတန်ချိန် ၂၀၈၀၈၀ ကျော်ရှိပြီး တန်ဖိုး အမေရိကန် ဒေါ်လာ ၁၀၄ ဒသမ ၉၇၄ သန်းရရှိခဲ့သည်။

**DAAT**

# မကွေးကုန်စည်ဒိုင်၏ ပဲ၊ နှမ်း ဈေးနှုန်းဈေးကွက် အခြေအနေ

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မကွေးမြို့ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (မကွေးကုန်စည်ဒိုင်)သို့ စလင်း၊ ဆင်ဖြူကျွန်း၊ သစ်ရာကောက်၊ နတ်မောက်၊ မိကျောင်းရဲ၊ လှျောင်းတော်ဦး၊ ကံသစ်၊ ရွာဟောင်းကန်တို့မှ ထွက်ရှိသော ပဲနှင့် နှမ်းမျိုးစုံတို့ အများဆုံး ဝင်ရောက်လျက်ရှိကြောင်း သိရသည်။

ဇန်နဝါရီလ ပထမပတ်တွင် ကျပ် ၁၀၁၉၀၀-၁၀၂၀၀၀ ဖြစ်ပြီး ဒုတိယပတ်တွင် ပဲစင်းငုံနီ ပိဿာ ၂၀ တစ်တင်းလျှင် ကျပ် ၁၀၈၈၀၀-၁၀၉၇၀၀ဖြစ်၍ ကျပ် ၆၉၀၀-၇၇၀၀ ဈေးမြင့်ခဲ့ကြောင်း၊ ပဲစင်းငုံနီမှာ တစ်ပတ်အတွင်း အိတ် ၆၀၀၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့သည်။

နှမ်းဖြူ ၁၅ ပိဿာ တစ်တင်းလျှင် ယခင်တစ်ပတ်တွင် ကျပ် ၁၂၀၀၀၀ ဖြစ်ပြီး ယခုတစ်ပတ်တွင် ကျပ် ၁၂၃၀၀၀ဖြစ်၍ ကျပ် ၃၀၀၀ ဈေးမြင့်ခဲ့ကြောင်း၊ နှမ်းဖြူမှာ တစ်ပတ်အတွင်း အိတ် ၁၀၀၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့သည်။ မကွေးကုန်စည်ဒိုင်တွင် ပဲစင်းငုံနီနှင့် နှမ်းဖြူတို့မှာ အရောင်းအဝယ် အများဆုံးဖြစ်ပြီး မန္တလေးမှ အများဆုံးဝယ်ယူလျက်ရှိကြောင်း သိရသည်။

မြေပဲလုံးဆန်နီ တစ်ပိဿာလျှင် ယခင်တစ်ပတ်တွင် ကျပ် ၇၅၀၀ ဖြစ်ပြီး ယခုတစ်ပတ်တွင် ကျပ် ၈၂၀၀ ဖြစ်၍ ကျပ် ၇၀၀ ဈေးမြင့်ခဲ့ကြောင်း၊ လုံးဆန်ဖြူ တစ်ပိဿာလျှင် ယခင်ပတ်တွင် ကျပ်၆၅၀၀ဖြစ်ပြီး ယခုအပတ်တွင် ကျပ် ၇၁၀၀ ဖြစ်၍ ကျပ် ၆၀၀ ဈေးမြင့်ခဲ့ကြောင်း၊ လုံးဆန်နီနှင့် လုံးဆန်ဖြူမှာ တစ်ပတ်အတွင်း အိတ် ၂၀၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ရှမ်းပြည်နယ် တောင်ကြီးမြို့မှ အများဆုံးဝယ်ယူလျက်ရှိကြောင်း၊ ကျန် ပဲ၊ နှမ်းသီးနှံများမှာ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

ဇန်နဝါရီ ၉ ရက်တွင် မကွေးကုန်စည်ဒိုင်၌ သီးနှံဈေးနှုန်းများမှာ နှမ်းနက်စမုန် ၁၅ ပိဿာတစ်တင်းလျှင် ကျပ်၁၁၆၀၀၀၊နှမ်းဖြူ ၁၅ ပိဿာ တစ်တင်းလျှင် ကျပ်၁၂၃၀၀၀၊ နှမ်းနီ(မကွေး) ၁၅ ပိဿာ တစ်တင်းလျှင် ကျပ် ၁၀၁၀၀၀-၁၀၂၀၀၀၊ နှမ်းနီ(နယ်စ) ၁၅ ပိဿာ တစ်တင်းလျှင် ကျပ် ၉၈၀၀၀၊ ပဲမျိုးစုံအနေဖြင့် ပဲတီစိမ်း ၂၀ ပိဿာ တစ်တင်းလျှင် ကျပ် ၆၂၀၀၀၊ ပဲနောက် ၂၀ ပိဿာတစ်တင်းလျှင် ကျပ်၅၀၀၀၀၊ ပဲလွန်းဝါ ၁၉ ပိဿာ တစ်တင်းလျှင် ကျပ် ၅၄၀၀၀-၅၅၀၀၀ ကုလားပဲ(929) ၁၉ ပိဿာ တစ်တင်းလျှင် ကျပ်၉၄၀၀၀၊ ကုလားပဲ(HL) ၁၉ ပိဿာ တစ်တင်းလျှင် ကျပ် ၉၃၅၀၀၊ ပဲကြီးဖြူ(လတ်) ၁၉ ပိဿာ တစ်တင်းလျှင် ကျပ်၁၂၀၀၀၀၊ ပဲကြီးဖြူ(သေး) ၁၉ တစ်ပိဿာ တစ်တင်းလျှင် ကျပ် ၁၃၀၀၀၀၊ ပဲကြီးမဲ (ချင်း) ၁၉ ပိဿာ တစ်တင်းလျှင် ကျပ်၈၅၀၀၀၊ ပဲစင်းငုံနီ ၂၀ ပိဿာ တစ်တင်းလျှင် ကျပ် ၁၀၈၈၀၀-၁၀၉၇၀၀၊ မတ်ပဲ ၂၀ ပိဿာတစ်တင်းလျှင် ကျပ်၉၂၀၀၀၊ စားတော်ပဲ ၂၀ ပိဿာ တစ်တင်းလျှင် ကျပ် ၁၁၇၀၀၀-၁၂၀၀၀၀၊ မြေပဲလုံးဆန်နီ တစ်ပိဿာလျှင် ကျပ်၈၂၀၀၊ လုံးဆန်ဖြူ တစ်ပိဿာလျှင် ကျပ်၇၀၀၀-၇၁၀၀၊ မြေပဲဆန်(အောက်ကျ)တစ်ပိဿာလျှင် ကျပ် ၅၀၀၀ တို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

**လင်းကိုကိုဖြိုး**

# ပြည်ပဲနီပြားပဲနှင့် ပဲလွမ်းဖြူသစ် ဈေးနှုန်းဈေးကွက်

ပြည်ပဲဈေးကွက်မှာ ပဲသီးနှံအားလုံးလိုလို ဈေးအမြင့်ဖြင့် ရောင်းဝယ်လျက်ရှိကြရာ နှစ်ဆန်းပိုင်းကာလနှင့် ပြည်ပဝယ်လိုအားရှိသော မတ်ပဲ၊ ပဲစင်းငုံ၊ ပဲတီစိမ်းသီးနှံများလည်း ဈေးနှုန်းများဆက်တိုက်မြင့်လာသလို ပြည်တွင်းဝယ်လက်များနှင့် ပြည်တွင်းစားသုံးမှုများသော ပဲနီပြားသီးနှံအနေဖြင့် ဈေးကွက်မှာ ဈေးတရိပ်ရိပ် ထပ်တက်လာခဲ့သည်။

ယခု ဇန်နဝါရီလလယ်တွင် ပိဿာ ၂၀ တစ်တင်း ကျပ် ၁၄၀၀၀၀မှ ၁၄၅၀၀၀ အထိ ဈေးမြင့်တက်လာခဲ့သည့်အတွက် ပဲဈေးကွက်မှာ ပဲအားလုံးရဲ့ ဈေးနှုန်းများထက် အမြင့်ဆုံးဖြစ်ခဲ့သည်ဟု သိရသည်။ ယခုကာလ ပဲနီပြားသီးနှံသည် ပဲသစ်ဝင်ရောက်ခြင်းမရှိသေးဘဲ ပဲဟောင်းလက်ကျန်များဖြင့်သာ အရောင်းအဝယ်ဖြစ်နေခဲ့ပြီး ယခင်နှစ်ကပဲနီပြား သီးနှံဈေးသည် နှစ်ဆန်းပိုင်းကာလတွင် ပိဿာ ၂၀ တစ်တင်း ကျပ် ငါးသောင်းကျော်သာရရှိခဲ့သည့်အတွက် ယခုနှစ်တွင် ဈေးနှုန်းများ သိသိသာသာ မြင့်တက်လာလို့ လှော်ပဲသမားအချို့ အကျိုးအမြတ်ပိုခဲ့သည်ဟု သိရသည်။

ပြည်ပဲဈေးကွက်သို့ ဆောင်းပဲသစ်များ နေ့စဉ်ဝင်ရောက်လျက်ရှိနေပြီး ပဲလွမ်းဖြူသီးနှံသည်လည်း ပဲသစ်များ နေ့စဉ်ဝင်ရောက်မှု များလာပြီဖြစ်သည်။ အိတ် ၁၀၀ ကျော် ဝင်ရောက်လာခဲ့ပြီး လက်လီ/လက်ကား ဝယ်ယူမှုများဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကာ ဝင်ရောက်လာသမျှ ရောင်းချရကြောင်း သိရသည်။

ဒေသတွင်း လက်လီဝယ်လက်သမားများ နေ့စဉ်အိတ် ၂၀၊ ၃၀ ကျော် အဝယ်ရှိသလို လက်ကားဝယ်လက်များကလည်း အိတ် ၁၀၀ ကျော်အထိ အဝယ်ရှိကြောင်း သိရသည်။ ပဲသစ်ဈေးနှုန်း ပိဿာ ၂၀ တစ်တင်းလျှင် ကျပ် ၆၁၀၀၀ ဖြင့် ပဲသစ်အဖွင့်ဈေးထက် ဈေးအနည်းငယ်ပိုလာခဲ့သည်။ ယခုနှစ်အတွင်း အခြားပဲများ ဈေးကောင်းရခဲ့သော်လည်း ပဲလွမ်းဖြူသီးနှံသည် ဈေးကွက်အတွင်း အခြားပဲများအားလုံးထက် ဈေးလျော့နည်း အရောင်းအဝယ်ဖြစ်ခဲ့သည်။

**ခင်ဆွေဝင်း (ပြည်)**

# ဒီဇင်ဘာလအတွင်း ပဲတန်ချိန် ကိုးသောင်းကျော် တင်ပို့



ဒီဇင်ဘာ ၁ ရက်မှ ၃၁ ရက်ထိ တစ်လတာ ကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၅၉ ဒသမ ၀၈၅ သန်း တန်ဖိုးရှိ မတ်ပဲတန်ချိန် ၆၂၀၀၀ နီးပါး၊ အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၀၉၄ သန်း တန်ဖိုးရှိ ပဲတီစိမ်းတန်ချိန် ၂၆၆၀၀ ခန့်၊ အမေရိကန်ဒေါ်လာ ၃ ဒသမ ၆၂၂ သန်း တန်ဖိုးရှိ ပဲစင်းငုံတန်ချိန် ၃၄၄၀ ခန့်တင်ပို့ခဲ့သဖြင့် စုစုပေါင်း အမေရိကန် ဒေါ်လာ ၈၁ ဒသမ ၇၀၁ သန်း တန်ဖိုးရှိ ပဲမျိုးစုံတန်ချိန် ၉၂၀၀၀ ခန့် တင်ပို့ခဲ့ကြောင်း သိရှိရသည်။

**မတ်ပဲ**

မတ်ပဲတင်ပို့မှုများကို နိုင်ငံအလိုက်ဖော်ပြရသော် အိန္ဒိယနိုင်ငံ သို့ တန်ချိန် ၄၇၃၄၀၊ ပါကစ္စတန်နိုင်ငံသို့ တန်ချိန် ၆၇၀၀၊ စင်ကာပူနိုင်ငံသို့ တန်ချိန် ၂၂၃၀ နီးပါး၊ မလေးရှားနိုင်ငံသို့ တန်ချိန် ၁၁၈၀ ခန့်၊ ထိုင်းနိုင်ငံသို့ တန်ချိန် ၁၀၈၀ နီးပါး၊ နီပေါသို့ တန်ချိန် ၉၀၀ ကျော်၊ ဗီယက်နမ်နိုင်ငံသို့ တန်ချိန် ၅၈၀ ခန့်၊ အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်နိုင်ငံသို့ တန်ချိန် ၁၀၀၊ အင်္ဂလန်နိုင်ငံသို့ ၇၅ တန်၊ အာရပ်စော်ဘွားများနိုင်ငံသို့ တန်ချိန် ၁၂၃၀ နီးပါး တင်ပို့ခဲ့ပြီး အီးယူနိုင်ငံများသို့လည်း တင်ပို့ခဲ့သည်။

**ပဲတီစိမ်း**

ပဲတီစိမ်းကို နိုင်ငံအလိုက် တင်ပို့မှုအနေဖြင့် ဖော်ပြရသော် ဗီယက်နမ်နိုင်ငံသို့ တန်ချိန် ၉၅၄၀ ခန့်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ တန်ချိန် ၉၁၀၀ နီးပါး၊ အင်ဒိုနီးရှားနိုင်ငံသို့ တန်ချိန် ၅၄၈၀၊ စင်ကာပူနိုင်ငံသို့ တန်ချိန် ၄၆၀၊ မလေးရှားနိုင်ငံသို့ တန်ချိန် ၄၂၀၊ ဖိလစ်ပိုင်နိုင်ငံသို့ တန်ချိန် ၁၀၆၀၊ အီးယူနိုင်ငံများသို့ တန်ချိန် ၃၀၀ တင်ပို့ခဲ့ပြီး ထိုင်ဝမ်၊ကိုရီးယားနှင့် အမေရိကသို့လည်း တင်ပို့ခဲ့သည်။


**ပဲစင်းငုံ**

ပဲစင်းငုံကို အိန္ဒိယနိုင်ငံသို့အများဆုံးတင်ပို့ပြီး တန်ချိန် ၃၃၃၀၊ စင်ကာပူနိုင်ငံသို့ ၈၅ တန် တင်ပို့ပြီး ကိုရီးယား၊ မလေးရှား၊ ဂျပန်နှင့် ကနေဒါနိုင်ငံတို့သို့ အနည်းငယ်စီတင်ပို့ခဲ့သည်။

ဒီဇင်ဘာလအတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ တန်ချိန်စုစုပေါင်း ၉၂၀၀၀ ခန့် တင်ပို့ခဲ့သဖြင့် ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၈၁ ဒသမ ၇၀၁ သန်း ရရှိခဲ့ကြောင်း သိရှိရသည်။

**CJ**

# ပြည်ဈေးကွက်တွင် မြေပဲဆန်ဈေးမှာ ယခင်နှစ်ကာလတူဈေးထက် ပိုမြင့်တက်



ပြည်ခရိုင်အတွင်းရှိပြည်ဈေးကွက်သို့ ဆောင်းမြေပဲဆန်များကို ပြည်မြို့အနီးတစ်ဝိုက် ကျေးရွာများ၊ ပြည်-အောင်လံကြားရှိကျေးရွာများနှင့် ရွှေတောင်မြို့ရှိ ကျေးရွာများဖြစ်သော ကျီးသဲ၊ ညောင်စာရေး ကျေးရွာများမှ နေ့စဉ် ပိဿာ၃၀၀ဝင်အိတ် ၇၀၀/ ၈၀၀ခန့် ဝင်ရောက်မှုရှိသည်။ ပြည်ဈေးကွက်သို့ ဝင်ရောက်လာသော မြေပဲဆန်များကို ရန်ကုန်၊ မန္တလေးဝယ်လက်များနှင့် ဒေသတွင်း ဆီစက်သမားများက အဝယ်ရှိ၍ နေ့စဉ်အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ပြည်ခရိုင်အနေဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မိုးမြေပဲ စိုက်ဧကမှာ ၄၁၃၀၈ စိုက်ပျိုးပြီး ၄၁၃၀၈ ဧကရိတ်သိမ်းခဲ့၍ တစ်ဧကအထွက်နှုန်းမှာ ၇၀ ဒသမ ၁၇ တင်းထွက်ရှိခဲ့သည်။ ယခုအချိန်တွင် ဆောင်းမြေပဲများ စိုက်ပျိုးနေချိန်ဖြစ်၍ စိုက်ဧကမှာ ၃၁၀၁၄ ဧက စိုက်ပျိုးထားရှိကြောင်း သိရသည်။ စိုက်ပျိုးသည့်မျိုးများမှာ စပိန်မျိုး၊ ရေဆင်းမျိုး၊ တွန်တာနီ၊ ဆင်းပဒေသာနှင့် မကွေးမျိုးတို့ဖြစ်သည်။

မြေပဲဆန်ဈေးများအနေဖြင့် ယခုဇန်နဝါရီ ဒုတိယပတ်တွင် မြေပဲဆီကြိတ်ဆန်(အဖြူ) တစ်ပိဿာလျှင် ကျပ် ၆၅၀၀၊ မြေပဲဆီကြိတ်ဆန်(အနီ)တစ်ပိဿာလျှင် ကျပ် ၇၂၀၀ နှင့် မြေပဲလုံးဆန် (အဖြူ) တစ်ပိဿာလျှင် ကျပ် ၇၀၀၀၊ (အနီ)တစ်ပိဿာလျှင် ကျပ် ၇၈၀၀ ဖြင့် ပြည်ဈေးကွက်ရှိ ပွဲရုံများတွင် လက်လီ၊ လက်ကား ရောင်းချလျက်ရှိသည်။

ယခင်နှစ်ဖြစ်သော ၂၀၂၃ ဇန်နဝါရီလဆန်းပိုင်းတွင် ရောင်းချခဲ့သော မြေပဲဆန်ဈေးနှုန်းများမှာ မြေပဲဆီကြိတ်ဆန် တစ်ပိဿာလျှင် ကျပ် ၄၃၀၀၊ မြေပဲလုံးဆန်တစ်ပိဿာလျှင် ကျပ် ၅၅၀၀ ဖြင့် မန္တလေး ဝယ်လက်များနှင့် မြို့တွင်းဆီစက်များက ဝယ်ယူမှုရှိခဲ့သည်။

ထို့ကြောင့် မြေပဲဆန်ဈေးများကို ယခင်နှစ်နှင့် ယခုနှစ်ကာလတူအချိန်ဈေးနှုန်းနှိုင်းယှဉ်ကြည့်လျှင် ယခုနှစ်တွင် ဈေးနှုန်းပိုမိုမြင့်တက်လာကြောင်း တွေ့ရသည်။ ထိုသို့ဈေးနှုန်းများမြင့်တက်လာရခြင်းမှာ ဝယ်လိုအားအပေါ် မူတည်၍ ဈေးနှုန်းအတက်အကျရှိကြောင်း သိရသည်။

**ဝေဝေမင်း (ပြည်)**

Vol: 24, No.2 Monday January 15 2024

## အသိပေးကြေညာချက်

ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်

မြန်မာ-ထိုင်း နှစ်နိုင်ငံ ကုန်သွယ်ရေးဆောင်ရွက်လျက်ရှိသည့် မြဝတီကုန်သွယ်ရေးဇုန်မှ တင်ပို့၊ တင်သွင်းခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် နှောင့်နှေးကြန့်ကြာမှု မရှိစေရေးအတွက် ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် မြဝတီကုန်သွယ်ရေးဇုန်မှတစ်ဆင့် နယ်စပ်မှ တင်ပို့ရန် ပို့ကုန်လိုင်စင်ခွင့်ပြုချက် ရရှိပြီးသော ပစ္စည်းများအား မြန်မာ-ထိုင်း နယ်စပ်ရှိ အခြားမည်သည့် ကုန်သွယ်ရေးစခန်းမှမဆို စခန်းပြောင်းလဲ တင်ပို့ခွင့်ပြုပေးသွားမည်ဖြစ်သကဲ့သို့ ပင်လယ်ရေကြောင်းမှ တင်ပို့လိုပါကလည်း ပြောင်းလဲခွင့်ပြုပေးသွားမည်ဖြစ်ပါသည်။

အလားတူ သွင်းကုန်လုပ်ငန်းရှင်များအနေဖြင့် ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်နေ့မတိုင်မီ မြဝတီကုန်သွယ်ရေးဇုန်မှ တင်သွင်းရန်အတွက် သွင်းကုန်လိုင်စင်ခွင့်ပြုချက်ရရှိပြီးသော ကုန်ပစ္စည်းများအား မြန်မာ-ထိုင်းနယ်စပ်ရှိ အခြားမည်သည့် ကုန်သွယ်ရေးစခန်းမှမဆို စခန်းပြောင်းလဲခွင့်ပြုပေးသွားမည်ဖြစ်ပြီး ပင်လယ်ရေကြောင်းမှ တင်သွင်းလိုပါက ရင်းနှီးမြှုပ်နှံမှုနှင့် ထုတ်လုပ်မှုလုပ်ငန်းသုံးစက်ပစ္စည်းများနှင့် ကွန်တိန်နာဖြင့် သယ်ဆောင်ရသည့် စက်မှုကုန်ကြမ်းပစ္စည်းများကို ကိစ္စရပ်တစ်ခုချင်း အပေါ် မူတည်၍ စိစစ်ခွင့်ပြုပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်သွယ်ရေးဦးစီးဌာန

# E-Market Platform ပေါ်ရှိ MSME ထုတ်ကုန်အရောင်းပြခန်းဖွင့်

စက်မှုဝန်ကြီးဌာန၏ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ ကျင်းပပြုလုပ်သည့် E-Market Platform ပေါ်ရှိ MSME ထုတ်ကုန်အရောင်းပြပွဲ ဖွင့်ပွဲအခမ်းအနားကို မင်းဓမ္မလမ်းနှင့် ကျိုက်ဝိုင်းဘုရားလမ်းထောင့်ရှိ MSME Center တွင် ကျင်းပပြုလုပ်ခဲ့သည်။

အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် E-Market Platform ပေါ်ရှိ MSME ထုတ်ကုန်အရောင်းပြခန်း ဖြစ်ပေါ်လာပုံနှင့် စပ်လျဉ်း၍ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်က ရှင်းလင်းတင်ပြပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတို့က ပြခန်းဆိုင်းဘုတ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ပြီး ပြခန်းဖွင့်လှစ်ခြင်းအတွက် မှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးခဲ့ကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက E-Market Platform ပေါ်ရှိ MSME ထုတ်ကုန်အရောင်းပြခန်းအား လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ထို့နောက် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက E-Market Platform ပေါ်ရှိMSME ထုတ်ကုန်အရောင်းပြခန်းနှင့်စပ်လျဉ်း၍ လမ်းညွှန်ချက်စကား ပြောကြားခဲ့ပြီး ဖွင့်ပွဲအခမ်းအနား အောင်မြင်စွာပြီးမြောက်ခဲ့သည်။

**မြသူ (DOCAYGN)**

# ဗီယက်နမ်က အိန္ဒိယတွင် လျှပ်စစ်ကားများ ထုတ်လုပ်မည်

ဗီယက်နမ်နိုင်ငံ အခြေစိုက် လျှပ်စစ်မော်တော်ယာဉ် ထုတ်လုပ်သည့် Vinfast ကုမ္ပဏီသည် အိန္ဒိယနိုင်ငံတွင် တပ်ဆင်ထုတ်လုပ်မှုများ ပြုလုပ်ရန်အတွက် သဘောတူညီချက်လက်မှတ်ရေးထိုးပြီး ကမ္ဘာ့တတိယအကြီးဆုံး မော်တော်ယာဉ်ဈေးကွက်သို့ ဝင်ရောက်လာခဲ့ကြောင်း သိရှိခဲ့သည်။




Vinfast နှင့် အိန္ဒိယနိုင်ငံ တာမီနာဒု ပြည်နယ်အစိုးရတို့သည် ဒေါ်လာ ၂ ဘီလီယံကျော်ထိ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် သဘောတူညီမှုရရှိထားပြီး ပထမဆုံး ၅ နှစ်တာကာလအတွက် နှစ်စဉ် ဒေါ်လာ ၅၀၀ မီလီယံ ပမာဏကို စီမံကိန်းတွင် ရင်းနှီးမြှုပ်နှံသွားရန် ရည်ရွယ်ထားကြောင်း ပူးတွဲကြေညာချက် ထုတ်ပြန်ခဲ့သည်။

လျှပ်စစ်ကားများနှင့် ဘက်ထရီများထုတ်လုပ်မည့်စက်ရုံကို ယခုနှစ်တွင် စတင်တည်ဆောက်သွားရန် မျှော်လင့်ထားပြီး ပြည်တွင်းဒေသခံများအတွက် အလုပ်အကိုင် အခွင့်အလမ်း ၃၀၀၀ မှ ၃၅၀၀ ထိ ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

၂၀၁၇ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည့် Vinfast သည် ၂၀၂၁ မှ စတင်၍ လျှပ်စစ်ကားများ ထုတ်လုပ်ခဲ့ပြီး ပြည်ပနိုင်ငံများတွင်လည်း လျှပ်စစ်ကားများ ထုတ်လုပ်သွားရန် အစီအစဉ်ရှိကြောင်း ကြေညာခဲ့သည်။

Vinfast မှ တာမီနာဒုစီမံကိန်းမှာ ဒေသ၏ ပထမတန်းစား လျှပ်စစ်ကားထုတ်လုပ်ရာ ဗဟိုချက်ဖြစ်လာပြီး နှစ်စဉ် မော်တော်ယာဉ် ၁၅၀၀၀၀ ထိ ထုတ်လုပ်နိုင်ရန် မျှော်မှန်းထားကြောင်း သိရသည်။ တာမီနာဒုပြည်နယ်အစိုးရသည် ထုတ်လုပ်မှုအတွက် ဝန်ဆောင်မှုများ၊ လျှပ်စစ်ပါဝါထောက်ပံ့မှုနှင့် အခြေခံအဆောက်အအုံအတွက် ပံ့ပိုးမှုများ ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

လွန်ခဲ့သည့်နှစ်က အိန္ဒိယနိုင်ငံ၏ လျှပ်စစ်ကားအမျိုးအစား ရောင်းချရမှုမှာ ကားအမျိုးအစားအားလုံး ရောင်းချရမှု၏ ၂ ရာခိုင်နှုန်းသာရှိပြီး နိုင်ငံတော်အစိုးရက ၂၀၃၀ ပြည့်နှစ်တွင် ၃၀ ရာခိုင်နှုန်းထိ ရောင်းချနိုင်ရန် မျှော်လင့်ထားကြောင်း သိရသည်။

**Source: Nikkei Asia**

**မြသူ (DOCA YGN)**

## မြန်မာ့ဆိပ်ကမ်းတွင် ၁၂ . ၁ . ၂၀၂၄ ရက် ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| ကြည့်မြင်တိုင်ဆီဆိပ်ကမ်း | MT.BAIJHINIA | P.Oil (In Bulk) ၅၂၀၀တန်ချဆဲ |
| အေးရှားဝေါလ်ဆိပ်ကမ်း အမှတ်(၃) | ISEACO GENESIS | ကုန်သေတ္တာ ၇၃၁ တင် ၁၀၄၆ ချဆဲ |
| | SITC CHENMING | ကုန်သေတ္တာ၉၅၈ တင် ၃၃၃ ချဆဲ(ပူးတွဲလုပ်ဆောင်) |
| | SINAR BAJO | ကုန်သေတ္တာ ၁၀၃၉တင် ၇၀၆ ချဆဲ(ပူးတွဲလုပ်ဆောင်) |
| | KOTA RANCAK | ကုန်သေတ္တာ ၁၆၉ တင်၁၇၀ ချဆဲ (ပူးတွဲလုပ်ဆောင်) |
| | IAL-001 | ကုန်သေတ္တာ ၄၄၀ တင်၆၃၃ ချဆဲ (ပူးတွဲလုပ်ဆောင်) |
| | METHI BHUM | ကုန်သေတ္တာ ၅၉၀ တင်၈၂၄ ချဆဲ (ပူးတွဲလုပ်ဆောင်) |
| အလုံဆိပ်ကမ်းအမှတ်(၁) | TTP-68 | ဆန်တန်ချိန် ၄၇၀၀ တင်ဆဲ(ပူးတွဲလုပ်ဆောင်) |
| Yangon Int'l Gateway Terminalဆိပ်ကမ်း | YONG SHENG -151 | ပြောင်းတန်ချိန် ၁၁၅၀၀တန်တင်ဆဲ |
| စက်မှုဆိပ်ကမ်းအမှတ်(၃) | T12 APPLE | ကုန်သေတ္တာ ၃၀၆ တင်၃၇၁ ချဆဲ (ပူးတွဲလုပ်ဆောင်) |
| စက်မှုဆိပ်ကမ်းအမှတ်(၄) | SINAR BANDUNG | ကုန်သေတ္တာ၇၁၀ တင်၆၇၈ချဆဲ(ပူးတွဲလုပ်ဆောင်) |
| ဆူးလေဆိပ်ကမ်းအမှတ်(၅) | PIRRIHOIUS | ဆန် ၂၀၀၀၀ တန်တင်ဆဲ(ပူးတွဲလုပ်ဆောင်) |
| သီလဝါဆိပ်ကမ်းအမှတ်(၁) | AS SOPHIA | ကုန်သေတ္တာ ၂၇၁ တင်၅၅၈ချဆဲ (ပူးတွဲလုပ်ဆောင်) |
| WILMAR JETTY | MT.AU GEMINI | P.Oil (In Bulk) ၄၃၀၀တန်ချဆဲ |
| IBTT ဆိပ်ကမ်း | HUPEH | ဂျုံ တန်ချိန် ၂၈၁၇၀ တန်ချဆဲ |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| VINASHIP GOLD | ပြောင်းဖူး ၁၂၈၀၀ တန်တင်ရန် | PHILLIPPINES | ၁၅.၁.၂၀၂၄ |
| YONG SHENG -98 | ပြောင်းဖူး ၆၆၀၀ တန်တင်ရန် | PHILLIPPINES | ၁၅.၁.၂၀၂၄ |
| SEMARINA | ဆန်တန်ချိန် ၂၆၅၀၀ တန်ချရန် | BELGIUM | ၁၅.၁.၂၀၂၄ |
| RUIDA-19 | RT Steel &Equipment တန်ချိန် ၁၅၈၇၃ တန်ချရန် | CHINA | ၁၇.၁.၂၀၂၄ |
| PIONEER ELITE | ပြောင်းဖူး ၁၁၀၀၀ တန်တင်ရန် | PHILLIPPINES | ၂၀.၁.၂၀၂၄ |
| PIONEER FORTUNE | ပြောင်း ၂၀၀၀၀ တန်တင်ရန် | THAILAND | ၂၀.၁.၂၀၂၄ |
| VTC PHOENIX | Corn ၂၀၀၀၀ တန်တင်ရန် | THAILAND | ၂၅.၁.၂၀၂၄ |
| THERESA GRACE | ဂျုံ တန်ချိန် ၁၈၀၀ တန်ချရန် | USA | ၃၁.၁.၂၀၂၄ |
| HS GLORY | ဆန်တန်ချိန် ၁၈၀၀၀ တန်တင်ရန် | INDONESIA | ၂၈.၁.၂၀၂၄ |
| PIONEER IRENE | ပြောင်းဖူး ၁၀၅၀၀ တန်တင်ရန် | THAILAND | ၁.၂.၂၀၂၄ |
| BBC ONYX (ပူးတွဲလုပ်ဆောင်) | (6)Units Rail Cars ၁၉၅ ချရန် | SPAIN | ၃.၂.၂၀၂၄ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| METHI BHUM | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၃.၁.၂၀၂၄ |
| MSC FORTUNE F | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၃.၁.၂၀၂၄ |
| KOTA RANCAK | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၄.၁.၂၀၂၄ |
| SITC CHENMING | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၄.၁.၂၀၂၄ |
| T12 APPLE | SINGAPORE | စက်မှုဆိပ်ကမ်း | ၁၄.၁.၂၀၂၄ |
| AS SOPHIA | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၁၅.၁.၂၀၂၄ |
| BL PL FAITH | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၅.၁.၂၀၂၄ |
| MCC ANDALAS | SINGAPORE | စက်မှုဆိပ်ကမ်း | ၁၅.၁.၂၀၂၄ |
| METHI BHUM | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၅.၁.၂၀၂၄ |
| ISEACO WISDOM | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၆.၁.၂၀၂၄ |
| LUDWIG SCHULTE | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၁၆.၁.၂၀၂၄ |
| PETKUM | SINGAPORE | သီလဝါ/အေးရှားဝေါလ်ဆိပ်ကမ်း | ၁၇.၁.၂၀၂၄ |
| CONTRIVIA | SINGAPORE | စက်မှုဆိပ်ကမ်း | ၁၇.၁.၂၀၂၄ |
| MSC ANDREA F | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၈.၁.၂၀၂၄ |
| SINAR BANDUNG | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၉.၁.၂၀၂၄ |
| TCI ARJUN | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၉.၁.၂၀၂၄ |
| BL PL BLESSING | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၉.၁.၂၀၂၄ |
| SITC CHUNMING | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၄.၁.၂၀၂၄ |

## ၂၈-၁၂-၂၀၂၃ မှ ၁၀-၁-၂၀၂၄ ရက်အထိ Online CO Application မှ CO / Product Card / CE လျှောက်ထားမှုစာရင်း

| No | Form Tpye | New | Amend | Extension | Cancel | True Copy | Total |
|---|---|---|---|---|---|---|---|
| 1. | Certificate of Origin (COs) | | | | | | |
| | Form A | 769 | 10 | - | - | 2 | 781 |
| | Form AANZ | 18 | - | - | - | - | 18 |
| | Form AHK | - | - | - | - | - | 4 |
| | Form AI | 478 | 1 | - | - | - | 479 |
| | Form AJ | 33 | 1 | - | - | - | 34 |
| | Form AK | 277 | 4 | - | - | - | 281 |
| | Form CHINA | 1 | - | - | - | - | 1 |
| | Form D | - | - | - | - | - | 0 |
| | Form DFTP | 11 | - | - | - | - | 11 |
| | Form E | 672 | 12 | - | - | - | 684 |
| | Form Korea | 25 | - | - | - | - | 25 |
| | E Form D | 461 | - | - | - | - | 461 |
| 2. | Product Card | - | - | - | - | - | 0 |
| 3. | Certified Exporter | - | - | - | - | - | 0 |
| | Total | 3745 | 28 | - | - | 2 | 2775 |

# ပုဇွန်တောင်ဈေးအတွင်း ရောင်းချနေသော ဈေးနှုန်းများ

ဇန်နဝါရီ ဒုတိယပတ်အတွင်း ရန်ကုန်မြို့ ပုဇွန်တောင်ဈေးအတွင်းရှိ အသား၊ ငါးဈေးနှုန်းများမှာ ဝက်သား တစ်ပိဿာလျှင် ကျပ် ၁၆၀၀၀၊ ဘဲသားတစ်ပိဿာလျှင် ကျပ် ၁၂၀၀၀ -၁၄၀၀၀၊ ဆိတ်သား တစ်ပိဿာလျှင် ကျပ် ၂၈၀၀၀၊ အမဲသားတစ်ပိဿာလျှင် ကျပ် ၁၈၀၀၀၊ မွေးမြူရေးကြက်တစ်ပိဿာလျှင် ကျပ် ၉၀၀၀-၁၀၀၀၀၊ မြန်မာကြက် တစ်ပိဿာလျှင် ကျပ် ၁၉၀၀၀-၂၁၀၀၀၊ ငါးကြင်းတစ်ပိဿာလျှင် ကျပ် ၁၃၀၀၀-၁၄၀၀၀၊ ငါးမြစ်ချင်း တစ်ပိဿာလျှင် ကျပ် ၆၀၀၀-၇၀၀၀ နှင့် ပင်လယ်ငါး တစ်ပိဿာလျှင် ကျပ် ၆၀၀၀-၇၀၀၀ ထိလည်းကောင်း ဈေးနှုန်းအသီးသီးဖြင့် ပုဇွန်တောင်ဈေးအတွင်း အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

စားအုန်းဆီ တစ်ပိဿာလျှင် ကျပ် ၅၁၅၀၊ ပဲဆီ(ရှယ်) တစ်ပိဿာလျှင် ကျပ် ၁၅၀၀၀ ဖြင့်လည်းကောင်း၊ ကြက်သွန်နီဆိုဒ်စုံ တစ်ပိဿာလျှင် ကျပ် ၃၈၀၀ - ၅၀၀၀ - ၅၂၀၀ ၊ ကြက်သွန်ဖြူ(ဥ) တစ်လုံး တစ်ပိဿာလျှင် ကျပ် ၂၀၀၀၀-၂၂၀၀၀၊ ကြက်သွန်ဖြူ(အမွှာ) တစ်ပိဿာလျှင် ကျပ် ၁၉၀၀၀၊ ကြက်သွန်ဖြူ (ကြူကုတ်) တစ်ပိဿာလျှင် ကျပ် ၁၄၀၀၀၊ အာလူး တစ်ပိဿာလျှင် ကျပ် ၃၄၀၀၊ နနွင်းမှုန့် တစ်ပိဿာလျှင် ကျပ် ၁၃၀၀၀၊ နနွင်းတက် တစ်ပိဿာလျှင် ကျပ် ၇၀၀၀၊ အိုင်အိုဒင်းဆား/ ရိုးရိုးဆား တစ်ထုပ်လျှင် ကျပ် ၅၀၀၊ ငရုတ်တောင့်(ရှည်) တစ်ပိဿာလျှင် ကျပ် ၁၈၀၀၀၊ ငရုတ်တောင့်(ပု) တစ်ပိဿာလျှင် ကျပ် ၂၄၀၀၀၊ မြန်မာပဲနီလေး တစ်ပိဿာလျှင် ကျပ် ၁၄၀၀၀၊ ပဲဝါလေး တစ်ပိဿာလျှင် ကျပ် ၄၆၀၀၊ ကုလားပဲခြမ်း တစ်ပိဿာလျှင် ကျပ် ၆၄၀၀၊ ချင်း တစ်ပိဿာလျှင် ကျပ် ၇၀၀၀ - ၈၀၀၀ ဖြင့်လည်းကောင်း ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။ **East (DOCA)**

## ပခုက္ကူကုန်စည်ဒိုင်တွင် အညာဒေသထွက် နှမ်းမျိုးစုံ ဈေးကောင်းရလျက်ရှိ

ပခုက္ကူခရိုင် ပခုက္ကူမြို့နယ်နှင့် ဂန့်ဂေါခရိုင်တို့တွင် နှမ်းမျိုးစုံကို သီးထပ်အဖြစ် အဓိကစိုက်ပျိုးကြသည်။ စိုက်ပျိုးထွက်ရှိသော နှမ်းအမျိုးအစားများမှာ နှမ်းဝါ၊ နှမ်းနီ၊ နှမ်းနက်၊ နှမ်းညို၊ နှမ်းဖြူနှင့် စမုန်နှမ်းနက်တို့ကို ပခုက္ကူမြို့နယ် ကံတော်၊ ကံလှ၊ တွင်းမ၊ ဒဟက်ခြောက်၊ အိုးရင့်ခြောက်တောင်း၊ ကွဲတဲ၊ ပန်းတိုင်းခြုံရွာများတွင် စိုက်ပျိုးကြသည်။ ပခုက္ကူကုန်စည်ဒိုင်သည် စီးပွားရေး အချက်အချာကျပြီး နယ်ပေါင်းစုံမှ ဝင်ရောက်ပြီး အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ဇန်နဝါရီလ ဒုတိယပတ် ပခုက္ကူကုန်စည်ဒိုင်တွင် အရောင်းအဝယ်ဖြစ်နေသော နှမ်းအမျိုးအစားများမှာ နှမ်းနက်စမုန်(ရှယ်)၊ နှမ်းစမုန်(ရိုးရိုး)၊ နှမ်းနက်(ဂွ)၊ နှမ်းဝါ၊ နှမ်းညိုတို့ဖြစ်ပြီး၊ ဇန်နဝါရီလ ဒုတိယပတ်၏ ဈေးနှုန်းများမှာ နှမ်းနက်စမုန်(ရိုးရိုး) တစ်တင်းလျှင် ကျပ် ၉၀၀၀၀ မှ ၁၁၇၀၀၀ ၊ နှမ်းနက်စမုန်(ရှယ်) တစ်တင်းလျှင် ကျပ် ၁၂၀၀၀၀၊ နှမ်းနက်(ဂွ) တစ်တင်းလျှင် ကျပ်၁၀၂၀၀၀ ကျပ်၊ နှမ်းဖြူ တစ်တင်းလျှင်ကျပ် ၁၀၈၀၀၀ နှင့် နှမ်းဝါ (ပြင်) တစ်တင်းလျှင် ကျပ် ၉၄၀၀၀ ဖြစ်ပြီး စုစုပေါင်း အရောင်းအဝယ်ဖြစ်မှု အိတ်ရေမှာ ၄၀၀၀ ကျော် အရောင်းအဝယ်ဖြစ်နေကြောင်း ပခုက္ကူကုန်စည်ဒိုင်မှ သိရသည်။

**လှိုင်ဥမ္မာဦး (ပခုက္ကူ)**



## ဘုရင့်နောင် ကုန်စည်ဒိုင်ရှိ ကြက်သွန်နီ ဝင်ရောက်ရာဒေသများနှင့် ဈေးနှုန်းများ

ရန်ကုန်မြို့သို့ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှ ဝင်ရောက်လာသည့် ကြက်သွန်နီများသည် အနောက်ပိုင်းခရိုင်၊ စားသုံးသူရေးရာဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ ဘုရင့်နောင်ကုန်စည်ဒိုင်သို့ နေ့စဉ် မော်တော်ယာဉ်များဖြင့် ဝင်ရောက်လျက်ရှိသည်။

ပွဲရုံများ၏ ကြက်သွန်နီ လက်ကျန် အခြေအနေများအား အမှန်ကန်ဆုံး သိရှိနိုင်ရန်အတွက် ဘုရင့်နောင်ပွဲရုံဝင်းအတွင်းရှိ ကြက်သွန်နီပွဲရုံ ၄၀ အနက် Random စနစ်ဖြင့် ပွဲရုံ ၁၀ ရုံအား မေးမြန်းချက်များအရလည်းကောင်း၊ ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြက်သွန်နီ နေ့စဉ်ဝင်ရောက်မှု စာရင်းများအရလည်းကောင်း၊ ကြက်သွန်နီ လက်ကျန်အခြေအနေအား နေ့စဉ် စုံစမ်းလျက်ရှိသည်။

ဇန်နဝါရီ ၂ ရက်မှ ဇန်နဝါရီ ၈ ရက်အထိ ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြက်သွန်နီ ဝင်ရောက်ရာဒေသများဖြစ်သည့် ဆိပ်ဖြူ၊ မြင်းခြံ၊ ပခုက္ကူ၊ မိတ္ထီလာ၊ မြစ်သားဒေသတို့မှ ကြက်သွန်နီ ပိဿာ ၉၇၂၀၀၀ ဝင်ရောက်ခဲ့ပြီး ၆၀ ရာခိုင်နှုန်းခန့် ပြန်လည်စီးထွက်မှုရှိကြောင်းသိရှိရသည်။ ထို့ကြောင့် ကြက်သွန်နီ လက်ကျန်မှာ ပိဿာ ၃၈၈၈၀၀ ကျန်ရှိကြောင်း ကုန်စည်ဒိုင် သတင်းအရ သိရသည်။

ပခုက္ကူ ကြက်သွန်နီ (အသစ်) အချော တစ်ပိဿာ ကျပ် ၁၈၀၀၊ အသန့်မှာ တစ်ပိဿာ ကျပ် ၂၃၀၀၊ အကြီးမှာ ကျပ် ၃၀၀၊ မြင်းခြံ ကြက်သွန်နီ(အသစ်) အချော တစ်ပိဿာ ကျပ် ၁၆၀၀၊ အသန့်မှာ တစ်ပိဿာ ကျပ် ၂၃၀၀၊ အကြီးမှာ ကျပ် ၂၈၀၀၊ ရှယ်မှာ ကျပ် ၃၀၀၀၊ မြစ်သား ကြက်သွန်နီ (အသစ်) အချော တစ်ပိဿာ ကျပ် ၃၁၀၀၊ အသန့်မှာ တစ်ပိဿာ ကျပ် ၃၅၀၀၊ အကြီးမှာ ကျပ် ၃၅၀၀၊ ရှယ်မှာ ကျပ် ၃၅၀၀၊ ဆိပ်ဖြူ ကြက်သွန်နီ(အသစ်)အချော တစ်ပိဿာ ကျပ် ၁၆၀၀၊ အသန့် တစ်ပိဿာ ကျပ် ၂၂၀၀၊ အကြီးမှာ ကျပ် ၂၈၀၀၊ ရှယ်မှာ ကျပ် ၃၀၀၀၊ မိတ္ထီလာ ကြက်သွန်နီ(အသစ်) အချော တစ်ပိဿာ ကျပ် ၁၈၀၀၊ အသန့်မှာ တစ်ပိဿာ ကျပ် ၂၃၀၀ ၊ အကြီး ကျပ် ၃၀၀၀၊ ရှယ် ကျပ် ၃၃၀၀ ဈေးတို့အသီးသီးရှိကြောင်း စုံစမ်းသိရသည်။ **West DOCA (TTY)**

## ပြည်ပဆန်ဈေးနှုန်းများ

မြန်မာနိုင်ငံဆန် စပါးအသင်းချုပ်မှ (၁၀-၁-၂၀၂၄ မှ ၁၆-၁-၂၀၂၄) ထိ ဆန်ဈေးနှုန်းများ

| စဉ် | အမျိုးအမည် | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|
| 1 | Myanmar Long Grain White Rice 5% Broken (Well Milled Double Polished Sortexed) | 570 - 580 | |
| 2 | Myanmar Long Grain White Rice 10% Broken (Well Milled Double Polished Sortexed) | 565 - 575 | |
| 3 | Myanmar Long Grain White Rice 15% Broken (Well Milled Double Polished Sortexed) | 560 - 565 | |
| 4 | Myanmar Long Grain White Rice 25% Broken (Well Milled Double Polished Sortexed) | 550 - 560 | |
| 5 | Myanmar Long Grain White Rice 25% Broken (Reasonable Well Milled) | 535 - 545 | |
| 6 | Myanmar Long Grain White Rice (Kayinma) 5% Broken(Well Milled Double Polished Sortexed) | 580 - 590 | |
| 7 | Myanmar Long Grain White Rice (Kayinma) 10% Broken(Well Milled Double Polished Sortexed) | 570 - 580 | |
| 8 | Myanmar Long Grain White Rice (Kayinma) 15% Broken(Well Milled Double Polished Sortexed) | 560 - 570 | |
| 9 | Myanmar Long Grain White Rice (Kayinma) 25% Broken(Well Milled Double Polished Sortexed) | 550 - 560 | |
| 10 | Myanmar White Rice (Sin Thu Kha) 5% Broken (Well Milled Double Polished Sortexed) | 570 - 575 | |
| 11 | Myanmar White Rice (Sin Thu Kha) 10% Broken (Well Milled Double Polished Sortexed) | 565 - 570 | |
| 12 | Myanmar White Rice (Sin Thu Kha) 15% Broken (Well Milled Double Polished Sortexed) | 560 - 565 | |
| 13 | Myanmar White Rice (Sin Thu Kha) 25% Broken (Well Milled Double Polished Sortexed) | 555 - 560 | |
| 14 | Myanmar White Rice Nga Sein Yarkyaw 5% Broken (Well Milled Double Polished Softexed) | 570 - 580 | |
| 15 | Myanmar White Rice Nga Sein Yarkyaw 10% Broken (Well Milled Double Polished Softexed) | 560 - 570 | |
| 16 | Myanmar White Rice Nga Sein Yarkyaw 15% Broken (Well Milled Double Polished Softexed) | 555 - 560 | |
| 17 | Myanmar White Rice Nga Sein Yarkyaw 25% Broken (Well Milled Double Polished Softexed) | 540 - 550 | |
| 18 | Myanmar White Rice Tun Pu(or)Bike Phyu 5% Broken (Well Milled Double Polished Sortexed) | 580 - 590 | |
| 19 | Myanmar White Rice Tun Pu(or)Bike Phyu 10% Broken (Well Milled Double Polished Sortexed) | 570 - 580 | |
| 20 | Myanmar White Rice Tun Pu(or)Bike Phyu 15% Broken (Well Milled Double Polished Sortexed) | 560 - 570 | |
| 21 | Myanmar White Rice Tun Pu(or)Bike Phyu 25% Broken (Well Milled Double Polished Sortexed) | 550 - 560 | |
| 22 | Myanmar Parboiled Rice (Kayinma) 5% Broken (Well Milled Double Polished Sortexed) | 640 - 650 | |
| 23 | Myanmar Parboiled Rice (Kayinma) 10% Broken (Well Milled Double Polished Sortexed) | 630 - 640 | |
| 24 | A-1 , 2 (Sortexed) | 440 - 450 | |
| 25 | B-1 , 2 (Sortexed) | 430 - 440 | |
| 26 | B-1,2 (Non-Sortexed) | 410 - 420 | |

Source : မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်

## ပြည်တွင်းဆီဈေးနှုန်းများ (၁၂-၁-၂၀၂၄)

*ကျပ်/ပိဿာ*

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| မန္တလေး | ၁၂၀၀၀ | ၁၂၀၀၀ | - | ၁၂၅၀၀ | ၁၂၅၀၀ | - | ၅၆၅၀ | ၅၆၅၀ | - |
| ပဲခူး | ၁၄၀၀၀ | ၁၄၀၀၀ | - | ၁၅၀၀၀ | ၁၅၀၀၀ | - | ၅၄၀၀ | ၅၄၀၀ | - |
| မကွေး | ၁၂၅၀၀ | ၁၂၅၀၀ | - | ၁၃၀၀၀ | ၁၃၀၀၀ | - | ၅၅၀၀ | ၅၅၀၀ | - |
| ပြည် | ၁၃၀၀၀ | ၁၃၀၀၀ | - | ၁၃၀၀၀ | ၁၃၀၀၀ | - | ၅၅၀၀ | ၅၇၀၀ | - |
| စစ်တွေ | ၂၂၀၀၀ | ၂၂၀၀၀ | - | | | | ၅၄၀၀ | ၅၄၀၀ | - |
| နေပြည်တော် | ၁၄၀၀၀ | ၁၄၀၀၀ | - | ၁၄၀၀၀ | ၁၄၀၀၀ | - | ၅၃၀၀ | ၅၃၀၀ | - |




# ၂၀၂၄ ခုနှစ် ကမ္ဘာ့စီးပွားရေး အလားအလာ

မြင့်မားသောအတိုးနှုန်း၊ ငွေကြေးဖောင်းပွမှု မြင့်တက်နေခြင်း၊ ကုန်သွယ်မှု ကျဆင်းခြင်းနှင့် တရုတ်နိုင်ငံ၏ စီးပွားရေး ကျဆင်းနေခြင်းတို့ကြောင့် ၂၀၂၄ ခုနှစ် ကမ္ဘာ့စီးပွားရေး ကျဆင်းနိုင်ကြောင်း၊ ၂၀၂၂ ခုနှစ်နှင့် ၂၀၂၃ ခုနှစ်တို့တွင် ကမ္ဘာ့စီးပွားရေး ကျဆင်းခဲ့သောကြောင့် ၂၀၂၄ ခုနှစ်သည် တတိယနှစ်အဖြစ် ဆက်တိုက်ကျဆင်းနိုင်ကြောင်း ကမ္ဘာ့ဘဏ်က ခန့်မှန်းထားသည်။

ကမ္ဘာ့စီးပွားရေးသည် ၂၀၂၄ ခုနှစ်တွင် ၂ ဒသမ ၄ ရာခိုင်နှုန်းသာ တိုးတက်နိုင်ကြောင်း ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ပထမပတ်တွင် ကမ္ဘာ့ဘဏ်က ခန့်မှန်းထားသည်။ ကမ္ဘာ့စီးပွားရေးသည် ၂၀၂၃ ခုနှစ်တွင် ၂ ဒသမ ၄ ရာခိုင်နှုန်း၊ ၂၀၂၂ ခုနှစ်တွင် ၃ ရာခိုင်နှုန်းနှင့် ၂၀၂၁ ခုနှစ်တွင် ၆ ဒသမ ၂ ရာခိုင်နှုန်း အသီးသီးတိုးတက်ခဲ့သည်။ ၂၀၂၁ ခုနှစ်တွင် ၆ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်ခဲ့ခြင်းသည် ၂၀၂၀ ပြည့်နှစ် ကပ်ရောဂါကာလနောက်ပိုင်း စီးပွားရေး ပြန်လည် ကောင်းမွန်လာမှုကို ထင်ဟပ်စေမည်ဖြစ်သည်။

အထူးသဖြင့် အစ္စရေး-ဟားမတ်စ်နှင့် ရုရှား-ယူကရိန်း ပဋိပက္ခများကြောင့် ဖြစ်ပေါ်လာသော ကမ္ဘာလုံးဆိုင်ရာတင်းမာမှု တိုးမြင့်လာခြင်းက စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အားနည်းစေသည်။ ထို့ပြင် အကြွေးဝန်ပိနေသည့် ဆင်းရဲသောနိုင်ငံများသည် ရာသီဥတုဖောက်ပြန်မှုနှင့် ဆင်းရဲမွဲတေမှုကို တိုက်ဖျက်ရန်အတွက် လိုအပ်သော ရင်းနှီးမြှုပ်နှံမှုများ မပြုလုပ်နိုင်ကြောင်း တွေ့ရှိရသည်။ "ကမ္ဘာ့စီးပွားရေးဟာ ကာလတို ဖွံ့ဖြိုးတိုးတက်မှု အားနည်းနေဦးမယ်၊ ဖွံ့ဖြိုးဆဲနိုင်ငံ အများအပြား အထူးသဖြင့် အဆင်းရဲဆုံးနိုင်ငံတွေ အကြွေးထောင်ချောက်ထဲ ပိတ်မိနေပါမယ်၊ လူသုံးဦးမှာ တစ်ဦးလောက် စားနပ်ရိက္ခာ အခက်အခဲဖြစ်နေပါလိမ့်မယ်"ဟု ကမ္ဘာ့ဘဏ်စီးပွားရေးပညာရှင် Indermit Gill က ပြောကြားထားသည်။

မကြာသေးမီနှစ်များအတွင်း ကမ္ဘာ့စီးပွားရေးသည် တုန်လှုပ်ချောက်ချားဖွယ်ရာ (Shock) အမျိုးမျိုး ခံနိုင်ရည်ရှိကြောင်း သက်သေပြခဲ့သည်။ အဆိုပါ တုန်လှုပ်ချောက်ချားဖွယ်ရာများမှာ ကိုဗစ်-၁၉ ကပ်ရောဂါ၊ ရုရှား-ယူကရိန်း ပဋိပက္ခ၊ ဈေးနှုန်းမြင့်တက်မှုကို ထိန်းချုပ်ရန် ဗဟိုဘဏ်များ၏ အတိုးနှုန်းမြှင့်တင်မှုနှင့် ငွေကြေးဖောင်းပွမှုတို့ဖြစ်သည်။ ကမ္ဘာ့စီးပွားရေးသည် ၂၀၂၃ ခုနှစ်တွင် ခန့်မှန်းထားသည်ထက် ရာခိုင်နှုန်းထက်ဝက် ပိုမိုမြန်ဆန်လာသောကြောင့် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးကျဆင်းမှုအန္တရာယ် (Risk of a global recession) မရှိတော့ကြောင်း၊ Global recession မရှိနိုင်သော်လည်း ၂၀၂၄ ခုနှစ် စီးပွားရေးတိုးတက်မှုသည် ၂၀၂၃ ခုနှစ် စီးပွားရေးတိုးတက်မှုထက် ပိုမိုနိမ့်ကျနိုင်ကြောင်း ကမ္ဘာ့ဘဏ်က ကောက်ချက်ချထားသည်။

၂၀၂၃ ခုနှစ်တွင် အမေရိကန်စီးပွားရေးသည် ၂ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။ အမေရိကန်စီးပွားရေးသည် ကမ္ဘာ့ဘဏ်က ၂၀၂၃ ခုနှစ် နှစ်လယ်ပိုင်းတွင် မျှော်လင့်ထားသည်ထက် ၁ ဒသမ ၄ ရာခိုင်နှုန်း ပိုမိုမြန်ဆန်စွာ တိုးတက်ခဲ့သည်။ နိုင်ငံပေါင်း ၁၈၉ နိုင်ငံရှိ ဆင်းရဲ နွမ်းပါးမှု တိုက်ဖျက်ရေးအေဂျင်စီ (189-country anti-poverty agency) ဖြစ်သော ကမ္ဘာ့ဘဏ်က ၂၀၂၄ ခုနှစ်အတွင်း အမေရိကန်စီးပွားရေးသည် ၁ ဒသမ ၆ ရာခိုင်နှုန်းအထိ တိုးတက်မှု

> မကြာသေးမီနှစ်များအတွင်း ကမ္ဘာ့စီးပွားရေးသည် တုန်လှုပ်ချောက်ချားဖွယ်ရာ (Shock) အမျိုးမျိုး ခံနိုင်ရည်ရှိကြောင်း သက်သေပြခဲ့သည်။ အဆိုပါ တုန်လှုပ်ချောက်ချားဖွယ်ရာများမှာ ကိုဗစ်-၁၉ ကပ်ရောဂါ၊ ရုရှား-ယူကရိန်း ပဋိပက္ခ၊ ဈေးနှုန်းမြင့်တက်မှုကို ထိန်းချုပ်ရန် ဗဟိုဘဏ်များ၏ အတိုးနှုန်းမြှင့်တင်မှုနှင့် ငွေကြေးဖောင်းပွမှုတို့ဖြစ်သည်။

နှေးကွေးသွားနိုင်ကြောင်း ခန့်မှန်းထားသည်။ အဘယ်ကြောင့်ဆိုသော် အမေရိကန်နိုင်ငံ၏ အတိုးနှုန်းမြင့်မားခြင်းက ချေးငွေနှင့် အသုံးစရိတ်များ အားနည်းသွားစေနိုင်သောကြောင့်ဖြစ်သည်။

အမေရိကန်ဗဟိုဘဏ် (Federal Reserve) သည် ၂၀၂၂ ခုနှစ် မတ်လမှစတင်၍ အမေရိကန်နိုင်ငံ၏ အတိုးနှုန်းကို ၁၁ ကြိမ် မြှင့်တင်ခဲ့သည်။ ထိုကဲ့သို့ အတိုးနှုန်း အကြိမ်ကြိမ် မြှင့်တင်ခဲ့သော ကြိုးပမ်းမှုများကြောင့် နှစ်ပေါင်းလေးဆယ်အတွင်း အမြင့်ဆုံးရောက်ရှိခဲ့သော ငွေကြေးဖောင်းပွမှုသည် ၂၀၂၂ ခုနှစ် နှစ်လယ်ပိုင်းတွင် ကျဆင်းခဲ့သည်။ အကျိုးဆက်အနေဖြင့် ၂၀၂၃ ခုနှစ်တွင် ၅ ဒသမ ၃ ရာခိုင်နှုန်းရှိခဲ့သော ကမ္ဘာ့ငွေကြေးဖောင်းပွမှုသည် ၂၀၂၄ ခုနှစ်တွင် ၃ ဒသမ ၇ ရာခိုင်နှုန်းနှင့် ၂၀၂၅ ခုနှစ်တွင် ၃ ဒသမ ၄ ရာခိုင်နှုန်း အသီးသီး ကျဆင်းနိုင်မည်ဟု ကမ္ဘာ့ဘဏ်က မျှော်မှန်းထားသည်။

အမေရိကန်ပြီးလျှင် ကမ္ဘာ့ဒုတိယအကြီးဆုံး တရုတ်၏စီးပွားရေးသည် ၂၀၂၃ ခုနှစ်တွင် ၅ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။ ယခု ၂၀၂၄ နှစ်တွင် ၄ ဒသမ ၅ ရာခိုင်နှုန်းနှင့် ၂၀၂၅ ခုနှစ်တွင် ၄ ဒသမ ၃ ရာခိုင်နှုန်းတိုးတက်ရန် အလားအလာရှိသည်။ ထို့ ကြောင့်


**သိန်းမြင့်ဝေ**

တရုတ်နိုင်ငံ၏ စီးပွားရေးသည် ၂၀၂၃ ခုနှစ်ထက် သိသိသာသာ ကျဆင်းသွားနိုင်ကြောင်း တွေ့ရှိရသည်။ တရုတ်နိုင်ငံ၏ စီးပွားရေးသည် ဆယ်စုနှစ်များစွာ ကမ္ဘာလုံးဆိုင်ရာ တိုးတက်မှုအတွက် ဦးဆောင်ဦးရွက်ပြုသည့် အင်ဂျင်စက်ဖြစ်ခဲ့သည်။ သို့သော်လည်း မကြာသေးမီနှစ်များအတွင်း တရုတ်နိုင်ငံ၏ စီးပွားရေး ကမောက်ကမဖြစ်ခဲ့သည်။ ၎င်း၏ အိမ်ရာများစွာ ဆောက်လုပ်ထားသော အိမ်ခြံမြေဈေးကွက်(overbuilt property market) တုန်လှုပ်သွားခဲ့သည်။ လူငယ် အလုပ်လက်မဲ့ များပြားလာသောကြောင့် နိုင်ငံ၏ စားသုံးမှုကျဆင်းလျက်ရှိသည်။ ထို့ပြင် တရုတ်နိုင်ငံ၏ လူဦးရေသည် သက်ကြီးရွယ်အို များပြားလာသောကြောင့် နိုင်ငံ၏ စီးပွားရေး တိုးတက်မှုစွမ်းရည် (capacity for growth) ကို နှေးကွေးစေကြောင်း တွေ့ရသည်။

တရုတ်နိုင်ငံ၏ စီးပွားရေးတိုးတက်မှု ကျဆင်းသွားခြင်းသည် ကျောက်မီးသွေးထုတ်လုပ်သည့် တောင်အာဖရိကနှင့် ကြေးနီတင်ပို့သည့် ချီလီတို့ကဲ့သို့ တရုတ်ဈေးကွက်ကို ကုန်စည်ထောက်ပံ့နေသည့် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ထိခိုက်ဖွယ်ရှိလာနိုင်သည်။

ယူရိုငွေကြေးသုံးစွဲသည့် နိုင်ငံပေါင်း ၂၀ သည် ၂၀၂၃ ခုနှစ်တွင် သုည ဒသမ ၄ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး ယခုနှစ် ၂၀၂၄ တွင် သုညဒသမ ၇ ရာခိုင်နှုန်း တိုးတက်လာနိုင်သောကြောင့် အနည်းငယ် ပိုမိုတိုးတက်ရန် အလားအလာရှိသည်။ ဂျပန်၏ စီးပွားရေးသည် သုည ဒသမ ၉ ရာခိုင်နှုန်းသာ တိုးတက်နိုင်သောကြောင့် ၂၀၂၃ ခုနှစ် စီးပွားရေးတိုးတက်မှု၏ ထက်ဝက်ခန့်သာ တိုးတက်နိုင်သည်။

**Source: pbs.org**



# ဒီဇင်ဘာလအတွင်း ဓာတ်မြေဩဇာနှင့် ဘိလပ်မြေ တင်သွင်းမှုအခြေအနေ

**ဓာတ်မြေဩဇာ**

ဒီဇင်ဘာ ၁ ရက်မှ ၃၁ ရက်ထိကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၅၂ ဒသမ ၀၉၃ သန်း တန်ဖိုးရှိ ဓာတ်မြေဩဇာတန်ချိန် ၁၅၀၀၀၀ ခန့် တင်သွင်းခဲ့သည်။

တင်သွင်းမှုများအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တန်ချိန် ၆၁၀၀၀ ခန့်၊ အိုမန်နိုင်ငံမှ တန်ချိန် ၅၀၀၀၀ ကျော်၊ ဂျပန်နိုင်ငံမှ တန်ချိန် ၁၂၀၀၀ ခန့်၊ ဘာရိန်းနိုင်ငံမှ တန်ချိန် ၈၅၀၀ ကျော်၊ ဗီယက်နမ်နိုင်ငံမှ တန်ချိန် ၆၀၀၀ ကျော်၊ ဂျာမနီနိုင်ငံမှ တန်ချိန် ၃၀၀၀ ကျော်၊ ဥဇဘက်ကစ္စတန်နိုင်ငံမှ တန်ချိန် ၂၀၀၀ ကျော်၊ တောင်ကိုရီးယားနိုင်ငံမှ တန်ချိန် ၁၅၀၀ခန့်၊ ဘီလာရုစ်နိုင်ငံမှ တန်ချိန် ၈၀၀ ကျော်၊ ထိုင်းနိုင်ငံမှ တန်ချိန် ၅၀၀ ခန့်၊ မလေးရှားနိုင်ငံမှ တန်ချိန် ၇၀ ကျော်၊ အင်ဒိုနီးရှားနိုင်ငံမှ တန်ချိန် ၃၀ ကျော်၊ အိန္ဒိယနိုင်ငံမှ တန်ချိန် ၂၀ ခန့် တင်သွင်းခဲ့ကြောင်း သိရသည်။

ဒီဇင်ဘာလအတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဓာတ်မြေဩဇာတန်ချိန် အများဆုံး တင်သွင်းခဲ့ကြောင်း သိရသည်။ အနီးစပ်ဆုံးကာလနှင့် နှိုင်းယှဉ်ပါက ပင်လယ်ရေကြောင်းမှ ဓာတ်မြေဩဇာ တန်ချိန် ၈၀၀၀၀ ကျော် ပိုမိုတင်သွင်းခဲ့ကြောင်း သိရသည်။

နယ်စပ်ကုန်သွယ်မှုမှ ဒီဇင်ဘာ ၁ ရက်မှ ၃၁ ရက်ထိကာလအတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၀၆၆ သန်း တန်ဖိုးရှိဓာတ် မြေဩဇာတန်ချိန် ၁၀၀ ကျော် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တင်သွင်းခဲ့ကြောင်း သိရသည်။ အနီးစပ်ဆုံးကာလနှင့် နှိုင်းယှဉ်ပါက နယ်စပ်ကုန်သွယ်မှုမှ ဓာတ်မြေဩဇာ တန်ချိန်၈၀၀ ကျော် ပိုမိုတင်သွင်းခဲ့ကြောင်း သိရသည်။

**ဘိလပ်မြေ**

ဒီဇင်ဘာလ ၁ ရက်မှ ၃၁ ရက်ထိ ကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၁၀၇ သန်း တန်ဖိုးရှိ ဘိလပ်မြေတန်ချိန် ၆၀၀ ကျော် တင်သွင်းခဲ့သည်။ တင်သွင်းမှုများအနေဖြင့် မလေးရှားနိုင်ငံမှ တန်ချိန် ၅၀၀ ကျော်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တန်ချိန် ၁၀၀ ကျော် တင်သွင်းခဲ့ကြောင်းသိရသည်။

နယ်စပ်မှ ဒီဇင်ဘာလ ၁ ရက်မှ ၃၁ ရက်ထိ ကာလအတွင်း အမေရိကန် ဒေါ်လာ သုည ဒသမ ၅၂၂ သန်း တန်ဖိုးရှိ ဘိလပ်မြေတန်ချိန် ၆၅၀၀ ခန့် ထိုင်းနိုင်ငံမှ တင်သွင်းခဲ့ကြောင်း သိရသည်။ အနီးစပ်ဆုံးကာလနှင့်နှိုင်းယှဉ်ပါက နယ်စပ်မှ ဘိလပ်မြေ တန်ချိန် ၁၀၀၀ ခန့် ပိုမိုတင်သွင်းခဲ့ကြောင်း သိရသည်။

အိန္ဒ (DOT)

# ဒီဇင်ဘာလအတွင်း နို့ဆီ၊ နို့မှုန့်နှင့်ဆေးဝါးပစ္စည်းများ တင်သွင်းမှုအခြေအနေ

**နို့ဆီ**

ဒီဇင်ဘာလ ၁ရက်မှ ၃၁ရက်အထိ ကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၅၅ သန်း တန်ဖိုးရှိ နို့ဆီတန်ချိန် ၈၅၀ကျော် တင်သွင်းခဲ့သည်။ တင်သွင်းမှုများအနေဖြင့် မလေးရှားနိုင်ငံမှ တန်ချိန် ၄၀၀ကျော်၊ စင်ကာပူနိုင်ငံမှ တန်ချိန် ၄၀၀ ခန့် တင်သွင်းခဲ့သည်။ အနီးစပ်ဆုံးကာလနှင့် နှိုင်းယှဉ်ပါက ပင်လယ်ရေကြောင်းမှ နို့ဆီတန်ချိန် ၃၀၀ ကျော် ပိုမိုတင်သွင်းခဲ့ကြောင်း သိရသည်။

**နို့မှုန့်**

ဒီဇင်ဘာလ ၁ ရက်မှ ၃၁ ရက်အထိ ကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၃၁၂ သန်းတန်ဖိုးရှိ နို့မှုန့် တန်ချိန် ၇၀၀ ကျော် တင်သွင်းခဲ့သည်။ တင်သွင်းမှုများအနေဖြင့် နယူးဇီလန်နိုင်ငံမှ တန်ချိန် ၆၀၀ ကျော်၊ အိုင်ယာလန်နိုင်ငံမှ တန်ချိန် ၁၀၀ ကျော် တင်သွင်းခဲ့သည်။ အနီးစပ်ဆုံးကာလနှင့် နှိုင်းယှဉ်ပါက ပင်လယ်ရေကြောင်းမှ နို့မှုန့်တန်ချိန် ၃၀၀ ကျော် လျော့နည်း တင်သွင်းခဲ့ကြောင်း သိရသည်။

**ဆေးဝါးပစ္စည်းများ**

ဒီဇင်ဘာလ ၁ ရက်မှ ၃၁ ရက်အထိ ကာလအတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၃၀ ဒသမ ၅၁၉သန်း တန်ဖိုးရှိ ဆေးဝါးပစ္စည်းများ တန်ချိန် ၁၃၀၀ ကျော် တင်သွင်းခဲ့သည်။ ယခုတစ်ပတ်တွင် အာဂျင်တီးနား၊ ဘယ်လ်ဂျီယံနိုင်ငံ၊ ဆွစ်ဇာလန်နိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဘရာဇီးနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဆိုက်ပရပ်စ်နိုင်ငံ၊ အီကွေဒေါနိုင်ငံ၊ ဂျာမနီနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ အိုင်ယာလန်နိုင်ငံ၊ အီတလီနိုင်ငံ၊ ဂျပန်နိုင်ငံ၊ တောင်ကိုရီးယားနိုင်ငံ၊ မလေးရှားနိုင်ငံ၊ နယ်သာလန်နိုင်ငံ၊ ပါကစ္စတန်နိုင်ငံ၊ စပိန်နိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ပေါ်တူဂီနိုင်ငံ၊ ထိုင်းနိုင်ငံ၊ အမေရိကန်ပြည်ထောင်စုနှင့် ဗီယက်နမ်နိုင်ငံတို့မှ တင်သွင်းခဲ့ကြောင်း သိရသည်။ အနီးစပ်ဆုံးကာလနှင့် နှိုင်းယှဉ်ပါက ပင်လယ်ရေကြောင်းမှ ဆေးဝါးပစ္စည်းများ တန်ချိန် ၄၀၀ ကျော် လျော့နည်းတင်သွင်းခဲ့ကြောင်း သိရသည်။

အိန္ဒ (DOT)

စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ
(၈.၁.၂၀၂၄)ရက်နေ့မှ (၁၄.၁.၂၀၂၄)ရက်နေ့အထိ ရည်ညွှန်းဈေးနှုန်းထုတ်ပြန်ရန်
ခန့်မှန်းကုန်ကျစရိတ်စာရင်းနှင့် အရင်းဈေးတွက်ချက်မှု

| | |
|---|---|
| Quantity (MT) | 1000 |
| CIF Price (USD/MT) | 885 |
| ငွေလဲနှုန်း | 2963 |
| Customs ငွေလဲနှုန်း | 2100 |

| စဉ် | အကြောင်းအရာ | တွက်ချက်နှုန်း | ၁၀၀၀ တန် ကုန်ကျစရိတ် | (၁) ပိဿာကုန်ကျစရိတ် |
|---|---|---|---|---|
| ၁ | သွင်းကုန်လိုင်စင်ကြေး | | 93,600 | 0.15 |
| ၂ | TT ဘဏ်စရိတ်ငွေလွှဲခ | 1000 MT x CIF x ငွေလဲနှုန်း x 0.125% | 3,277,819 | 5.35 |
| ၃ | စားအုန်းဆီအလျော့ | 1000 MT x 1% x CIF x ငွေလဲနှုန်း | 26,222,550 | 42.82 |
| ၄ | ဆီကန်သိုလှောင်ထိန်းသိမ်းခ | 1000 MT x 612.39 Viss x MMK 31 | 18,984,090 | 31.00 |
| ၅ | ကုန်သွယ်လုပ်ငန်းခွန် | 1000 MT x CIF x Customs ငွေလဲနှုန်း x 5% | 92,925,000 | 151.74 |
| ၆ | MITS စစ်ဆေးခ | 1000 MT x MMK 600 | 600,000 | 0.98 |
| ၇ | FDA + Lab Test | | 440,000 | 0.72 |
| ၈ | ဆိပ်ကမ်းကပ်ခ | 1000 MT x USD 3.15 x ငွေလဲနှုန်း | 9,333,450 | 15.24 |
| ၉ | ဆီအသင်းရန်ပုံငွေ | 1000 MT x MMK 600 | 600,000 | 0.98 |
| ၁၀ | Agent fee | | 250,000 | 0.41 |
| ၁၁ | ကြိုတင်ဝင်ငွေခွန် | 1000 MT x CIF x Customs ငွေလဲနှုန်း x 2% | 37,170,000 | 60.70 |
| ၁၂ | ကန်ပြောင်းစရိတ် | 1000 MT x 612.39 Viss x MMK 30 | 18,371,700 | 30.00 |
| ၁၃ | အထွေထွေကုန်ကျစရိတ် | 1000 MT x 612.39 Viss x MMK 50 | 30,619,500 | 50.00 |
| ၁၄ | ဘဏ်အတိုးနှုန်း | 1000 MT x CIF x ငွေလဲနှုန်း x 1.167% | 30,601,716 | 49.97 |
| ၁၅ | သင်္ဘောစောင့်ဆိုင်းခ(Demurrage Charge) | 1000 MT x USD 2 x 5 Day x ပြင်ပငွေလဲနှုန်း | 34250000 | 55.93 |
| | **အထွေထွေစရိတ်ပေါင်း** | | **303,739,425** | **495.99** |
| ၁၆ | CIF Cost (1000 MT x CIF Price x ငွေလဲနှုန်း) | | **2,622,255,000** | **4,282.00** |
| | **စရိတ်စုစုပေါင်း** | | **2,925,994,425** | **4,777.99** |

## ရွှေဈေး ကျပ် ၃၆ သိန်းကျော် ပေါက်ဈေးရှိ

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း (YGEA) မှ ထုတ်ပြန်လျက်ရှိသည့် ရွှေဈေးနှုန်းမှာ ပြီးခဲ့သည့် ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာ ၂၉ ရက်မှစတင်ကာ ကျပ် ၃၆ သိန်းကျော်ကို ပြန်လည် ရောက်ရှိလာကြောင်း အဆိုပါအသင်းမှ သိရသည်။ YGEA၏ ဈေးကွက်အဖွင့်ဈေးသည် ပြီးခဲ့သည့် ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်မှ ၂၈ ရက်အထိ ခြောက်ရက်တာကာလအတွင်း ကျပ် ၃၇ သိန်းကျော်တွင် ရှိနေခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း ဖြစ်ပေါ်ခဲ့သည့် YGEA၏ ရွှေဈေးနှုန်းများမှာ ဇန်နဝါရီ ၅ ရက်တွင် အခေါက်ရွှေ တစ်ကျပ်သား ကျပ် ၃၆၅၀၁၀၀၊ ၆ ရက်တွင် ကျပ် ၃၆၅၃၇၀၀၊ ၈ ရက်တွင် ကျပ် ၃၆၄၉၃၀၀၊ ၉ ရက်တွင် ကျပ် ၃၆၆၂၂၀၀၊ ၁၀ ရက်တွင် ကျပ် ၃၆၅၁၄၀၀၊ ၁၂ ရက်တွင် ကျပ် ၃၆၅၈၆၀၀ ဖြစ်ကြောင်း သိရသည်။

အလားတူ တစ်ပတ်အတွင်း ဖြစ်ပေါ်ခဲ့သည့် ကမ္ဘာ့ရွှေဈေးနှုန်းများအနေဖြင့်လည်း ဇန်နဝါရီ ၅ ရက်တွင် တစ်အောင်စ ၂၀၄၃ ဒေါ်လာ၊ ၆ ရက်တွင် ၂၀၄၅ ဒေါ်လာ၊ ၈ ရက်တွင် ၂၀၃၁ ဒေါ်လာ၊ ၉ ရက်တွင် ၂၀၃၇ ဒေါ်လာ၊ ၁၀ ရက်တွင် ၂၀၃၁ ဒေါ်လာ၊ ၁၂ ရက်တွင် ၂၀၃၅ ဒေါ်လာ ဖြစ်ကြောင်း သိရသည်။

ပန်းဆု

## ပြည်တွင်း ငွေကြေးဈေးကွက် အရောင်းအဝယ် ပုံမှန်အတိုင်းသာရှိ

ပြည်တွင်းရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း အရောင်းအဝယ် ပုံမှန်အတိုင်းသာရှိကြောင်း နိုင်ငံခြားငွေကြေး ရောင်းဝယ်သူများထံက သိရသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် နိုင်ငံခြားငွေကြေး ရောင်းဝယ်မှုများနှင့် ပတ်သက်၍ ဒီဇင်ဘာ ၅ ရက်တွင် ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့ပြီး အဆိုပါကြေညာချက်တွင် နိုင်ငံခြားငွေများ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်း (AD) လိုင်စင်ရဘဏ်များအနေဖြင့် နိုင်ငံခြားငွေကြေးဈေးကွက် (Online Trading) အတွင်း အရောင်းအဝယ်ပြုလုပ်ရာတွင် ငွေလဲလှယ်နှုန်းကို ဗဟိုဘဏ်မှ သတ်မှတ်ပေးမည်မဟုတ်တော့ဘဲ ဈေးကွက်အတွင်း နိုင်ငံခြားငွေရောင်းချလိုသူနှင့် ဝယ်ယူလိုသူများက တင်သွင်းသည့် ငွေလဲလှယ်နှုန်းပေါ် မူတည်ပြီး Market Rate အတိုင်း လွတ်လပ်စွာ ဆောင်ရွက်ခွင့်ပြုကြောင်း ဖော်ပြထားသည်။

ထို့ပြင် ဈေးကွက်အတွင်း ဝယ်ယူရရှိခဲ့သည့် နိုင်ငံခြားငွေကို ပြည်ပသို့ လွှဲပြောင်းရာတွင်လည်း နိုင်ငံခြားသုံးငွေ ကြီးကြပ်မှုကော်မတီက သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းများနှင့်အညီ လွှဲပြောင်းပေးရမည်ဖြစ်ကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ပါရှိသည်။ လက်ရှိတွင် ဝိသမလောဘသားများနှင့် ဈေးကစားသူအချို့က ဈေးနှုန်းကမောက်ကမဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် ရည်ညွှန်းနိုင်ငံခြားငွေလဲလှယ်နှုန်း မြင့်တက်နိုင်သည်ဟူသည့် မဟုတ်မမှန်သော ကောလာဟလများထုတ်လွှင့်ကာ မသိနားမလည်သူများအား လိမ်ညာအမြတ်ထုတ်ရန် ဆောင်ရွက်နေကြောင်း ဗဟိုဘဏ်က အသိပေးထားသည်။

ပန်းဆု

## စတော့ရှယ်ယာ တန်ဖိုး ကျပ်သန်း ၁၂၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့

ပြီးခဲ့သည့် ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာ ၂၈ ရက်မှ ယခု ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ ၁၀ ရက်အထိ စာရင်းဝင်ကုမ္ပဏီများ၏ စတော့ရှယ်ယာ အရောင်းအဝယ်ဖြစ်မှု တန်ဖိုး ကျပ်သန်း ၁၂၀ ကျော် ရှိခဲ့ကြောင်း ရန်ကုန်စတော့အိပ်ချိန်း (YSX) မှ သိရသည်။

အဆိုပါ ကာလအတွင်း အရောင်းအဝယ် ဖြစ်မြောက်သည့် အစုရှယ်ယာ အရေအတွက်မှာ ၅၄၆၁၁ စောင်ရှိပြီး တန်ဖိုးအားဖြင့် ကျပ် ၁၂၆ ဒသမ ၈၉ သန်း ရှိခဲ့ခြင်းဖြစ်သည်။ ကုမ္ပဏီတစ်ခုချင်းစီ၏ အစုရှယ်ယာ ရောင်းချနိုင်မှုအနေဖြင့် First Myanmar Investment (FMI) က အစုရှယ်ယာ ၂၉၉၂ စောင် ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၂၆ ဒသမ ၀၁ သန်း၊ Myanmar Thilawa SEZ Holidings Public (MTSH) က အစုရှယ်ယာ ၉၉၁၄ စောင် ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၂၇ ဒသမ ၉၄ သန်း ရရှိခဲ့ကြောင်း သိရသည်။

အလားတူ မြန်မာနိုင်ငံသားများဘဏ် (MCB) က အစုရှယ်ယာ ၄၂၀ စောင် ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၃ ဒသမ ၂၃ သန်း၊ ပထမပုဂ္ဂလိကဘဏ် (FPB) က အစုရှယ်ယာ ၂၀၂၁၂ စောင် ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၃၁ ဒသမ ၂၃ သန်း ရရှိခဲ့သည်။ ထို့အတူ TMH Telecom Public (TMH) က အစုရှယ်ယာ ၃၂၄ စောင် ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် သုည ဒသမ ၈၁ သန်း၊ Ever Flow River Group Public (EFR) က အစုရှယ်ယာ ၄၈၄၅ စောင် ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၉ ဒသမ ၄၃ သန်း ရရှိခဲ့သည်။ ယင်းအပြင် Amata Holding Public Co.,Ltd. (AMATA) က အစုရှယ်ယာ ၃၇၄ စောင် ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၁ ဒသမ ၇၆ သန်း၊ Myanmar Agro Exchange Public Co.,Ltd. (MAEX) က အစုရှယ်ယာ စောင်ရေ ၁၅၅၃၀ ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၂၆ ဒသမ ၄၉ သန်း စသည်ဖြင့် အသီးသီး ရရှိခဲ့ကြောင်း သိရသည်။

ပန်းဆု

# စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်)၊ ဆန်၊ ရွှေနှင့် အမေရိကန်ဒေါ်လာ ပြည်တွင်း

## ရွှေနှင့် အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ သုံးသပ်တင်ပြခြင်း

ကမ္ဘာတစ်ဝန်း ဖြစ်ပေါ်နေသည့် ကိုဗစ်-၁၉ ကပ်ရောဂါနှင့် ကမ္ဘာ့နိုင်ငံရေး အခြေအနေများကြောင့် ကမ္ဘာ့ရွှေဈေးသည် အပြောင်း အလဲများစွာ ဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရှိရသည်။ ကမ္ဘာ့ရွှေဈေးသည် ဇန်နဝါရီ ၅ ရက်တွင် ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၂၀၄၃ ဒေါ်လာ ပေါက်ဈေးရှိခဲ့ရာမှ ဇန်နဝါရီ ၁၀ ရက်တွင် ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၂၀၃၁ ဒေါ်လာ ဖြစ်ခဲ့သည်ကို တွေ့ရသည်။ ပြည်တွင်းရွှေဈေးသည်လည်း ဇန်နဝါရီ ၅ ရက်တွင် အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၃၇၀၅၀၀၀ ပေါက်ဈေးရှိခဲ့ရာမှ ဇန်နဝါရီ ၁၀ ရက်တွင် ကျပ် ၃၇၃၅၀၀၀ သို့ အတက်အကျ ဖြစ်ပေါ်ခဲ့ကြောင်းကို ရွှေဈေးကွက်အတွင်းမှ သိရသည်။

၂၀၂၁ ခုနှစ်အတွက် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ၏ စက်တင်ဘာလ အစီရင်ခံစာ ထုတ်ပြန်ချက်အရ မြန်မာနိုင်ငံ၏ ငွေကြေးဖောင်းပွမှုနှုန်းသည် ၆ ဒသမ ၂ ရာခိုင်နှုန်းရှိပြီး GDP သည် - ၁၈ ဒသမ ၄ ရာခိုင်နှုန်း ဖြစ်ကြောင်း၊ ၂၀၂၂ ခုနှစ်အတွက် ငွေကြေးဖောင်းပွမှုနှုန်းသည် ၈ ရာခိုင်နှုန်းသို့ မြင့်တက်နိုင်ကြောင်း ဖော်ပြထားသည်။ ၂၀၂၂ ခုနှစ်အတွက် မြန်မာနိုင်ငံ၏ GDP သည် ၁ ရာခိုင်နှုန်းခန့် တိုးတက်နိုင်ကြောင်း World Bank မှ ခန့်မှန်းထားသည်ကို တွေ့ရသည်။ cecidata.com မှ ဖော်ပြချက်၌ ၂၀၂၁ ခုနှစ်တွင် မြန်မာနိုင်ငံ၏ GDP မှာ - ၅ ဒသမ ၉ ရာခိုင်နှုန်းရှိပြီး ပြီးခဲ့သည့်နှစ်ထက် ၃ ဒသမ ၂ ရာခိုင်နှုန်း မြင့်တက်လာကြောင်း ဖော်ပြထားသည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ ၅ ရက်မှ ဇန်နဝါရီ ၁၀ ရက်အထိ ရက်အလိုက် ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန် တစ်ဒေါ်လာနှင့်ညီမျှသော နိုင်ငံတကာ ငွေလဲလှယ်နှုန်းများကို တစ်ဖက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်။

တစ်ပတ်အတွင်း အမေရိကန် တစ်ဒေါ်လာနှင့် ညီမျှသော နိုင်ငံတကာ ငွေလဲနှုန်းဇယား

| စဉ် | နိုင်ငံတကာ ငွေကြေးများ | | ၅-၁-၂၀၂၄ | ၈-၁၂-၂၀၂၃ | ၉-၁-၂၀၂၄ | ၁၀-၁-၂၀၂၄ | တစ်ပတ်အတွင်း ဒေါ်လာငွေလဲလှယ်နှုန်း အတက်/အကျ (%) | |
|---|---|---|---|---|---|---|---|---|
| ၁ | Myanmar | kyat | ၂၁၀၀.၀ | ၂၁၀၀.၀ | ၂၁၀၀.၀ | ၂၁၀၀.၀ | ၀.၀၀ | - |
| ၂ | Thai Baht | THB | ၃၄.၇၂၅ | ၃၅.၀၈၅ | ၃၄.၉၆၀ | ၃၄.၉၇၀ | ၀.၇၁ | ⬆ |
| ၃ | Singapore Dollar | SGD | ၁.၃၃၁ | ၁.၃၃၂ | ၁.၃၃၀ | ၁.၃၃၂ | ၀.၀၈ | ⬆ |
| ၄ | Malaysian Ringgit | MYR | ၄.၆၅၄ | ၄.၆၅၂ | ၄.၆၄၃ | ၄.၆၄၈ | -၀.၁၃ | ⬇ |
| ၅ | Indonesian Rupiah | IDR | ၁၅၅၁၅ | ၁၅၅၂၅ | ၁၅၅၂၀ | ၁၅၅၆၉ | ၀.၃၅ | ⬆ |
| ၆ | Chinese Yuan | CNY | ၇.၁၅၅ | ၇.၁၆၁ | ၇.၁၆၀ | ၇.၁၇၂ | ၀.၂၄ | ⬆ |
| ၇ | Indian Rupee | INR | ၈၃.၁၆၅ | ၈၃.၁၄၉ | ၈၃.၁၁၉ | ၈၃.၀၇၀ | -၀.၁၁ | ⬇ |
| ၈ | Japanese Yen | JPY | ၁၄၅.၁၉၈ | ၁၄၄.၅၁၉ | ၁၄၃.၉၈၄ | ၁၄၄.၈၉၈ | -၀.၂၀ | ⬇ |
| ၉ | Australian Dollar | AUD | ၁.၄၉၆ | ၁.၄၉၄ | ၁.၄၉၂ | ၁.၄၉၂ | -၀.၂၇ | ⬇ |
| ၁၀ | Euro | EUR | ၀.၉၁၆ | ၀.၉၁၅ | ၀.၉၁၄ | ၀.၉၁၄ | -၀.၂၂ | ⬇ |
| ၁၁ | Pound Sterling | GBP | ၀.၇၉၀ | ၀.၇၈၈ | ၀.၇၈၅ | ၀.၇၈၇ | -၀.၃၈ | ⬇ |

Source- Central Bank of Myanmar

ပြည်တွင်းရှိ ပြင်ပဒေါ်လာ ငွေကြေးဈေးကွက်၌ ဝယ်လိုအား ပြောင်းလဲမှုပေါ်လိုက်၍ ဇန်နဝါရီ ၅ ရက်မှ ၁၀ ရက်အထိ ရက်သတ္တပတ်အတွင်း ကျပ် ၃၄၅၅-၃၄၆၀ ကြားရှိနေကြောင်း သိရှိရသည်။

## ဆန် ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ပြည်ပဆန်ဈေးကွက်ကို လေ့လာကြည့်ပါက ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်တွင် Thai Rice Exporter Association Website တွင် ဖော်ပြချက်အရ ပါကစ္စတန် ဆန်ဈေးနှုန်းများမှာ ဧည့်မထ ၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၉၇ ဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၁၇ ဖြင့်လည်းကောင်း ဖြစ်ပေါ်ခဲ့သည်ကို သိရှိရသည်။ ထိုင်းဆန်ဈေးနှုန်းများမှာ ၁၀၀ ရာခိုင်နှုန်း ဘီဂရိတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၆၁ ဖြင့် လည်းကောင်း၊ ဧည့်မထ ၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၄၆ ဖြင့် လည်းကောင်း၊ ဧည့်မထ ၂၅ ရာခိုင်နှုန်းဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၁၁ ဖြင့်လည်းကောင်း၊ ပေါင်းဆန် တစ်တန် လျှင် အမေရိကန်ဒေါ်လာ ၆၄၃ ဖြင့်လည်းကောင်း အသီးသီး ဖြစ်ပေါ်ခဲ့သည်ကို လေ့လာသိရသည်။

ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ဧည့်မထ ၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၅၇ ဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ ရာခိုင်နှုန်း ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၃၇ ဖြင့်လည်းကောင်းရှိခဲ့ပြီး အိန္ဒိယနိုင်ငံတွင် ပေါင်းဆန် ၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၁၇ ဖြင့် လည်းကောင်း အသီးသီး ရှိခဲ့သည်ကို လေ့လာတွေ့ရှိရသည်။ Thai Rice Exporter Association တွင် ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ထိုင်းနိုင်ငံ၌ ၁၀၀ ရာခိုင်နှုန်း ဘီဂရိတ်ဆန်၊ ဧည့်မထ ၅ ရာခိုင်နှုန်း ဆန်၊ ဧည့်မထ ၂၅ ရာခိုင်နှုန်း ဆန်ဈေးနှုန်းများမှာ ကျဆင်းလျက်ရှိပါသည်။ ဗီယက်နမ်၊ အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံတို့တွင် ဆန်ဈေးနှုန်းမှာ တည်ငြိမ်လျက်ရှိကြောင်း သိရှိရသည်။

ပြည်ပဆန်ဈေးကွက်သတင်းအနေဖြင့် ၂၀၂၃ ခုနှစ်အတွင်း ဗီယက်နမ်ဆန် ပြည်ပတင်ပို့မှုတွင် ဆန်တန်ချိန် ၈ ဒသမ ၃ သန်း တင်ပို့ခဲ့ပြီး ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၄ ဒသမ ၇၈ ဘီလီယံရရှိခဲ့ကာ အမြင့်ဆုံးသို့ စံချိန်သစ် ရောက်ရှိခဲ့ကြောင်း သိရှိရသည်။

၂၀၂၃ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံ၏ စုစုပေါင်း ဆန်ထွက်ရှိမှုသည် တန်ချိန် ၄၃ ဒသမ ၅ သန်း (၁ ဒသမ ၉ ရာခိုင်နှုန်း) အထိ မြင့်တက်ခဲ့ကြောင်း၊ ပြည်တွင်းစားသုံးမှုနှင့် ပို့ကုန်ဆန် တင်ပို့မှုတို့ကို ဖြည့်ဆည်းပေးနိုင်ခဲ့ကြောင်း၊ ပြည်ပပို့ကုန်ဆန်များ ဝယ်လိုအား များပြားသဖြင့် ဈေးနှုန်းများ မြင့်မားနေခြင်းကြောင့် ပျမ်းမျှအားဖြင့် ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၅၀ ကျော်ရရှိခဲ့ကြောင်း ဗီယက်နမ်နိုင်ငံ စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနမှ ပြောကြားခဲ့ကြောင်း သိရသည်။ ကမ္ဘာ့ဆန်ဈေးကွက်သို့ ဆန်ဝင်ရောက်နိုင်မှု နည်းနေသေးခြင်းကြောင့် ၂၀၂၄ ခုနှစ်တွင် ဗီယက်နမ်ဆန်ကို ပြည်ပမှ ဝယ်လိုအား ဆက်လက်မြင့်မားနေဦးမည်ဖြစ်ပြီး အထူးသဖြင့် ဖိလစ်ပိုင်နှင့်တရုတ်နိုင်ငံတို့မှ အဓိကဝယ်ယူကြမည်ဟု ဗီယက်နမ်နိုင်ငံ၏ ဆန်တင်ပို့သူများမှ ပြောကြားခဲ့သည်ကို သိရသည်။

ပြည်တွင်းဆန်ဈေးကွက် သတင်းအနေဖြင့် မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း ဆန်စပါးကုန်စည်ဒိုင်(ဝါးတန်း) ဆန်ဈေးကွက်တွင် ပေါ်ဆန်းနယ်စုံ (ဖျာပုံ၊ မြောင်းမြ၊ ဒေးဒရဲ) တို့မှ ဆန်တစ်အိတ်လျှင် ကျပ် ၁၀၀၀၀၀ ပေါက်ဈေးရှိပြီး ရွှေဘိုပေါ်ဆန်းမှာ ဆန်(ဟောင်း)တစ်အိတ်လျှင် ကျပ် ၁၂၅၀၀၀ ပေါက်ဈေးရှိသည်။ ဆန်ကြမ်းဖြစ်သော ဧည့်မထ ၂၅ မှတ်တန် ဆန်(သစ်) တစ်အိတ်လျှင် ကျပ် ၆၇၀၀၀ မှ ၆၈၀၀၀ ကြား ပေါက်ဈေးရှိပြီး ဧည့်မထ ရိုးရိုးဆန်(ဟောင်း) တစ်အိတ်လျှင် ကျပ် ၇၀၀၀၀ မှ ၇၂၀၀၀ ကြား ပေါက်ဈေးရှိကြောင်း သိရှိရသည်။

မြန်မာ-တရုတ် နယ်စပ်ဒေသဖြစ်သော မူဆယ်မြို့တွင် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ဧည့်မထ ဆန်တစ်အိတ်လျှင် ၂၉၀ ယွမ် ဝန်းကျင်ရှိပြီး (ပြင်ပငွေလဲနှုန်း ၁ ယွမ်လျှင် ၄၇၆ ကျပ်နှုန်းရှိသောကြောင့် ဆန်တစ်အိတ်လျှင် ကျပ် ၁၃၅၀၀၀ ကျော်) ပေါက်ဈေးရှိကြောင်း သိရှိရသည်။ မြန်မာ-ထိုင်း နယ်စပ်ဒေသဖြစ်သော မြဝတီမြို့တွင် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်းအနေဖြင့် ၁ ဘတ်လျှင် ၉၉ ကျပ်နှုန်း ပေါက်ဈေးရှိကြောင်း သိရသည်။

တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော ဧည့်မထဆန်ဈေးနှုန်းများကို လေ့လာကြည့်ပါက ဧည့်မထဆန် တစ်ပြည်လျှင် ဟားခါးမြို့တွင် ကျပ် ၆၆၀၀ ဖြင့် အမြင့်ဆုံးဈေးနှုန်း ဖြစ်ပေါ်ခဲ့ပြီး မြစ်ကြီးနားမြို့တွင် ဧည့်မထဆန်(သစ်) တစ်ပြည်လျှင် ကျပ် ၂၈၀၀ ဖြင့် အနိမ့်ဆုံးဈေးနှုန်းများ ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရသည်။

Trading Economics Website တွင် ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ကမ္ဘာ့ဆန်ဈေးနှုန်းမှာ ယခင်အပတ်နှင့် နှိုင်းယှဉ်ပါက ၁ ဒသမ ၅၃ ရာခိုင်နှုန်း ဈေးနှုန်း ကျဆင်းလျက်ရှိကြောင်း သိရှိရသည်။ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ပထမအပတ်တွင် နိုင်ငံတကာ ဆန်ဈေးနှုန်းများ အတက်/ အကျ ပြောင်းလဲမှုများ ရှိသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ဆန်ဈေးနှုန်းများ အတက်/ အကျ ပြောင်းလဲမှုများ ဖြစ်ပေါ်နေသည်ကို လေ့လာသုံးသပ် တင်ပြအပ်ပါသည်။



## ကြံစိုက်ပျိုးမှုနှင့် သကြားထုတ်လုပ်မှုလုပ်ငန်း

တိုက်ကြီးမြို့နယ်တွင် ဥက္ကံသကြားစက် တည်ရှိသောကြောင့် ကြံစိုက်ပျိုးသူ တောင်သူကြီးများ အဆင်ပြေပြေဖြင့် သကြားစက်သို့ ရောင်းချနိုင်ခဲ့ပြီး ကြံစိုက်ပျိုးမှုမှာ ၂၀၂၂-၂၀၂၃ ခုနှစ်တွင် စိုက်ဧကပေါင်း ၃၃၈၁ ဒသမ ၅၀စိုက်ပျိုးပြီး ခုတ်သိမ်းဧရိယာမှာ ၃၃၈၁ ဒသမ၅၀ ခုတ်သိမ်းခဲ့သည်။

ကြံအထွက်နှုန်းမှာ ၁၁ ဒသမ ၇၂ ရာခိုင်နှုန်းထွက်၍ ကြံတန် ၃၉၂၄၇တန်ထွက်ရှိသည်။ မျိုးသုံး/အလေအလွင့်မှာ ၁၂၀၂၆ ဒသမ ၄၃ တန်ဖြစ်ပြီး သကြားစက်သို့ ၂၇၂၂၀ ဒသမ ၅၆တန် ပေးသွင်းခဲ့သည်။ ယခုနှစ် ၂၀၂၃-၂၀၂၄ ခုနှစ်တွင် ဧက၃၅၄၀စိုက်ပျိုးပြီး ဒီဇင်ဘာလတွင် ၂၈၉ ဧရိယာခုတ်သိမ်းပြီးစီးခဲ့၍ အထွက်တန်မှာ ၁၀ ဒသမ ၅၂ ရာခိုင်နှုန်းရှိပြီး ၃၀၄၀ တန်ထွက်၍ အလေအလွင့်မှာ ၇၃၃ဒသမ ၂၃ တန်ဖြစ်ပြီး သကြားစက်သို့ ပေးသွင်းမှုတန်မှာ ၂၃၀၆ဒသမ ၇၇ဖြစ်သည်။

၂၀၂၃-၂၀၂၄ ကြံရာသီ ဥက္ကံသကြားစက်ရုံ၏ ကြိတ် ဝါးထုတ်လုပ်မှုမှာ ၂၂-၁၂-၂၀၂၃ ရက်တွင် သကြား စက် စတင် လည်ပတ်ခဲ့ပြီး ၃၁-၁၂- ၂၀၂၃နေ့ ဝယ်ယူရရှိတန် ၁၀၉၉၈ဒသမ ၆၂၅တန်အား ကြိတ်ဝါးခဲ့ရာ သကြားအထွက်တန် ၈၀၁ဒသမ ၂၅တန် ထွက်ရှိခဲ့သည်။ အထွက်ရာခိုင်နှုန်း ၇ဒသမ ၂၉ ထွက်ရှိ၍ တင်လဲအထွက်တန် ၂၁၄တန် ထွက်ရှိခဲ့ရာ ရာခိုင်နှုန်း ၁ဒသမ၉၅ ထွက်ရှိပြီး ဥက္ကံသကြားစက်မှ ၂၄-၁-၂၀၂၄ ရက်နေ့တွင် ကြံများဝယ်ယူ ပြီး သကြားများ ကြိတ်ခွဲသွားမည်ဖြစ်ကြောင်းနှင့် ကြံစိုက်တောင်သူများလည်း ကြံသီးနှံစိုက်ပျိုးမှုကြောင့် ကြံမှသကြား အဆင့်ဆင့်ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။ **တင်တင်ဌေး (ရန်ကုန်)**

# ဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ၊ အပတ်စဉ်ဈေးနှုန်း သုံးသပ်ချက်

## စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်ချက်

ကမ္ဘာ့လောင်စာဆီ ဈေးကွက်အခြေအနေအား လေ့လာကြည့်ရာတွင် ဓာတ်ဆီဈေးနှုန်း သည် ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၈ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဈေးနှုန်းများအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၁၈ နိုင်ငံအနက် တူရကီ(တူကီယဲ) နိုင်ငံသည် ယခု တစ်ပတ်တွင် ၆ ဒသမ ၆၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်ခဲ့ပြီး ဩစတြီးယားနိုင်ငံတွင် ၃ ဒသမ ၈၀ ရာခိုင်နှုန်း၊ မွန်တီနီဂရိုးနိုင်ငံတွင် ၁ ဒသမ ၄၀ ရာခိုင်နှုန်းနှင့် လက်ဘနွန်နိုင်ငံတို့တွင် ၁ ဒသမ ၁၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းများ မြင့်တက်ခဲ့ပြီး ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၁၅ နိုင်ငံရှိကြောင်း တွေ့ရသည်။

ယခုအပတ်အတွက် ဇန်နဝါရီ ၈ ရက် ဖော်ပြချက်၌ မြန်မာ၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ထိုင်း၊ ဗီယက်နမ်၊ ဂျပန်၊ အန်ဒိုရာ၊ ဘယ်လ်ဂျီယံ၊ ကနေဒါ၊ အီဂျစ်၊ ဟန်ဂေရီ၊ ဂျော်ဒန်နှင့် ကင်ညာ စသည့်နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၇၉ နိုင်ငံတွင် ယခင်အပတ် ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဓာတ်ဆီဈေးနှုန်း တည်ငြိမ်နေကြောင်း တွေ့ရှိရသည်။

ဓာတ်ဆီဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် ဖိလစ်ပိုင်၊ တောင်ကိုရီးယား၊ ထိုင်ဝမ်၊ ချက်၊ ဆိုက်ပရပ်စ်၊ ဂရိ၊ ဆွီဒင်၊ ဘရာဇီး၊ ဒိန်းမတ်၊ ပြင်သစ်၊ ပိုလန်နှင့် နယူးဇီလန် အပါအဝင် နိုင်ငံပေါင်း ၂၄ နိုင်ငံရှိပြီး ယခင်တစ်ပတ် ဈေးနှုန်းထက် သုည ဒသမ ၂၀ ရာခိုင်နှုန်းမှ ၃ ရာခိုင်နှုန်းထိ ဈေးနှုန်းကျဆင်းခဲ့ကြောင်း တွေ့ရသည်။

အာဆီယံနိုင်ငံများ၏ ဇန်နဝါရီ ၈ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဓာတ်ဆီဈေးနှုန်းများအနေဖြင့် ယခင်အပတ်နှင့် နှိုင်းယှဉ်လျှင် စင်ကာပူနိုင်ငံတွင် သုည ဒသမ ၄၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး ဖိလစ်ပိုင်နိုင်ငံတွင် သုည ဒသမ ၂၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းကျဆင်းခဲ့ကာ ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲမရှိတည်ငြိမ်နေကြောင်း လေ့လာတွေ့ရှိရသည်။

ဒီဇယ်ဆီဈေးနှုန်းသည် ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၈ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ကမ္ဘာ့နိုင်ငံပေါင်း ၁၁၈ နိုင်ငံအနက် တူရကီ (တူကီယဲ) နိုင်ငံသည် ယခုတစ်ပတ်တွင် ၄ ဒသမ ၉၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်ခဲ့ပြီး ဩစတြီးယားနိုင်ငံတွင် ၂ ဒသမ ၆၀ ရာခိုင်နှုန်း၊ အက်စ်တိုးနီးယားနိုင်ငံတွင် ၁ ရာခိုင်နှုန်းနှင့် ဘယ်လ်ဂျီယံနိုင်ငံတွင် သုည ဒသမ ၈၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး မြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၁၄ နိုင်ငံရှိကြောင်း တွေ့ရသည်။

ယခုတစ်ပတ်အတွင်း မြန်မာ၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ထိုင်း၊ ဗီယက်နမ်၊ တရုတ်၊ အာဂျင်တီးနား၊ ဂွါတီမာလာ၊ အိုက်စလန်၊ ဂျော်ဒန်၊ ကင်ညာ၊ လူဇင်ဘတ်၊ မက္ကဆီကိုနှင့် ပီရူး စသည့် နိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၇၆ နိုင်ငံတွင် ယခင်အပတ် ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဒီဇယ်ဈေးနှုန်း တည်ငြိမ်နေကြောင်း တွေ့ရသည်။

ဒီဇယ်ဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် ဖိလစ်ပိုင်၊ ထိုင်ဝမ်၊ စပိန်၊ ပေါ်တူဂီ၊ ဂရိ၊ ကနေဒါ၊ ပိုလန်၊ ဆွစ်ဇာလန်၊ နယူးဇီလန်၊ ဖင်လန်၊ အိုင်ယာလန်နှင့် ခရိုအေးရှား အပါအဝင် နိုင်ငံပေါင်း ၂၈ နိုင်ငံရှိပြီး ယခင်တစ်ပတ် ဈေးနှုန်းထက် သုည ဒသမ ၂၀ ရာခိုင်နှုန်းမှ ၆ ဒသမ ၄၀ ရာခိုင်နှုန်းထိ ဈေးနှုန်းကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ ၈ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဒီဇယ်ဈေးနှုန်းများအနေဖြင့် ယခင်အပတ်နှင့် နှိုင်းယှဉ်လျှင် ယခုတစ်ပတ်တွင် စင်ကာပူနိုင်ငံတွင် သုည ဒသမ ၄၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး ဖိလစ်ပိုင်နိုင်ငံတွင် ၂ ဒသမ ၇၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းကျဆင်းခဲ့ကာ ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေကြောင်း လေ့လာတွေ့ရှိရသည်။ အာဆီယံနိုင်ငံများ၏ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်နေ့တွင် ဖြစ်ပေါ်နေသော ဓာတ်ဆီ၊ ဒီဇယ်တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | မြန်မာ | လီတာ | ၁.၃၀ | ၁.၁၉ |
| ၂ | အင်ဒိုနီးရှား | လီတာ | ၀.၈၇ | ၀.၉၈ |
| ၃ | ထိုင်း | လီတာ | ၁.၂၃ | ၀.၈၆ |
| ၄ | ဗီယက်နမ် | လီတာ | ၀.၉၂ | ၀.၈၀ |
| ၅ | စင်ကာပူ | လီတာ | ၂.၀၃ | ၁.၈၉ |
| ၆ | မလေးရှား | လီတာ | ၀.၄၄ | ၀.၄၆ |
| ၇ | ဖိလစ်ပိုင် | လီတာ | ၁.၁၆ | ၁.၀၆ |
| ၈ | ကမ္ဘောဒီးယား | လီတာ | ၁.၁၆ | ၁.၀၀ |
| ၉ | လာအို | လီတာ | ၁.၃၅ | ၀.၉၅ |
| ၁၀ | ဘရူနိုင်း | Global Petrol Prices website တွင် ဖော်ပြထားခြင်းမရှိပါ။ | | |

## DOT (P&S)

မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုအများဆုံး ဆောင်ရွက်နေသော တရုတ်၊ ဂျပန်နှင့် အိန္ဒိယ နိုင်ငံတို့၏ စက်သုံးဆီ တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | တရုတ် | လီတာ | ၁.၁၄ | ၁.၀၁ |
| ၂ | ဂျပန် | လီတာ | ၁.၂၁ | ၁.၀၇ |
| ၃ | အိန္ဒိယ | လီတာ | ၁.၂၅ | ၁.၁၃ |

ပြည်တွင်းဈေးကွက်အတွင်း ရောင်းချလျက်ရှိသော စက်သုံးဆီဈေးနှုန်းများမှာ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ ၁၀ ရက်တွင် အောက်တိန်း-92 တစ်လီတာလျှင် ၂၅၃၅ ကျပ်၊ အောက်တိန်း-95 တစ်လီတာလျှင် ၂၆၃၅ ကျပ်၊ ဒီဇယ် တစ်လီတာလျှင် ကျပ် ၂၃၂၀ နှင့် ပရီမီယံဒီဇယ် တစ်လီတာလျှင် ၂၄၀၅ ကျပ် အသီးသီး ဈေးနှုန်း များဖြင့် ရောင်းချလျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော စက်သုံးဆီဈေးနှုန်းများအား လေ့လာရာတွင် ကျိုင်းတုံမြို့တွင် ဓာတ်ဆီတစ်လီတာလျှင် ကျပ် ၃၀၀၀၊ ဒီဇယ် တစ်လီတာလျှင် ကျပ် ၃၁၉၀၊ မြိတ်မြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ၂၉၉၅ ကျပ်၊ ဒီဇယ် တစ်လီတာလျှင် ကျပ် ၂၉၈၀ ဖြင့် အမြင့်ဆုံး ဖြစ်ပေါ်နေပြီး၊ ရန်ကုန်မြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ၂၆၃၅ ကျပ်၊ ဒီဇယ်တစ်လီတာလျှင် ကျပ် ၂၃၂၀၊ ပဲခူးမြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ၂၆၄၅ ကျပ်၊ ဒီဇယ် တစ်လီတာလျှင် ကျပ် ၂၃၃၀ ဖြင့် အနည်းဆုံး ဖြစ်ပေါ်နေကြောင်း တွေ့ရှိရသည်။

မြန်မာနိုင်ငံအတွင်းရှိ မြို့ကြီးများ၏ ပြည်တွင်း စက်သုံးဆီဈေးနှုန်းများမှာ ယခင်အပတ်နှင့် နှိုင်းယှဉ်လျှင် ယခင်အပတ်ထက် ဓာတ်ဆီ တစ်လီတာလျှင် ၂၀ ကျပ်နှင့် ဒီဇယ် တစ်လီတာလျှင် ၁၀၀ ကျပ် ဈေးနှုန်းကျဆင်းခဲ့ကြောင်း လေ့လာသုံးသပ် တင်ပြအပ်ပါသည်။



## ဆင်ဖြူကျွန်းဒေသထွက် ပန်းဂေါ်ဖီ ဈေးကွက်

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ဆင်ဖြူကျွန်းမြို့ စလင်းချောင်း အနောက်ဘက်ရှိ နွယ်တမယ်၊ ချောင်းဖြူ ချောင်းကောက်၊ ညောင်ကုန်း၊ ပန်းတော၊ မြောင်းဘောင် စသည့် ကျေးရွာများမှ တောင်သူများသည် စလင်းချောင်းရေကိုအမှီပြု၍ ဟင်းသီးဟင်းရွက်သီးနှံစားပင်မျိုးစုံကို တစ်ပိုင်တစ်နိုင်စိုက်ပျိုးလုပ်ကိုင်လျက်ရှိသည်။ ယခုနှစ်တွင် စားသုံးသူများပြား၍ ဈေးကွက်အခိုင်အမာရှိသော စားဖိုဆောင်သုံးရာသီစာ ကာလတိုသီးနှံဖြစ်သည့် ပန်းဂေါ်ဖီမှာ ဈေးကောင်းရ၍ တောင်သူများ ပိုမိုတိုးချဲ့ စိုက်ပျိုးလျက်ရှိ ကြောင်း သိရသည်။

ပန်းဂေါ်ဖီသည် မုန်လာအုပ်စုတွင်ပါဝင်သော အပင်များဖြစ်၍ မြေဆီဩဇာကြွယ်ဝသော မြေအမျိုးအစားကို ကြိုက်နှစ်သက်ကြောင်း၊ အေးသောရာသီဥတုကို ကြိုက်နှစ်သက်သော်လည်း အပူဒဏ်ခံနိုင်သည့် သီးနှံတစ်မျိုးဖြစ်ကြောင်း၊ ပူ၍ခြောက်သွေ့သော ရာသီဥတုတွင် ပန်းမပွင့်သည့်အတွက် အေးပြီး အစိုဓာတ်ရသောနေရာတွင်သာ စိုက်ပျိုးသင့်ကြောင်း၊ ခြောက်သွေ့လွန်းသောရာသီဥတုတွင် အပွင့်ဖြစ်ထွန်းရန် ခက်ခဲကြောင်း၊ မြေပြန့်ဒေသများတွင် စက်တင်ဘာလနှင့် အောက်တိုဘာလများတွင် စိုက်ပျိုးကြပြီး တောင်ပေါ်ဒေသများတွင် ဧပြီလ၊ မေလ၊ စက်တင်ဘာလနှင့် အောက်တိုဘာလများတွင် စိုက်ပျိုးကြသည်။

စိုက်ပျိုးရာတွင် မြေကို ဘောင်ဖော်၍ အတန်းလိုက်စိုက်ပျိုးကြပြီး တစ်ပင်နှင့် တစ်ပင် ၁. ၅-၂ ပေအကွာ၊ တစ်တန်းနှင့်တစ်တန်း ၂-၂. ၅ ပေခန့်အကွာ စိုက်ပျိုးရကြောင်း၊ သို့မှသာ လေဝင်လေထွက်ကောင်း၍ နေရောင်ခြည် ကောင်းစွာရရှိကာ အပင် ဖြစ်ထွန်းအောင်မြင်ကြောင်း၊ တစ်ပတ်လျှင် ၁-၂ ကြိမ် ရေသွင်းပေးရကြောင်း၊ အပင်သက်တမ်း သုံးလခန့်အကြာတွင် ပန်းပွင့်များ စတင်ခူးဆွတ်နိုင်ကြောင်း၊ စတင်ခူးဆွတ်ချိန်မှ ၃-၄ လကြာအထိ ခူးဆွတ်ရောင်းချရကြောင်း၊ နယ်ဝေးသို့ တင်ပို့ရောင်းချမည်ဆိုပါက အပင်ကိုအရွက်များ ၃-၄ ရွက်ခန့်ချန်၍ ခုတ်ရကြောင်း၊ တစ်ဧကလျှင် ၅-၈ တန်ထိထွက်ရှိကြောင်း၊ တစ်ခါခူးဆွတ်လျှင် ပန်းဂေါ်ဖီ ၂၀၀ မှ ၃၀၀ ပွင့်အထိ ခူးဆွတ်ရရှိကြောင်း စိုက်ပျိုးတောင်သူတစ်ဦးထံမှ သိရသည်။

ဈေးကွက်အနေဖြင့် ဆင်ဖြူ ကျွန်းဒေသထွက် ပန်းဂေါ်ဖီပွင့်များကို ချောက်၊ စလင်း၊ ပွင့်ဖြူ မင်းဘူး၊ မကွေးမြို့များသို့တင်ပို့ရောင်းချကြပြီး ပေါ်ဦးပေါ်ဖျားအချိန် နိုဝင်ဘာလတွင်မူ ပန်းဂေါ်ဖီ တစ်ပွင့်လျှင် ကျပ် ၁၅၀၀ခန့်အထိ ဈေးကောင်းရရှိကာ နောက်ပိုင်း ပန်းဂေါ်ဖီလှိုင်လှိုင်ပေါ်ချိန်တွင် အပွင့်အရွယ်အစားပေါ်မူတည်၍ တစ်ပွင့်လျှင် ကျပ် ၈၀၀ မှ ၁၀၀၀ အထိရရှိကြောင်း သိရှိရသည်။

ရာသီပေါ်သီးနှံဖြစ်၍ စားသုံးသူဈေးကွက်၌လည်း အရောင်းသွက်လျက်ရှိသောကြောင့် ဆင်ဖြူကျွန်းဒေသရှိ ပန်းဂေါ်ဖီစိုက်ပျိုးသူ တောင်သူများအနေဖြင့် အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**သင်းသင်းစိုး**

# မြဝတီကုန်သွယ်ရေးဇုန်၏ ဒီဇင်ဘာလအတွင်း ကုန်သွယ်မှုအခြေအနေ

မြဝတီကုန်သွယ်ရေးဇုန်၏ ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ ၃၁ ရက်ထိ လုပ်ငန်းဆောင်ရွက်မှုမှာ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၆ ဒသမ ၈၁၉ သန်း၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၆၉၉ သန်းဖြစ်၍ ကုန်သွယ်မှုပမာဏမှာ တန်ဖိုး အမေရိကန်ဒေါ်လာ ၂၄ ဒသမ ၅၁၈ သန်း ဖြစ်သည်။

ယခင်နှစ်ဘဏ္ဍာနှစ် ကာလတူလုပ်ငန်းဆောင်ရွက်မှုနှင့်နှိုင်းယှဉ်ပါက ပို့ကုန်ပိုင်းတွင် တန်ဖိုး အမေရိကန်ဒေါ်လာ ၂၉ ဒသမ ၉၅၂ သန်း၊ သွင်းကုန်ပိုင်းတွင် တန်ဖိုး အမေရိကန်ဒေါ်လာ ၄၃ ဒသမ ၂၃၇ သန်း လျော့နည်းခဲ့သောကြောင့် ကုန်သွယ်မှုပမာဏအနေဖြင့် တန်ဖိုး အမေရိကန်ဒေါ်လာ ၇၃ ဒသမ ၁၈၉ သန်းလျော့နည်းခဲ့ကြောင်း သိရသည်။

ပို့ကုန်ပိုင်းတွင် လျော့နည်းရခြင်းမှာ သတ္တုတွင်းထွက်ပစ္စည်းအုပ်စုတွင် တင်ပို့မှု ပိုမိုခဲ့သော်လည်း လယ်ယာထွက်ကုန်ပစ္စည်းအုပ်စု၊ ရေထွက်ပစ္စည်းအုပ်စု၊ စက်မှုကုန်ချောပစ္စည်းအုပ်စုနှင့် အခြားပစ္စည်းအုပ်စုတွင် တင်ပို့မှုလျော့နည်းခဲ့ခြင်းကြောင့်ဖြစ်သည်။ သွင်းကုန်ပိုင်းတွင် လျော့နည်းရခြင်းမှာ ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းအုပ်စုတွင် တန်ဖိုး အမေရိကန် ၄ဒသမ ၅၂၅သန်း၊ လုပ်ငန်းသုံးကုန်ပစ္စည်းအုပ်စုတွင် တန်ဖိုး အမေရိကန်ဒေါ်လာ ၉ဒသမ ၆၄၀ သန်း၊ လူသုံးကုန်ပစ္စည်းအုပ်စုတွင် တန်ဖိုး အမေရိကန်ဒေါ်လာ ၂၉ ဒသမ ၀၇၂ သန်း လျော့နည်းခဲ့ခြင်းကြောင့်ဖြစ်သည်။

အနီးစပ်ဆုံးကာလထက် ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၉၃၁ သန်း၊ သွင်းကုန်ပိုင်းတွင် တန်ဖိုး အမေရိကန်ဒေါ်လာ ၆၃ဒသမ ၉၆၃ သန်း လျော့နည်းခဲ့သဖြင့် ကုန်သွယ်မှုပမာဏအနေဖြင့် တန်ဖိုး အမေရိကန်ဒေါ်လာ ၇၇ဒသမ ၈၉၄ သန်း လျော့နည်းခဲ့ကြောင်း သိရသည်။

ပို့ကုန်ပိုင်းတွင် လျော့နည်းရခြင်းမှာ လယ်ယာထွက်ကုန်ပစ္စည်း၊ သတ္တုတွင်းထွက်ပစ္စည်း၊ ရေထွက်ပစ္စည်း၊ စက်မှုကုန်ချောပစ္စည်းနှင့် အခြားပစ္စည်းတို့တင်ပို့မှု လျော့နည်းခဲ့ခြင်းကြောင့်ဖြစ်သည်။ သွင်းကုန်ပိုင်းတွင် လျော့နည်းရခြင်းမှာ ရင်းနှီးမြှုပ်နှံမှု ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံး ကုန်ကြမ်းပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများ တင်သွင်းမှု လျော့နည်းခဲ့ခြင်းကြောင့်ဖြစ်သည်။

**အိမ့် (DOT)**

## ဒီဇင်ဘာလအတွင်း ရော်ဘာနှင့် ပြောင်း တင်ပို့မှုအခြေအနေ

### ရော်ဘာ

ဒီဇင်ဘာ ၁ ရက်မှ ၃၁ ရက်ထိ ကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၁၃၀ သန်း တန်ဖိုးရှိ ရော်ဘာတန်ချိန် ၁၂၁၀၀ ကျော် တင်ပို့ခဲ့သည်။ ရော်ဘာတင်ပို့မှုအနေဖြင့် တရုတ်နိုင်ငံသို့ ရော်ဘာတန်ချိန် ၈၅၇၀ ကျော်၊ မလေးရှားနိုင်ငံသို့ တန်ချိန် ၂၇၉၀ ကျော်နှင့် အိန္ဒိယနိုင်ငံသို့ ရော်ဘာ ၄၁၉ တန်၊ ကိုရီးယားနိုင်ငံသို့ ရော်ဘာတန်ချိန် ၂၀၀ ကျော်၊ ဂျပန်နိုင်ငံသို့ ရော်ဘာတန်ချိန် ၁၂၀ ကျော် တင်ပို့ခဲ့သည်။

ဒီဇင်ဘာလအတွင်း နယ်စပ်ကုန်သွယ်မှုလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၄ ဒသမ ၈၄၀ သန်း တန်ဖိုးရှိ ရော်ဘာတန်ချိန် ၃၅၄၀ ကျော် တင်ပို့သည်။ တင်ပို့မှုများအနေဖြင့် မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်မှုလမ်းကြောင်းမှ ရော်ဘာ ၂၅၃၉ တန်နှင့် မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်မှုလမ်းကြောင်းမှ ရော်ဘာ ၁၀၀၈ တန်တင်ပို့သည်။

နည်းလမ်းနှစ်သွယ်မှ ရော်ဘာတင်ပို့မှု စုစုပေါင်းတန်ချိန် ၁၅၆၅၀ ကျော် တန်ဖိုး အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၉၇၀ သန်းရရှိသည်။ ယခင်လရော်ဘာတင်ပို့မှုနှင့် နှိုင်းယှဉ်ပါက ရော်ဘာတန်ချိန် ၉၈၀၀ ကျော် ပိုမိုတင်ပို့ခဲ့ပြီး တန်ဖိုး အမေရိကန်ဒေါ်လာ ၁၃ သန်းကျော် ပိုမိုရရှိခဲ့သည်။

### ပြောင်း

ဒီဇင်ဘာ ၁ ရက်မှ ၃၁ ရက်ထိကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ဖိလစ်ပိုင်နိုင်ငံသို့ ပြောင်းတန်ချိန် ၁၆၂၉၀ ကျော် တင်ပို့ပြီး တန်ဖိုး အမေရိကန်ဒေါ်လာ ၄ ဒသမ ၀၀၇ သန်း ရရှိခဲ့သည်။

ဒီဇင်ဘာလအတွင်း မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်မှုလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၉၁၂သန်း တန်ဖိုးရှိ ပြောင်းတန်ချိန် ၁၅၆၇၀ ကျော် တင်ပို့သည်။ နည်းလမ်းနှစ်သွယ်မှ ပြောင်းတင်ပို့မှု တန်ချိန် ၃၁၉၆၀ ကျော်ရှိပြီး တန်ဖိုး အမေရိကန်ဒေါ်လာ ၇ဒသမ ၉၁၉ သန်းရရှိသည်။ ယခင်လ ပြောင်းတင်ပို့မှုနှင့် နှိုင်းယှဉ်ပါက ပြောင်းတန်ချိန် တစ်သောင်းကျော် လျော့နည်းတင်ပို့ခဲ့သည်။

**DAAT**

# ကော့သောင်းကုန်သွယ်ရေးစခန်း၏ ဒီဇင်ဘာလအတွင်း ကုန်သွယ်မှုအခြေအနေ

ကော့သောင်း ကုန်သွယ်ရေးစခန်း၏ ဒီဇင်ဘာလအတွင်း ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၂၂ဒသမ ၅၇၂ သန်း၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၃ဒသမ ၁၇၀ သန်း ကုန်သွယ်မှုပမာဏအနေဖြင့် တန်ဖိုး အမေရိကန်ဒေါ်လာ ၂၅ ဒသမ ၇၄၂ သန်းဖြစ်သည်။

ကာလတူလုပ်ငန်းဆောင်ရွက်မှုနှင့် နှိုင်းယှဉ်ပါက ပို့ကုန်ပိုင်းတွင် တန်ဖိုးအမေရိကန်ဒေါ်လာ ၆ ဒသမ ၅၄၄ သန်း၊ သွင်းကုန်ပိုင်းတွင် တန်ဖိုးအမေရိကန်ဒေါ်လာ သုည ဒသမ ၆၁၄ သန်းပိုမိုခဲ့သဖြင့် ကုန်သွယ်မှုပမာဏအနေဖြင့် တန်ဖိုးအမေရိကန်ဒေါ်လာ ၇ ဒသမ ၁၅၈ သန်းပိုမိုခဲ့ကြောင်း သိရသည်။

ပို့ကုန်ပိုင်းတွင် ကာလတူထက် ပိုမိုခြင်းမှာ လယ်ယာထွက်ပစ္စည်းအုပ်စုတွင် တင်ပို့မှု လျော့နည်းခဲ့သော်လည်း ရေထွက်ပစ္စည်းအုပ်စုနှင့် အခြားပစ္စည်းအုပ်စုတို့တင်ပို့မှု ပိုမိုခြင်းကြောင့်ဖြစ်သည်။

သွင်းကုန်ပိုင်းတွင် ပိုမိုရခြင်းမှာ လုပ်ငန်းသုံးကုန်ပစ္စည်းအုပ်စုတွင် တင်သွင်းမှုလျော့နည်းခဲ့သော်လည်း ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းအုပ်စုနှင့် လူသုံးကုန်ပစ္စည်းတို့ တင်သွင်းမှုပိုမိုခဲ့ခြင်းကြောင့်ဖြစ်သည်။

အနီးစပ်ဆုံးကာလဖြစ်သော ယခင်လနှင့်နှိုင်းယှဉ်ပါက ပို့ကုန်ပိုင်းတွင် တန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၆၄ သန်း ပိုမိုခဲ့ပြီး သွင်းကုန်ပိုင်းတွင် တန်ဖိုးအမေရိကန်ဒေါ်လာ သုညဒသမ ၃၉၃ သန်းပိုမိုခဲ့ကြောင်းသိရသည်။

ပို့ကုန်ပိုင်းတွင် ပိုမိုရခြင်းမှာ လယ်ယာထွက်ကုန်ပစ္စည်းအုပ်စုတွင် သီဟိုဠ်စေ့၊ ရေထွက်ပစ္စည်းအုပ်စုတွင် ငါးမျိုးစုံ၊ ကင်းမွန်၊ ကဏန်းနှင့် အခြားရေထွက်ပစ္စည်း၊ အခြားပစ္စည်းအုပ်စုတွင် ငါးဖယ်ပိုက်အသေးစားတို့ ပိုမိုခဲ့ခြင်းကြောင့်ဖြစ်သည်။ သွင်းကုန်ပိုင်းတွင် အနီးစပ်ဆုံးထက် ပိုမိုခြင်းမှာ ရင်းနှီးမြှုပ်နှံမှုပစ္စည်းအုပ်စုတွင် ငါးဖမ်းပိုက်ကွန်များ၊ တွင်းထွက်ဆောက်လုပ်ရေးပစ္စည်း၊ သံနှင့်သံမဏိဆောက်လုပ်ရေးပစ္စည်းများ၊ လေအေးစက်များ၊ ဝါယာကြိုးများ၊ လူသုံးကုန်ပစ္စည်းအုပ်စုတွင် ဆေးဝါးပစ္စည်းများ၊ ချည်ထည်များ၊ အပ်ချည်ကြိုးများ၊ မီးဖိုချောင်သုံးပစ္စည်းများနှင့် အခြားပစ္စည်းများ ပိုမိုတင်သွင်းခဲ့ခြင် တို့ကြောင့် ယခင်လထက်ပိုမိုခြင်းဖြစ်သည်။

**အိမ့် (DOT)**




# တာချီလိတ်ကုန်သွယ်ရေးစခန်း၏ ဒီဇင်ဘာလအတွင်း ကုန်သွယ်မှုအခြေအနေ

တာချီလိတ်ကုန်သွယ်ရေးစခန်း ၏ ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ ၃၁ ရက်ထိ လုပ်ငန်းဆောင်ရွက်မှုမှာ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၂ ဒသမ ၁၁၄ သန်း၊ သွင်းကုန် တန်ဖိုး အမေရိကန်ဒေါ်လာ ၉ ဒသမ ၆၈၅ သန်းဖြစ်၍ ကုန်သွယ်မှုပမာဏမှာ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၇၉၉ သန်းဖြစ်သည်။

ယခင်နှစ်ဘဏ္ဍာနှစ်ကာလတူ လုပ်ငန်းဆောင်ရွက်မှုနှင့် နှိုင်းယှဉ်ပါက ပို့ကုန်ပိုင်းတွင် တန်ဖိုးအမေရိကန်ဒေါ်လာ ၂ ဒသမ ၅၂၂ သန်း လျော့နည်းခဲ့ပြီး သွင်းကုန်ပိုင်းတွင် တန်ဖိုး အမေရိကန်ဒေါ်လာ ၄ ဒသမ ၁၆၉ သန်း ပိုမိုခဲ့သဖြင့် ကုန်သွယ်မှုပမာဏအနေဖြင့် တန်ဖိုးအမေရိကန်ဒေါ်လာ ၁ဒသမ ၆၄၇ သန်း ပိုမိုခဲ့ကြောင်း သိရသည်။

ကာလတူထက် ပို့ကုန်ပိုင်းတွင် လျော့နည်းရခြင်းမှာ လယ်ယာထွက်ကုန်ပစ္စည်းအုပ်စုတွင် တန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၈၀ သန်း၊ သတ္တုတွင်းထွက်ပစ္စည်းအုပ်စုတွင် တန်ဖိုး အမေရိကန်ဒေါ်လာ သုညဒသမ ၁၈၉ သန်း၊ အခြားပစ္စည်းအုပ်စုတွင် တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၀၆၇ သန်း ပိုမိုခဲ့သော်လည်း သစ်တောထွက်အုပ်စုတွင် တန်ဖိုး အမေရိကန်ဒေါ်လာ ၂ဒသမ ၁၇၈ သန်း၊ ရေထွက်ပစ္စည်းအုပ်စုတွင် တန်ဖိုး အမေရိကန်ဒေါ်လာ ၂ဒသမ ၁၀၈ သန်းလျော့နည်းတင်ပို့ခဲ့ခြင်းကြောင့်ဖြစ်သည်။

သွင်းကုန်ပိုင်းတွင်ပိုမိုရခြင်းမှာ ရင်းနှီးမြှုပ်နှံမှု ကုန်ပစ္စည်းအုပ်စုတွင် တန်ဖိုး အမေရိ ကန်ဒေါ်လာ သုည ဒသမ ၁၁၅ သန်း လျော့နည်းတင်သွင်းခဲ့သော်လည်း လုပ်ငန်းသုံး ကုန်ပစ္စည်းအုပ်စုတွင် တန်ဖိုး အမေရိကန်ဒေါ် လာ ၃ဒသမ ၇၃၇ သန်း၊ လူသုံးကုန်ပစ္စည်းအုပ်စုတွင် တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၅၃၇ သန်း ပိုမိုခဲ့ခြင်းကြောင့်ဖြစ်သည်။

အနီးစပ်ဆုံး ကာလ၏ လုပ်ငန်းဆောင်ရွက်မှုနှင့် နှိုင်းယှဉ်ပါက ပို့ကုန်ပိုင်းတွင် တန်ဖိုး အမေရိကန်ဒေါ်လာ သုညဒသမ ၂၁၇ သန်း ၊ သွင်းကုန်ပိုင်းတွင် တန်ဖိုး အမေရိကန်ဒေါ်လာ ၁ဒသမ ၂၈၉ သန်း ပိုမိုခဲ့ခြင်းကြောင့် ကုန်သွယ်မှု ပမာဏအနေဖြင့် တန်ဖိုး အမေရိကန်ဒေါ်လာ ၁ဒသမ ၅၀၆ သန်း ပိုမိုခဲ့ခြင်းဖြစ်သည်။ ပို့ကုန်ပိုင်းတွင် ယခင်လထက် အခြားပစ္စည်းအုပ်စုတွင် တန်ဖိုး အမေရိကန်ဒေါ်လာ သုညဒသမ ၀၁၈ သန်း လျော့နည်းခဲ့သော်လည်း လယ်ယာထွက်ကုန်ပစ္စည်းအုပ်စုတွင် တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၁၉၁ သန်း၊ သတ္တုတွင်းထွက်အုပ်စုတွင် တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၀၄၄ သန်းတို့ ပိုမိုခဲ့ခြင်းကြောင့်ဖြစ်သည်။

သွင်းကုန်ပိုင်းတွင် ယခင်လထက် ပိုမိုရခြင်းမှာ ရင်းနှီးမြှုပ်နှံမှုအုပ်စုတွင် တန်ဖိုး အမေရိကန်ဒေါ်လာ သုညဒသမ ၇၄၅ သန်း၊ လုပ်ငန်းသုံးပစ္စည်း အုပ်စုတွင် တန်ဖိုး အမေရိကန်ဒေါ်လာ သုညဒသမ ၃၆၁ နှင့် လူသုံးကုန်ပစ္စည်းအုပ်စုတွင် တန်ဖိုး အမေရိကန်ဒေါ်လာ သုညဒသမ ၁၈၃ သန်း ပိုမိုခဲ့သောကြောင့်ဖြစ်သည်။


**အိမ့် (DOT)**

# ဝါးတန်းဆန်စပါးကုန်စည်ဒိုင်

**ဆန်စပါးကုန်စည်ဒိုင် ဝါးတန်း၏ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလနှင့် ၂၀၂၄ ခုနှစ် ဇန်နဝါရီလ လအလိုက်ဖြစ်ပေါ်နေသော ပြည်တွင်းတစ်အိတ်ဈေးနှုန်းကာလတူ နှိုင်းယှဉ်ချက်**

**ရေတွက်ပုံ-အိတ်/ကျပ်**

| စဉ် | | ပေါ်ဆန်း | ဧည့်မထ | ငစိန် |
|---|---|---|---|---|
| ၁ | ဒီဇင်ဘာ | ၁၀၀၀၀၀ | ၆၉၀၀၀ | ၆၇၀၀၀ |
| ၂ | ဇန်နဝါရီ | ၁၀၀၀၀၀ | ၇၂၀၀၀ | ၆၈၀၀၀ |




ရန်ကုန်တိုင်းဒေသကြီး မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းရှင်များအသင်း၊ ဆန်စပါးကုန်စည်ဒိုင် ဝါးတန်း၏ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလနှင့် ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ပထမပတ်အတွင်း လအလိုက်ဖြစ်ပေါ်သော ပြည်တွင်းဆန်ဈေးနှုန်းများ နှိုင်းယှဉ်ရာတွင် ပေါ်ဆန်းဆန် တစ်အိတ်လျှင် ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလတွင် ကျပ် ၁၀၀၀၀၀၊ ၂၀၂၄ခုနှစ် ဇန်နဝါရီလ ဒုတိယပတ်တွင် ကျပ် ၁၀၀၀၀၀ ဖြင့်ဈေးနှုန်းပြောင်းလဲမှုမရှိဘဲ ဧည့်မထဆန် တစ်အိတ်လျှင် ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလတွင် ကျပ် ၆၉၀၀၀ မှ ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ဒုတိယပတ်အတွင် ကျပ် ၇၂၀၀၀ သို့လည်းကောင်း၊ ငစိန်ဆန် တစ်အိတ်လျှင် ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလတွင် ကျပ် ၆၇၀၀၀ မှ ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ဒုတိယပတ်တွင် ကျပ် ၆၈၀၀၀ သို့လည်းကောင်း ဈေးအနည်းငယ်တက်ကြောင်း သိရှိရသည်။


**ဇာစ်မြစ်။ ဆန်စပါးကုန်စည်ဒိုင် (ဝါးတန်း) ၏ ၁၂. ၁. ၂၀၂၄ ရက်နေ့တွင်ဖြစ်ပေါ်နေသည့် ဆန်ဈေးနှုန်းများ၏ အမြင့်ဆုံးဈေးနှုန်းများအား ကာလတူ နှိုင်းယှဉ်ထားခြင်းဖြစ်ပါသည်။**

# ရော်ဘာပြည်ပပို့ကုန်ဈေးနှုန်း

**မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း၏ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလနှင့် ၂၀၂၄ ခုနှစ် ဇန်နဝါရီလအလိုက်ဖြစ်ပေါ်နေသော ရော်ဘာပြည်ပပို့ကုန် တစ်တန်ဈေးနှုန်းကာလတူ နှိုင်းယှဉ်ချက်**

ရေတွက်ပုံ-တန်/ ကျပ်

| | RSS-1 | RSS-2 | RSS -3 | RSS -4 | RSS-5 |
|---|---|---|---|---|---|
| ဒီဇင်ဘာ | ၁၄၂၅ | ၁၃၇၅ | ၁၃၂၅ | ၁၂၇၅ | ၁၂၂၅ |
| ဇန်နဝါရီ | ၁၅၀၀ | ၁၄၅၀ | ၁၄၀၀ | ၁၃၅၀ | ၁၃၀၀ |




ရန်ကုန်တိုင်းဒေသကြီး မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း၏ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလနှင့် ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ဒုတိယပတ်အတွင်း ပြည်ပရော်ဘာကာလတူဈေးနှုန်းများ နှိုင်းယှဉ်ရာတွင် RSS-1 တစ်တန်ဈေးမှာ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလတွင်ဒေါ်လာ ၁၄၂၅ ရှိရာမှ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ ဒုတိယပတ်တွင် ၁၅၀၀ သို့လည်းကောင်း၊ RSS-2 တစ်တန်ဈေးမှာ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလတွင်ဒေါ်လာ ၁၃၇၅ ရှိရာမှ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ ဒုတိယပတ်တွင် ၁၄၅၀သို့လည်းကောင်း၊ RSS-3 တစ်တန်ဈေးမှာ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလတွင်ဒေါ်လာ ၁၃၂၅ ရှိရာမှ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ ဒုတိယပတ်တွင် ၁၄၀၀ သို့လည်းကောင်း၊ RSS-4, တစ်တန်ဈေးမှာ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလတွင်ဒေါ်လာ ၁၂၇၅ ရှိရာမှ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ ဒုတိယပတ်တွင် ၁၃၅၀ သို့လည်းကောင်း၊ RSS-5 တစ်တန်ဈေးမှာ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလတွင် ဒေါ်လာ ၁၂၂၅ ရှိရာမှ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ ဒုတိယပတ်တွင် ၁၃၀၀ သို့လည်းကောင်း အသီးသီး ဒေါ်လာ ၇၅ စီ ဈေးမြင့်တက်သွားသည်ကို တွေ့ရှိရသည်။

**ဇာစ်မြစ်။ မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း၏ ၁၂. ၁. ၂၀၂၄ ရက်နေ့တွင် ဖြစ်ပေါ်နေသည့် ရော်ဘာများ၏ အမြင့်ဆုံးဈေးနှုန်းများအား ကာလတူနှိုင်းယှဉ်ထားခြင်းဖြစ်ပါသည်။**

# ရန်ကုန်မြို့ သီရိမင်္ဂလာဈေးရှိ သစ်သီးဝလံဈေးနှုန်း လအလိုက် နှိုင်းယှဉ်ချက်

ရန်ကုန်မြို့ သီရိမင်္ဂလာဈေးကြီးသို့ သစ်သီးဝင်ရောက်မှုမှာ ဇန်နဝါရီ ၁၂ ရက်တွင် ဖရဲသီး၊ ကျွဲကောသီး၊ သဘော်သီး၊ လိမ္မော်သီး၊ သရက်သီး၊ နာနတ်သီးများ ကုန်ပိသာချိန် ၃၃၀၀၀ ကျော်စီနှင့် ထောပတ်သီး ကုန်ပိသာချိန် ၂၆၀၀၀ခန့်ဝင်ရောက်မှုရှိကြောင်း သိရသည်။ သီရိမင်္ဂလာဈေးသို့ အနယ်အနယ်အရပ်ရပ်မှ သစ်သီးဝလံများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ဇန်နဝါရီ ၁၂ ရက်တွင် သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်၊ သီးနှံ စုစုပေါင်း ပိဿာချိန် ၂၅၂၄၀၀၀ အဝင်ရှိကြောင်း သိရသည်။ **CJ**

| စဉ် | သစ်သီးအမျိုးအမည် | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက်တင်ဘာ | အောက်တိုဘာ | နိုဝင်ဘာ | ဒီဇင်ဘာ | ဇန်နဝါရီ |
|---|---|---|---|---|---|---|---|---|---|---|
| ၁ | ဖရဲသီး | ၃၀၀၀-၁၂၀၀၀ | ၃၀၀၀-၁၂၀၀၀ | ၃၀၀၀-၇၀၀၀ | ၃၅၀၀-၇၀၀၀ | ၃၀၀၀-၇၀၀၀ | ၃၀၀၀-၆၀၀၀ | ၁၀၀၀-၄၀၀၀ | ၁၅၀၀-၆၀၀၀ | ၁၅၀၀-၅၀၀၀ |
| ၂ | ကျွဲကောသီး | ၁၅၀၀-၃၀၀၀ | ၁၅၀၀-၃၀၀၀ | ၁၀၀၀-၂၀၀၀ | ၁၅၀၀-၂၅၀၀ | ၁၀၀၀-၂၅၀၀ | ၁၅၀၀-၃၅၀၀ | ၁၀၀၀-၃၅၀၀ | ၃၀၀-၃၀၀၀ | ၃၀၀-၂၅၀၀ |
| ၃ | ထောပတ်သီး | - | - | - | - | - | - | - | ၃၀၀-၁၅၀၀ | ၃၀၀-၁၂၀၀ |
| ၃ | လိမ္မော်သီး | ၆၀၀၀-၈၀၀၀ (ပိဿာ) | ၅၀၀၀-၈၀၀၀ (ပိဿာ) | - | - | - | ၁၀၀၀-၁၂၀၀ လုံး | ၈၀၀-၁၂၀၀ | ၃၀၀-၆၀၀ | ၃၀၀-၁၀၀၀ |
| ၄ | သရက်သီး | ၃၀၀-၁၈၀၀ | ၂၀၀-၂၀၀၀ | ၂၀၀-၁၂၀၀ | ၂၀၀-၁၃၀၀ | ၂၀၀-၁၆၀၀ | ၂၀၀-၂၅၀၀ | ၄၀၀-၈၀၀ | ၃၀၀-၂၅၀၀ | ၂၀၀-၂၅၀၀ |
| ၅ | သဘော်သီး | ၅၀၀-၁၅၀၀ | ၁၀၀၀-၂၅၀၀ | ၁၅၀၀-၅၀၀၀ | ၁၀၀၀-၅၀၀၀ | ၁၅၀၀-၄၀၀၀ | ၁၀၀၀-၁၅၀၀၀ | ၁၀၀၀-၃၀၀၀ | ၁၀၀၀-၃၅၀၀ | ၁၀၀၀-၃၅၀၀ |
| ၆ | နာနတ်သီး | ၅၀၀-၁၀၀၀ | ၅၀၀-၁၀၀၀ | ၅၀၀-၈၀၀ | ၅၀၀-၁၃၀၀ | ၅၀၀-၁၀၀၀ | ၅၀၀-၁၀၀၀ | ၈၀၀-၁၅၀၀ | ၅၀၀-၂၀၀၀ | ၁၀၀၀-၂၀၀၀ |

# နေပြည်တော်ကောင်စီနယ်မြေအတွင်း ရောင်းချလျက်ရှိသော အခြေခံစားကုန်များ၏ ဈေးနှုန်းအခြေအနေ

၂၀၂၄ခုနှစ် ဇန်နဝါရီလ ဒုတိယပတ်အတွင်း နေပြည်တော် ကောင်စီနယ်မြေတွင် အခြေခံစားကုန်များဖြစ်သော ရွှေဘိုပေါ်ဆန်း တစ်ပြည် ၆၈၀၀ကျပ်၊ ဧည့်မထ တစ်ပြည် ၃၆၅၀ကျပ်၊ မနောသုခ တစ်ပြည် ၃၆၀၀ကျပ်နှုန်းဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပါသည်။ ကြက်သွန်နီ လက်လီဈေးမှာ (ကြီး)တစ်ပိဿာ ကျပ် ၄၀၀၀၊ (လတ်)တစ်ပိဿာ ကျပ် ၃၆၀၀၊ (သေး)တစ်ပိဿာ ကျပ် ၃၂၀၀ နှုန်းဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။


ကြက်သွန်ဖြူ လက်လီဈေးမှာ (ကြူကုတ်) တစ်ပိဿာ ကျပ် ၁၄၀၀၀ မှ ကျပ် ၁၅၀၀၀ ထိ၊ (ရှမ်း)တစ်ပိဿာ ကျပ် ၁၅၀၀၀ မှ ကျပ် ၁၅၅၀၀ထိ၊ ငရုတ်သီးခြောက် လက်လီဈေးမှာ (အရှည်) တစ်ပိဿာ ကျပ် ၁၆၀၀၀ မှ ကျပ် ၁၆၅၀၀ ထိ၊ (အပု) တစ်ပိဿာ ကျပ် ၂၄၀၀၀ မှ ၂၄၅၀၀ ထိ၊ အာလူး လက်လီဈေးမှာ ကျပ် ၃၈၀၀ မှ ကျပ် ၄၀၀၀ထိ၊ ခရမ်းချဉ်သီး တစ်ပိဿာ ကျပ် ၁၈၀၀မှ ကျပ် ၂၀၀၀ ထိ အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ကြက်ဥလက်လီဈေးမှာတစ်လုံး ကျပ် ၂၄၀ မှ ကျပ် ၂၅၀ ထိ ဖြစ်သည်။ နေပြည်တော်ကောင်စီနယ်မြေ၏ အသား/ငါးဈေးနှုန်းများမှာ ကြက်သား (CP)တစ်ပိဿာ ကျပ် ၇၈၀၀မှ ကျပ် ၁၀၀၀၀ ထိ၊ ကြက်သား(ဗမာ)တစ်ပိဿာ ကျပ် ၁၈၀၀၀ မှ ကျပ် ၂၀၀၀၀ ထိ၊ ဝက်သားတစ်ပိဿာ ကျပ် ၁၅၀၀၀ မှ ကျပ် ၁၆၀၀၀ ထိ၊ အမဲသား တစ်ပိဿာ ကျပ် ၁၄၀၀၀ မှ ကျပ် ၁၄၅၀၀ ထိ၊ ငါးမြစ်ချင်း တစ်ပိဿာ ကျပ် ၁၀၀၀၀ မှ ၁၁၀၀၀ ထိ၊ ငါးကြင်း တစ်ပိဿာ ကျပ် ၁၃၅၀၀ မှ ကျပ် ၁၄၀၀၀ ထိ ရောင်းဝယ်နေကြောင်း သိရသည်။

စားသုံးဆီဈေးနှုန်းများမှာ ပဲဆီ တစ်ပိဿာလျှင် ကျပ် ၁၄၀၀၀၊ စားအုန်းဆီ တစ်ပိဿာလျှင် ကျပ် ၅၃၀၀ နှင့် နှမ်းဆီတစ်ပိဿာလျှင် ကျပ် ၁၄၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေသည်။

**ထွန်းမင်းသန့် (နေပြည်တော်)**




SOUTHERN VILLE COMPANY LIMITED
Importer of high-quality power cables and accessories from international manufacturers
NO.2905, INDUSTRIAL ZONE RD, INDUSTRIAL ZONE-2, SOUTH DAGON INDUSTRY, 63 WARD, SOUTH DAGON TOWNSHIP, YANGON REGION
09 881 888 445
INFO@SOUTHERNVILLE.COM.M
M


MMM
Car Sales Center
Email:mmmcarsalecenter@gmail.com
www.facebook.com/MMM car sales centre
min min maung Services Co.,Ltd
မော်တော်ကားဝယ်ယူရန်စီစဉ်နေသူများအတွက် မြန်မာနိုင်ငံရာသီဥတုနှင့်အထူး သင့်လျော်သော ဂျပန်နိုင်ငံမှတိုက်ရိုက်တင်သွင်းလာသည့် အရည်အသွေးမြင့် ကားကောင်းကားသန့်များကို ဝယ်ယူသူ အမည်ပေါက် စိတ်တိုင်းကျရွေးချယ်ဝယ်ယူနိုင်ရန် အနယ်နယ်အရပ်ရပ်မှ မိတ်ဆွေများကို ကျွန်တော်တို့ MMM Car Sale Center မှ ဖိတ်ခေါ်အပ်ပါသည်။
အမှတ် (၁၉/၂၀) , ဗဟိုလမ်းမကြီး၊ နာနတ်တောဂုန်းကျော်နှင့် လှည်းတန်းဂုန်းကျော်ကြား၊ (၇) ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ Ph:09 7979 85859, 09 863 8585


ဦးဌေးအောင် + ဒေါ်သိန်းဌေး
နရားပျံ
ပဲခွဲစက်၊ ပဲမှုန့်စက်
စာတိုးမြို့ပြင်ကြီးကျေးရွာအုပ်စု ၊ မြစ်ငယ်မြို့၊
အမရပူရမြို့နယ်၊ မန္တလေး။
၀၂-၅၅၁၃၉၊ ၀၂-၅၅၂၅၃
၀၉-၅၂၆၁၇၄၄၊ ၀၉-၄၃၀၆၁၁၁၄၊
၀၉-၇၉၀၉၀၄၀၈၀၊၀၉-၇၉၇၄၂၄၇၄၄


ကောင်းကြိုက်
မုန့်မျိုးစုံလုပ်ငန်း
PEANUT
POP CORN
အမှတ် (၇)၊ ဖန်စက်လမ်း၊ ရွာမအနောက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉ ၅၁၁၀၂၄၁၇၊ ၀၉ ၇၃၀၇၅၂၄၆၊ ၀၉ ၇၈၈၈၈၆၈၇၀

သင့်ရဲ့အောင်မြင်မှုပန်းတိုင်ကို အချိန်တိုတိုအတွင်းရောက်လိုလျှင်... STAR မှ ရှုန်လွင်နှင့် အမြန်ဆက်သွယ်ပါ



# STARS & MODELS INT'L

## YANGON, MANDALAY, TAUNGGYI

## ရှုန်လွင် နှင့် အတွေ့အကြုံရင့်ဆရာများ သင်ကြားသော

အခြေခံနှင့် အဆင့်မြင့် Model သင်တန်း (ကလေး/လူကြီး)
အခြေခံနှင့် အဆင့်မြင့် အကသင်တန်း (ကလေး/လူကြီး)
DJ သင်တန်း
Personal Grooming Course ( နိုင်ငံခြားသွားမည့် သူများအတွက် အထူးသင်တန်း )
MC/ Presenter သင်တန်း

- ပိုစတာ၊ ပြက္ခဒိန်၊ လက်ကမ်းစာစောင်များအတွက် လိုအပ်သော Model နှင့်ရိုက်ကူးရေးစီစဉ်ပေးခြင်း
- TV ကြော်ငြာ၊ VCD, MTV ကာရာအိုကေအတွက် Model များငှားရမ်းခြင်း
- ကုန်စည်ပြပွဲများအတွက် အရောင်းမြှင့်တင်ရေးနှင့် ဖျော်ဖြေရေးပွဲများတင်ဆက်ပေးခြင်း
- ကုမ္ပဏီညစာစားပွဲများ၊ လက်မှတ်ထိုးပွဲများ၊ ဧည့်ခံပွဲများ၊ မင်္ဂလာအခမ်းအနား
- ကုမ္ပဏီဖွင့်ပွဲများ၊ ကံစမ်းမဲဖွင့်ပွဲများအတွက် Model များ ငှားရမ်းခြင်း
- ညစာစားပွဲများ၊ ဧည့်ခံပွဲများ၊ ဖွင့်ပွဲများနှင့် ကုန်ပစ္စည်း အသစ်မိတ်ဆက်ပွဲများတွင် ဖျော်ဖြေရေးပွဲများတင်ဆက်ခြင်း
- ကုန်ပစ္စည်း အရောင်းမြှင့်တင်မှု အစီအစဉ်များကိုတင်ဆက်ခြင်း
- ဟိုတယ်ကြီးများ၊ ကုန်တိုက်ကြီးများနှင့် အဖွဲ့အစည်းများအတွက် ဖက်ရှင်ပြပွဲများ တင်ဆက်ခြင်း
- ပျော်ပွဲရွှင်ပွဲများ၊ ဆုချီးမြှင့်ပွဲများ၊ တွေ့ဆုံပွဲများအတွက် ပျော်ရွှင်ဖွယ်ရာအကများ တင်ဆက်ခြင်း
- အခမ်းအနားမှူး၊ ပွဲစီစဉ်တင်ဆက်သူ၊ နိုင်ငံကျော်ရုပ်ရှင်သရုပ်ဆောင်များအရောင်းမြှင့်တင်ရေး Promoterများငှားရမ်းခြင်း
- ဖက်ရှင်ဝတ်စုံ၊ ကြော်ငြာဝတ်စုံများ၊ ကုမ္ပဏီယူနီဖောင်းဒီဇိုင်းဆွဲချုပ်လုပ်ခြင်း

***HOT LINE : 09 42527 7596, 09 42113 8509**

starbizgroup@gmail.com
johnlwin67@gmail.com

www.stareventproduction.com
www.starmodelagencymyanmar.com

**YANGON** အမှတ် (၉၀)၊ ဧလွှာ အခန်း (A/B)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

PH: 09 4252 775 96, 09 4211 385 09

Like us on
Star Event Production
Stars & Models Int'l Yangon



# 2024 eYt dl;caj r aps;uGft a&G

တိပ္ပ-ရေးသားသည်

**ပြီးခဲ့သည့်နှစ်အတွင်း ရင်းနှီးမြှုပ်နှံသူများ၊ ဈေးကစားလိုသူများ၏ အာရုံစိုက်ခြင်းခံခဲ့ရသည့် ရန်ကုန် အိမ်ခြံမြေဈေးကွက်သည် ၂၀၂၄ ခုနှစ် နှစ်သစ်တွင်မူ အေးစက်လျက်ရှိသည်။ ၂၀၂၂ ခုနှစ်နှင့် ၂၀၂၃ ခုနှစ် နှစ်နှစ်တာကာလအတွင်း ဘဏ်စနစ်အကျပ်အတည်းကြောင့် အိမ်ခြံမြေဈေးကွက်တွင်းသို့ ငွေပိုငွေလျှံရှိသူများ၊ ရင်းနှီးမြှုပ်နှံသူများ စုပြုံဝင်ရောက်ခဲ့ရာမှ အိမ်ခြံမြေဈေး အဆမတန် ခုန်တက်ခဲ့ပြီး ယခုနှစ် နှစ်ဆန်းပိုင်းတွင်မူ အရောင်းအဝယ် အေးစက်နေခဲ့ခြင်းဖြစ်သည်။**

ပြီးခဲ့သည့်နှစ်တွင်မူ မြန်မာကျပ်ငွေတန်ဖိုး ဆက်တိုက်ကျဆင်းလာရာ ရင်းနှီးမြှုပ်နှံလိုသူများသည် အိမ်ခြံမြေဈေးကွက်ဘက်သို့ ဦးတည်လာခဲ့ရာ ရန်ကုန်အိမ်ခြံမြေဈေးကွက် လှုပ်ခတ်ခဲ့ခြင်းဖြစ်သည်။ ဈေးချိုပြီး ကျယ်ဝန်းသည့် မြေကွက်များသည် နေထိုင်လိုသူ၊ ရင်းနှီးမြှုပ်နှံလိုသူများ အကြိုက်ဖြစ်လာခဲ့ပြီး ရန်ကုန်မြို့ပြ၏ အိမ်၊ ခြံ၊မြေဈေးနှုန်းများ သိသိသာသာမြင့်တက်လာခဲ့ခြင်းလည်းဖြစ်သည်။

"ပြီးခဲ့တဲ့နှစ်ကတော့ အိမ်ခြံမြေဈေးတွေက အဆမတန်ခုန်တက်သွားတယ်။ အခုတော့ အရောင်းအဝယ်က ပြန်ငြိမ်သွားတယ်။ အရောင်းတွေပဲ များနေတယ်။ ဈေးခေါ်ထားတဲ့ အိမ်တွေတော့ရှိတယ်။ ဒါပေမဲ့ ခေါ်ဈေးကအရမ်းများတော့ အဝယ်က မရှိဘူးဖြစ်နေတယ်။ အခုကတော့ အရောင်းအဝယ်က ကြိုက်ရောင်းကြိုက်ဝယ်အနေအထားပေါ့"ဟု ရန်ကုန်မြို့ရှိ အိမ်ခြံမြေ အကျိုးဆောင်တစ်ဦးက ဆိုသည်။

ရန်ကုန်အိမ်ခြံမြေဈေးကွက်သည် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ နယ်ဒေသအသီးသီးမှ လုပ်ငန်းရှင်များ အိမ်ခြံမြေဈေးကွက်အတွင်းသို့ ဝင်ရောက် ဈေးကစားလာခြင်းနှင့် အိမ်ခြံမြေအခွန် တင်းကျပ်လာခြင်းတို့ ဖြစ်ပေါ်ပြီးနောက်ပိုင်း အရောင်းအဝယ် အေးစက်သွားခဲ့ခြင်းဖြစ်သည်။ အိမ်၊ ခြံနှင့် မြေကွက်များမှာမူ အမြင့်ဈေးတွင် ရှိနေသေးသော်လည်း အရောင်းအဝယ် ရပ်တန့်နေခြင်းဖြစ်သည်။ ရန်ကုန်အိမ်ခြံမြေဈေးကွက်တွင် ရှမ်းပြည်နယ်မှ ရင်းနှီးမြှုပ်နှံလိုသူများသည် အများဆုံး ရင်းနှီးမြှုပ်နှံကာ ဈေးကစားလျက်ရှိသည်။ လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေများကြောင့် ယင်းအိမ်ခြံမြေဝယ်လက် ပြိုကျသွားခြင်းက ရန်ကုန်အိမ်ခြံမြေဈေးကွက် အေးစက်လာခြင်းကို အကြောင်းဖန်စေသည်။

ယင်းအပြင် SP၊ GP လွှဲပြောင်းရယူကာ ဈေးကစားခြင်းများကို ယခုနောက်ပိုင်းတွင် အိမ်ခြံမြေအရောင်းအဝယ်စာချုပ် ချုပ်ဆိုကာ ရောင်းခွန်ဆောင်ပြီးမှ လွှဲပြောင်းရယူခွင့်ပြုမှုကြောင့်လည်း ဈေးကွက်အတွင်း အမှန်တကယ်လိုအပ်သူသာ အရောင်းအဝယ် ပြုလုပ်လျက်ရှိသည်။

ယင်းသို့ ရန်ကုန်မြို့ အပါအဝင် ပြည်တွင်းအိမ်ခြံမြေဈေးကွက် အရောင်းအဝယ်အေး စက်နေချိန် စိတ်ချလုံခြုံပြီး ရင်းနှီးမြှုပ်နှံရလွယ်ကူသည့် အိမ်နီးချင်းနိုင်ငံဖြစ်သော ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ အိမ်ရာဈေးကွက်သို့ ပြည်တွင်းမှ ရင်းနှီးမြှုပ်နှံသူများ စုပြုံတိုးကာ ဝင်ရောက်ရင်းနှီးမြှုပ်နှံလျက်ရှိသည်။ လက်ရှိ ထိုင်းနိုင်ငံအတွင်း ကွန်ဒို၊ အိမ်ခန်းများ ဝယ်ယူရင်းနှီးမြှုပ်နှံမှု ထိပ်ဆုံး ၁၀ နိုင်ငံတွင် မြန်မာနိုင်ငံက အဆင့်(၈)နေရာတွင် ရပ်တည်လျက်ရှိသည်။

"ထိုင်းနိုင်ငံမှာ တိုက်ခန်း၊ ကွန်ဒိုတွေ ဝယ်ယူမှုက မြန်မာတွေ တော်တော်များလာတယ်။ နိုင်ငံခြားသားတွေက တစ်ခန်းကို ယူနစ်တစ်ခုကို ဘတ်သုံးသန်းလောက်နဲ့ ဝယ်မယ်ဆိုရင် မြန်မာတွေက ဘတ်ခြောက်သန်းလောက်ထိ ဝယ်နိုင်တယ်။တန်ဖိုးများတဲ့ တိုက်ခန်းတွေ၊ ကွန်ဒိုမီနီယံတွေဝယ်တဲ့အထဲမှာ မြန်မာတွေက နံပါတ်တစ်ဖြစ်လာတယ်။ ထိုင်းရဲ့ ကွန်ဒိုရောင်းရတဲ့ ဈေးကွက်ကတော့ နောက်တက်တဲ့ ထိုင်းအစိုးရသစ်မှာ ပိုပြီးတော့အရောင်းအဝယ် သွက်လာတယ်။ ဝယ်လိုအား ပိုများလာတယ်။ ပြည်တွင်းကသူတွေအနေနဲ့ကလည်း အခြေအနေ အကြောင်းအမျိုးမျိုးကြောင့် မိဘတွေက သားသမီးတွေကို နိုင်ငံခြားမှာ ကျောင်းထားချင်တယ်။ နိုင်ငံခြားမှာ စီးပွားရေးလုပ်ချင်တယ်။ သေချာတဲ့ ရင်းနှီးမြှုပ်နှံမှုတွေ လုပ်ချင်ကြတယ်။ အဲတော့ အနီးဆုံးအားဖြင့်ဆိုရင် ထိုင်းနိုင်ငံကို ရွေးကြတယ်။ ထိုင်းနိုင်ငံရဲ့ အားသာချက်ကတော့ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံဖို့အတွက် အရမ်းကို ခိုင်မာတယ်။ မြန်မာပြည်နဲ့ကလည်း လွယ်လွယ်ကူကူ သွားလာလို့ရတယ်။ နိုင်ငံတကာအဆင့် ကျောင်းများစွာရှိပြီး ရွေးချယ်လို့ရတယ်။ ဟောင်ကောင်၊ ဒူဘိုင်း၊ စင်ကာပူတို့ထက်စာရင် ဈေးသက်သာနေသေးတယ်။ လုံးချင်း၊ တိုက်ခန်း ငှားနေမလား၊ ဝယ်နေမလား။ ဝယ်မယ်ဆိုရင်လည်း ဒီလိုတိုက်ခန်းတွေက ပိုင်ဆိုင်မှုကို အပြည့်ရတယ်။ လုံးချင်းတွေကသာ ပိုင်ဆိုင်မှုတစ်ဝက်ပဲရမှာပေါ့နော်။ တော်တော်များများကတော့ ကွန်ဒိုတွေ ဝယ်ထားကြတယ်။ တချို့ကလည်း ကွန်ဒိုသုံးခန်းလောက် ဝယ်ထားတယ်။ တစ်ခန်းလောက်တော့ နေမယ်။ နှစ်ခန်းလောက်တော့ ငှားထားမယ်ပေါ့နော်။ တော်တော်များများကတော့ ငွေကြေးဖောင်းပွမှုမရှိတဲ့နိုင်ငံမှာ ရင်းနှီးမြှုပ်နှံရတာ စိတ်ချတယ်။ ခိုင်မာတယ်။ အခုနောက်ပိုင်းကတော့ ထိုင်းမှာ တိုက်ခန်း၊ ကွန်ဒိုတွေဝယ်ပြီး ရင်းနှီးမြှုပ်နှံကြပါတယ်"ဟု ထိုင်းအိမ်ခြံမြေ အကျိုးဆောင်ကုမ္ပဏီဖြစ်သည့် Direct Go Travels & Tours ကုမ္ပဏီလီမိတက်၏ ဒါရိုက်တာ ဒေါ်နီလာဝင်းကဆိုသည်။



> **ပြီးခဲ့တဲ့နှစ်ကတော့ အိမ်ခြံမြေဈေးတွေက အဆမတန်ခုန်တက်သွားတယ်။ အခုတော့ အရောင်းအဝယ်က ပြန်ငြိမ်သွားတယ်။ အရောင်းတွေပဲ များနေတယ်။ ဈေးခေါ်ထားတဲ့ အိမ်တွေတော့ရှိတယ်။ ဒါပေမဲ့ ခေါ်ဈေးက အရမ်းများတော့ အဝယ်က မရှိဘူးဖြစ်နေတယ်။ အခုကတော့ အရောင်းအဝယ်က ကြိုက်ရောင်းကြိုက်ဝယ် အနေအထားပေါ့။**


မြန်မာနိုင်ငံသားများအနေဖြင့် ထိုင်းအိမ်ခြံမြေဈေးကွက်သို့ ၂၀၂၃ ခုနှစ် ခြောက်လတာကာလအတွင်း ဘတ်သန်းပေါင်း ၁၂၇၄ သန်းဖိုး ဝယ်ယူခဲ့ကြောင်း BTimes ထိုင်းစီးပွားရေးသတင်းဌာနက ဖော်ပြခဲ့သည်။

"မြန်မာနိုင်ငံရဲ့ ဝယ်ယူမှုနှုန်းက အရမ်းများပါတယ်။နိုင်ငံတကာနဲ့စာလို့ရှိရင် ဘန်ကောက်မြို့မှာ မြန်မာပြည်သူတွေရဲ့ ကွန်ဒိုဝယ်ယူမှုနှုန်းက ထိပ်ဆုံးမှာရှိနေပါတယ်။ဘန်ကောက်မှာက ပြောရမယ်ဆိုလို့ရှိရင် ဈေးနှုန်းတွေက အရမ်းသက်သာတယ်။ ဘဏ်ဖွင့်ရတာလည်း အရမ်းလွယ်ကူတယ်။ ဟိုမှာက အကုန်လုံးလိုက်လုပ်ပေးတယ်။ ပိုင်ဆိုင်မှုကလည်း အရမ်းခိုင်မာတယ်။ ဘယ်လိုပုံစံမျိုးနဲ့ ပေးထားလဲဆိုလို့ရှိရင် ကွန်ဒိုစီမံကိန်းပရောဂျက်တစ်ခုမှာဆိုလို့ရှိရင် နိုင်ငံခြားသားပိုင်ဆိုင်ခွင့်ကို ၄၉ ရာခိုင်နှုန်းထိ ပေးထားပြီးတော့ ပိုင်ဆိုင်ခွင့်ရတယ်။ ပိုင်ဆိုင်ခွင့်က ခိုင်မာတယ်။ တချို့တွေကကျတော့ ရင်းနှီးမြှုပ်နှံချင်လို့ဝယ်တာ။ သွားနေချင်လို့မဟုတ်ဘူး။ အဲမှာ ဒီအတိုင်းပဲ ဝယ်ထားလိုက်တယ်။ အဲမှာက ငှားရမ်းတဲ့သူတွေကလည်းများတော့ ကျွန်တော်တို့အနေနဲ့ကလည်း တစ်ခါတည်း ပြန်ငှားပေးတာတွေ လုပ်ပေးပါတယ်။ တချို့အိမ်တွေကို ဝယ်လိုက်ပြီးတော့ တစ်နှစ်အငှားတွေပါ လုပ်ပေးပါဆိုတော့ လုပ်ပေးလိုက်တယ်။ ဒီအတိုင်း သွားဝယ်ထားလို့ရသလို ရင်းနှီးမြှုပ်နှံမှုတစ်ခုအနေနဲ့လည်း သွားဝယ်လို့ရတယ်။ ဒီအတိုင်း နေထိုင်ချင်လို့ ဝယ်ထားလို့ရသလို စီးပွားရေးလုပ်မယ်ဆိုလည်း အဆင်ပြေတယ်။ အဲလိုပုံစံမျိုးရှိတဲ့အတွက် အခုဆိုရင် မြန်မာပြည်ကနေ ထိုင်းမှာသွားဝယ်တာတွေက အရမ်းကို တိုးတက်မြန်ဆန်လာနေပါတယ်"ဟု ထိုင်း Asset Wise Developer Group ၏ မန်နေဂျင်းဒါရိုက်တာ Bunthoon Damrongrak ကဆိုသည်။

# တောင်သူလယ်သမားများကို အကျိုးပြုစေမည့် သိုလှောင်ရုံကုန်အပ်လက်မှတ်ကို အခြေပြုသည့် ငွေကြေးထောက်ပံ့မှုစနစ်အကြောင်း သိကောင်းစရာ

သဉ္ဇာလှိုင်(DOCA, ITQM)




တောင်သူလယ်သမားများအနေဖြင့် သီးနှံပေါ်ချိန်တွင် ဈေးနှုန်းများ ကျဆင်းသည့်အပြင် စိုက်ဘဏ်ချေးငွေများ ဆပ်ရခြင်း၊ အခြားချေးငွေများ ဆပ်ရခြင်း၊ မိသားစုစားဝတ်နေရေးနှင့် လူမှုရေးကိစ္စရပ်များ လုပ်ဆောင်ရခြင်းတို့အတွက် ချေးငွေများ ရယူလိုခြင်း၊ သိုလှောင်ရန် ခက်ခဲခြင်းတို့ကြောင့် သီးနှံဈေးနှုန်း မြင့်တက်ချိန်ကို စောင့်ဆိုင်းနိုင်ခြင်းမရှိဘဲ အလျင်စလို ရောင်းချနေကြရသည်။ သီးနှံပေါ်ချိန်ကာလ လွန်မြောက်ပြီး ဈေးနှုန်းပြန်လည် မြင့်တက်ချိန်တွင် တောင်သူများလယ်ဝယ်၌ သီးနှံလက်ကျန်မရှိတော့သည့်အတွက် ထိုက်သင့်သည့်အကျိုးအမြတ်မရရှိသည်ကို လေ့လာသိရသည်။

စက်ပိုင်၊ ကုန်သည်ပွဲစားများအနေဖြင့်လည်း သိုလှောင်ရုံများသို့ သီးနှံများစု ပြုံဝင်လာခြင်း၊ ဝယ်ယူပြီး သီးနှံများအတွက် ငွေပေးချေရန် အခက်အခဲရှိခြင်း၊ သီးနှံသိုလှောင်ရန် နေရာအခက်အခဲရှိခြင်းကြောင့် သိုလှောင်ရုံပြင်ပတွင်ထားရှိရသည့်အခါ အချိန်အခါမဟုတ် မိုးရွာသွန်းခြင်းကြောင့် သီးနှံပျက်စီးဆုံးရှုံးများ ဖြစ်ပေါ်လျက်ရှိသည်ကိုလည်း သိရှိရသည်။

သီးနှံကိုအပေါင်ထား၍ ငွေချေးယူခြင်းကို တောင်သူနှင့် ကုန်သည်ပွဲစား၊ စက်ပိုင်တို့အကြား တရားမဝင်(Informal) ငွေချေးယူမှုကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိပြီး အငြင်းပွားမှုများ ဖြစ်ပေါ်လာပါက ဥပဒေအရ စည်းနှောင်မှု အားနည်းသည့်အပြင် ကုန်သည်လုပ်ငန်းရှင်များအတွက် ဆုံးရှုံးနိုင်ခြေရှိပြီး တောင်သူများအနေဖြင့်လည်း အတိုးနှုန်းကြီးမြင့်သောကြောင့် အကြွေးသံသရာမှ ရုန်းမထွက်နိုင်ကြသည်ကိုလည်း လေ့လာသိရှိရသည်။ သို့ဖြစ်ရာ တောင်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်၊ ရိတ်သိမ်းချိန်လွန်ဆုံးရှုံးမှုကို လျှော့ချနိုင်စေရန်နှင့် သီးနှံကို အပေါင်ထား၍ တရားမဝင် ငွေချေးယူမှုစနစ်မှ တရားဝင် ငွေချေးယူနိုင်မည့်စနစ်သို့ ကူးပြောင်းနိုင်စေရန် ရည်ရွယ်၍ သိုလှောင်ရုံကုန်အပ်လက်မှတ်ကို အခြေပြုသည့် ငွေကြေးထောက်ပံ့မှုစနစ် (Warehouse Receipt Financing System - WRFS)ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဦးဆောင်ပြီး သက်ဆိုင်ရာဌာန၊ အသင်းအဖွဲ့များနှင့်ကျွမ်းကျင်ပညာရှင်များဖြင့် ဆွေးနွေးညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ သိုလှောင်ရုံကုန်အပ်လက်မှတ်ကို အခြေပြုသည့် ငွေကြေးထောက်ပံ့မှုစနစ် (Warehouse Receipt Financing System-WRFS) အကောင်အထည်ဖော်ဆောင်ရွက်ရေးသည် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့ ပူးပေါင်းကျင်းပပြုလုပ်ခဲ့သည့် မြန်မာ့ဆန်စပါး ညီလာခံ ၂၀၂၂၏ ဖော်ထုတ်ချက်များအနက် တစ်ခုအပါအဝင်ဖြစ်ပြီး WRF စနစ်နှင့်သက်ဆိုင်သည့် အလုပ်ရုံဆွေးနွေးပွဲကိုလည်း ၂၀၂၃ ခုနှစ် ဇွန်လ ၃၀ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

WRF စနစ်ကို ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု များပြားသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် အစပျိုး စမ်းသပ်ကာလ(Pilot Project)အဖြစ် စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို သိရသည်။ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အနေဖြင့် ၂၀၂၃ ခုနှစ် စက်တင်ဘာလ ၂၆ ရက်မှစတင်၍ Pilot Project တွင် ပါဝင်ဆောင်ရွက်လိုသည့် သိုလှောင်ရုံလုပ်ငန်းရှင်များအား စိတ်ဝင်စားမှုအဆိုပြုလွှာ (Expression of Interest – EOI) ဖိတ်ခေါ်ထားပြီး Pilot Projectတွင် ပါဝင်လိုကြောင်း စိတ်ဝင်စားမှု အဆိုပြုလွှာ လျှောက်ထားလာသည့် ကုမ္ပဏီငါးခုရှိနေပြီဖြစ်ကြောင်းကိုလည်း သိရှိရသည်။

ထို့ပြင် WRF စနစ်တွင် ပါဝင်မည့် သိုလှောင်ရုံများကို မှတ်ပုံတင်ထားရှိနိုင်ရေးအတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့ ပူးပေါင်း၍ မြန်မာဆန်စပါးအွန်လိုင်း (Myanmar Rice Online – MyRO)ကို လွှင့်တင်ထားရှိပြီး MyRO မိတ်ဆက်ပွဲ(Go-Live Ceremony)ကို ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ၃ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ဆန်တန်ချိန် ၅၀ (သို့မဟုတ်) စပါးတင်း ၅၀၀၀ နှင့်အထက် သိုလှောင်မည်ဆိုပါက MyRO Websiteတွင် သိုလှောင်ရုံ မှတ်ပုံတင်ခြင်း ဆောင်ရွက်ရမည်ဖြစ်ပြီး WRF စနစ်တွင် ပါဝင်မည့် သိုလှောင်ရုံများအနေဖြင့် သိုလှောင်ရုံကုန်အပ်စနစ်ကို အဓိကဆောင်ရွက်ခြင်း (Professional သိုလှောင်ရုံလုပ်ငန်းများ) ကဏ္ဍတွင် မှတ်ပုံတင်နိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

MyROသည် သိုလှောင်ရုံများကိုသာမက သိုလှောင်မှုစာရင်းများကိုပါ စနစ်တကျ ထည့်သွင်းဆောင်ရွက်ထားသည့် အစီအစဉ်တစ်ခုဖြစ်ပြီး သိုလှောင်ရုံမှတ်ပုံတင်ခြင်းတွင် သိုလှောင်ရုံ၏ အလျား၊ အနံ၊ အမြင့်၊ တည်နေရာ အစရှိသည့် အချက်အလက်များကို မှတ်ပုံတင်ထားရှိနိုင်မည်ဖြစ်ပြီး သိုလှောင်မှုအပိုင်းတွင် ကုန်ရ၊ ကုန်ထုတ်၊ ကုန်လက်ကျန် အစရှိသည့် အချက်အလက်များကို မှတ်ပုံတင်ထားရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။ MyRO Website တွင် ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ၃ ရက်နေ့မှ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ကုမ္ပဏီ ၇၅ ခုမှ သိုလှောင်ရုံ ၁၅၄ လုံး၊ လူပုဂ္ဂိုလ် ၂၈ ဦးမှ သိုလှောင်ရုံ ၃၉ လုံး၊ စုစုပေါင်း သိုလှောင်ရုံ ၁၉၃ လုံး မှတ်ပုံတင်ထားပြီးဖြစ်ကြောင်းကိုလည်း သိရသည်။

ယခုအခါMyanmar Agri Corner Co.,Ltd.အနေဖြင့် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်တွင်Professional Warehouse Operator အဖြစ် ဆောင်ရွက်ရန် မှတ်ပုံတင်ထားရှိပြီး ယင်းကုမ္ပဏီအနေဖြင့် WRF စနစ်ကို ဆောင်ရွက်နိုင်ရေး ဧရာဝတီတောင်သူလယ်သမားများ ဖွံ့ဖြိုးရေးဘဏ်(A Bank)နှင့် Master Security Agent Agreement ရေးထိုးထားကြောင်း သိရသည်။

"သိုလှောင်ရုံကုန်အပ်လက်မှတ်ကို အခြေပြုသည့် ငွေကြေးထောက်ပံ့မှုစနစ် အကောင်အထည်ဖော်ဆောင်ရွက်ရေးလုပ်ငန်းအဖွဲ့(Task Force)"၏ (၁/၂၀၂၄)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၃) အစည်းအဝေးခန်းမ(၁)တွင် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်ညနေပိုင်းက ကျင်းပပြုလုပ်ခဲ့ပြီး ဆန်စပါးဥပဒေပြဋ္ဌာန်းနိုင်ရေးဆောင်ရွက်ထားရှိမှုအခြေအနေ၊ ရွှေ့ပြောင်းနိုင်သောပစ္စည်းကို အာမခံထား၍ ငွေချေးယူခြင်းဆိုင်ရာဥပဒေ (Secured Transactions Law) ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေ၊ သိုလှောင်ရုံမှတ်ပုံတင်ခြင်းဆိုင်ရာ အမိန့်ထုတ်ပြန်နိုင်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် သိုလှောင်ရုံ ကုန်အပ်လက်မှတ်ကို အခြေပြုသည့် ငွေကြေးထောက်ပံ့မှုစနစ် အကောင်အထည်ဖော်ဆောင်ရွက်ရေးလုပ်ငန်းစဉ်များ (Standard Operation Procedures – SOPs) ရေးဆွဲထားရှိအခြေအနေများကို ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အစည်းအဝေးသို့ လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ မြန်မာ့အာမခံလုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ညွှန်ကြားရေးမှူးချုပ်နှင့် သက်ဆိုင်ရာဦးစီးဌာနများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် ညီနောင်အသင်းများ၊ မြန်မာကုန်ပစ္စည်းစစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက်၊ မြန်မာနိုင်ငံဘဏ်များအသင်း၊ မြန်မာနိုင်ငံအာမခံအသင်း၊ မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းတို့မှ ဥက္ကဋ္ဌများနှင့် ကျွမ်းကျင်ပညာရှင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါအစည်းအဝေးတွင် လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက နိုင်ငံတကာက ကျင့်သုံးဆောင်ရွက်လျက်ရှိသည့် ဥပဒေ၊ အမိန့်၊ စည်းမျဉ်းစည်းကမ်းများကို ကိုးကားလေ့လာ၍ WRF စနစ် အကောင်အထည်ဖော်ဆောင်ရွက်ရေးဆိုင်ရာ စည်းမျဉ်း(Regulation)ထုတ်ပြန်နိုင်ရေး ဆောင်ရွက်ရန်၊ SOPs မူကြမ်းအား အစိုးရကဏ္ဍဆိုင်ရာ လုပ်ငန်းအဖွဲ့ခွဲ (Working Group) တွင် အသေးစိတ် ပြန်လည်ဆွေးနွေးရန်နှင့် လုပ်ငန်းစဉ်အလိုက် ဆောင်ရွက်မည့်အချိန်ဇယား(Time Frame) သတ်မှတ်ဆောင်ရွက်ရန် လမ်းညွှန်မှာကြားခဲ့ကြောင်းသိရှိရသည်။

သိုလှောင်ရုံကုန်အပ်လက်မှတ်ကို အခြေပြုသည့် ငွေကြေးထောက်ပံ့မှုစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ပါက တောင်သူများအနေဖြင့် သိုလှောင်ရုံများတွင် သီးနှံကို အပေါင်စနစ်အဖြစ် အပ်နှံပြီး ရရှိလာသည့် ကုန်အပ်လက်မှတ်ကို အသုံးပြု၍ ဘဏ်တွင် ငွေချေးယူနိုင်မည့်စနစ်ဖြစ်သည့်အတွက် တောင်သူများ ဝင်ငွေ ပိုမိုရရှိလာနိုင်သည့်အပြင် ပို့ကုန်ဝင်ငွေ တိုးမြှင့်ရရှိရေးကိုလည်း တစ်ဖက်တစ်လမ်းက အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

## လှိုင်မြို့နယ် လှိုင်ဈေးကြီးအတွင်းရှိ အခြေခံစားသောက်ကုန်ဈေးနှုန်းများ

လှိုင်မြို့နယ် လှိုင်ဈေးကြီးအတွင်းရှိ အခြေခံစားသောက်ကုန်ဈေးနှုန်းများ၏ဇန်နဝါရီလ ဒုတိယပတ်အတွင်း ဖြစ်ပေါ်ခဲ့သော ဈေးနှုန်းများမှာ မီးဖိုချောင်သုံးပစ္စည်းများဖြစ်သော ဆန်နှင့်ကုန်မျိုးစုံဈေးနှုန်းများမှာ ပေါ်ဆန်းမွှေးတစ်ပြည် အနိမ့်ဆုံးဈေးနှုန်း ကျပ် ၄၅၀၀ မှ ၆၀၀၀၊ ပေါ်ကွဲတစ်ပြည် ကျပ် ၄၅၀၀ မှ ၆၀၀၀ ဧည့်မထ တစ်ပြည် ကျပ် ၃၀၀၀ မှ ၃၈၀၀၊ ဇီယာ တစ်ပြည် ကျပ် ၂၅၀၀ မှ ၃၅၀၀၊ ဝက်သား တစ်ပိဿာ ကျပ် ၁၈၀၀၀မှ ၂၀၀၀၀၊ အမဲသား တစ်ပိဿာ ကျပ် ၁၅၀၀၀ မှ ၂၀၀၀၀၊ ဆိတ်သား တစ်ပိဿာ ကျပ် ၂၄၀၀၀ မှ ၃၅၀၀၀၊ မြန်မာကြက် တစ်ပိဿာ ကျပ် ၁၇၀၀၀ မှ ၂၂၀၀၀၊ မွေးမြူရေးကြက် တစ်ပိဿာ ကျပ် ၁၄၀၀၀ မှ ၁၆၀၀၀၊ ဘဲသား တစ်ပိဿာ ကျပ် ၁၇၀၀၀ မှ ၂၄၀၀၀၊ ကြက်ဥတစ်လုံး ကျပ် ၂၅၀မှ ၃၀၀၊ ဘဲဥတစ်လုံး ကျပ် ၃၅၀ မှ ၄၀၀၊ ကြက်သွန်နီ တစ်ပိဿာ ကျပ် ၃၀၀၀ မှ ၅၀၀၀၊ ကြက်သွန်ဖြူ တစ်ပိဿာကျပ် ၁၀၀၀၀ မှ ၁၆၀၀၀၊ ငရုတ်ပု တစ်ပိဿာ ကျပ် ၂၃၀၀၀ မှ ၂၆၀၀၀၊ ကုလားပဲ တစ်ပိဿာ ကျပ် ၇၀၀၀ မှ ၈၀၀၀၊ မတ်ပဲ တစ်ပိဿာ ကျပ် ၈၀၀၀ မှ ၁၀၀၀၀၊ အာလူး တစ်ပိဿာ ကျပ်၃၀၀၀ မှ ၃၅၀၀၊ ချင်းတစ်ပိဿာ ကျပ် ၈၀၀၀ မှ ၁၀၀၀၀၊ ဆားတစ်ပိဿာ ကျပ် ၁၀၀၀ မှ ၁၂၀၀ တို့ဖြင့် ရောင်းချလျက်ရှိကြောင်း သိရသည်။

West DOCA
(DMM)

## ယခုနှစ် လေးလအတွင်း ပြောင်းတန်ချိန် ခုနစ်သိန်းဝန်းကျင် တင်ပို့နိုင်ရန် မျှော်မှန်းထား



ယခုနှစ် ဇန်နဝါရီလမှ ဧပြီလအထိ လေးလအတွင်း ပြည်ပနိုင်ငံများသို့ မြန်မာ့ပြောင်းတန်ချိန် ခုနစ်သိန်းဝန်းကျင်အထိ တင်ပို့နိုင်ရန် မျှော်မှန်းထားကြောင်း မြန်မာနိုင်ငံ ပြောင်းလုပ်ငန်းရှင်များအသင်းမှ သိရသည်။

လက်ရှိတွင် မြန်မာ့ပြောင်း တင်ပို့ခွင့်အတွက် ထိုင်း၊ တရုတ်နှင့် ဗီယက်နမ်နိုင်ငံတို့မှ ကုမ္ပဏီခုနစ်ခုနှင့် MoUလက်မှတ်ရေးထိုးထားပြီးဖြစ်ကြောင်း အဆိုပါအသင်းမှ တာဝန်ရှိသူတစ်ဦးက ဇန်နဝါရီ ၁၂ ရက်တွင် ပြောသည်။

"မြန်မာ့ပြောင်းကို ထိုင်းနိုင်ငံကို အခွန်ကင်းလွတ်ခွင့်နဲ့ တင်ပို့ခွင့်က ဖေဖော်ဝါရီလမှာ စတင်မှာဖြစ်ပါတယ်။ အခုနှစ်ကို တန်ချိန်များများ တင်ပို့နိုင်အောင် စီစဉ်နေပါတယ်။ အသင်းအနေနဲ့ မြန်မာ့ပြောင်းကို ပြည်ပနိုင်ငံတွေဆီ တိုးမြှင့်တင်ပို့နိုင်ရေးအတွက် ပြည်ပဈေးကွက်တွေက ကုန်သည်ဝယ်လက်အသစ်တွေနဲ့ ချိတ်ဆက်နိုင်ဖို့ကိုလည်း ကြိုးပမ်းဆောင်ရွက်နေပါတယ်"ဟု ၎င်းက ပြောသည်။

ထိုင်းနိုင်ငံအနေဖြင့် မြန်မာ့ဒေသထွက်ပြောင်းကို နှစ်စဉ် ဖေဖော်ဝါရီ ၁ ရက်မှ ဩဂုတ် ၃၁ ရက်အထိ အခွန်ကင်းလွတ်ခွင့်ဖြင့် တင်ပို့ခွင့်ပြုနေခြင်းဖြစ်ပြီး လာမည့် ဖေဖော်ဝါရီလမှစတင်ကာ တန်ချိန် အမြောက်အမြား တင်ပို့နိုင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ပြီးခဲ့သည့် ၂၀၂၃ ခုနှစ်အတွင်းကလည်း အခွန်ကင်းလွတ်ခွင့်ဖြင့် ထိုင်းနိုင်ငံသို့ မြန်မာ့ပြောင်း တင်ပို့ခဲ့ရာ ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ တန်ချိန် ခုနစ်သိန်းကျော်နှင့်နယ်စပ်ကုန်သွယ်ရေးမှ တန်ချိန် ၁ ဒသမ ၂ သန်းကျော် တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

ပြည်တွင်း၌ တစ်နှစ်လျှင် ပြောင်းတန်ချိန် ၂ ဒသမ ၃ သန်းနှင့် ၂ ဒသမ ၆ သန်းကြား စိုက်ပျိုးထွက်ရှိပြီး ပြောင်းကို ပြည်ပတင်ပို့ခြင်းအပြင် မန္တလေးမြို့နှင့်ရန်ကုန်မြို့တို့တွင်ရှိသည့် အစာစပ်စက်ရုံများ၊ ဒေသတွင်း မွေးမြူရေးလုပ်ငန်းများကလည်း ဝယ်ယူကြကြောင်း သိရသည်။

ပြည်ပတင်ပို့မှုအနေဖြင့် ထိုင်းနှင့် တရုတ်နိုင်ငံသို့ နယ်စပ်ကုန်သွယ်ရေးစခန်းများကတစ်ဆင့် တင်ပို့ပြီး ပင်လယ်ရေကြောင်းမှနေ၍ အိန္ဒိယ၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ ဘင်္ဂလားဒေ့ရှ်နှင့် အာဖရိက တို့ကိုလည်း တင်ပို့လျက်ရှိသည်။ **ပန်းဆု**

## တညင်းကုန်းလက်ကားဈေးကြီးတွင် ရက်သတ္တပတ်အတွင်း ရောင်းချနေသော ကုန်ဈေးနှုန်းအခြေအနေ

အင်းစိန်မြို့နယ်ရှိ တညင်းကုန်းလက်ကားဈေးကြီးအတွင်းသို့ ဇန်နဝါရီ ၃ ရက်မှ ဇန်နဝါရီ ၉ ရက်အတွင်း ညောင်တုန်း၊ မှော်ဘီ၊ သာရဝေါ၊ ညောင်နှစ်ပင်ကျေးရွာ၊ ကြာကန်စုကျေးရွာ၊ နေပြည်တော်၊ တပ်ကုန်း၊ ရွှေဒါး၊ မင်္ဂလာဒုံ၊ အင်းစိန်၊ ခရမ်း၊ သုံးခွ၊ ပြည်၊ လက်ပံတန်း၊ မင်းလှ၊ ဝါးနက်ချောင်း၊ မော်လမြိုင်၊ မန္တလေး၊ အုတ်ဖိုနှင့် ရှမ်းပြည်နယ်တို့မှ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်များ အများဆုံးဝင်ရောက် ရောင်းချနေကြောင်း သိရှိရသည်။

ထိုသို့ဝင်ရောက်ရာတွင် ယခုရက်သတ္တပတ်အတွင်း ခရမ်းချဉ်သီး ထိုင်ဝမ်(ပိဿာ)ကျပ် ၁၀၀၀ မှ ၁၈၀၀ အတွင်း၊ ဂေါ်ဖီထုပ်(တစ်ထုပ်)ကျပ် ၅၀၀ မှ ၁၅၀၀ အတွင်း၊ ပန်းဂေါ်ဖီ(ထုပ်)ကျပ် ၄၀၀ မှ ၂၀၀၀ အတွင်း၊ အာလူး(ပိဿာ)ကျပ် ၂၃၀၀ မှ ၂၈၀၀ အတွင်း၊ မုန်လာဥနီ(ပိဿာ) ကျပ် ၄၀၀၀ မှ ၅၀၀၀ အတွင်း ရွှေဖရုံသီး(လုံး)ကျပ် ၁၈၀၀ မှ ၅၄၀၀ အတွင်း၊ ဘူးသီး(လုံး) ကျပ် ၁၂၀၀ မှ ၁၅၀၀ အတွင်း၊ မုန်ညင်း(ထုပ်)(ပိဿာ)ကျပ် ၁၅၀၀ မှ ၁၈၀၀ အတွင်း၊ ကြက်သွန်နီ (ဆိပ်ဖြူ) ကျပ် ၂၈၀၀ မှ ၄၅၀၀ အတွင်း၊ ကြက်သွန်ဖြူ(ရှမ်း)(ပိဿာ)ကျပ် ၁၅၀၀၀ မှ ၁၇၀၀၀ အတွင်း၊ ကြက်သွန်ဖြူ (ကြူကုတ်) (ပိဿာ) ကျပ် ၉၀၀၀ မှ ၁၃၀၀၀ အတွင်း၊ ချင်း(ပိဿာ)ကျပ် ၃၅၀၀ မှ ၄၅၀၀ အတွင်း၊ ဆလတ်ရွက် (စည်း) ကျပ် ၂၅၀ မှ ၄၀၀ အတွင်း၊ ချဉ်ပေါင်ရွက် (စည်း) ကျပ် ၈၀ မှ ၁၂၀ အတွင်း၊ ခရမ်းသီး (ရှည်) (ပိဿာ)ကျပ် ၈၀၀ မှ ၁၆၀၀ အတွင်း၊ သံပရာသီး(လုံး)ကျပ် ၅၀ မှ ၁၀၀ အတွင်း၊ ငရုတ်သီးစိမ်း (ကျောက်စိမ်း) (ပိဿာ)ကျပ် ၁၃၀၀ မှ ၂၃၀၀ အတွင်း၊ ဖရဲသီး (အကြီး၊ အလတ်၊ အသေး) ကျပ် ၃၀၀၀ မှ ၈၅၀၀ အတွင်း ဖြစ်ကြောင်း သိရှိရသည်။

တညင်းကုန်းလက်ကားဈေးကြီး အတွင်းသို့ ယခုရက်သတ္တပတ်အတွင်း သံပုရာသီးအလုံးပေါင်း ၁၇၀၅၂၀၀ ကျော်၊ ခရမ်းသီး (ရှည်) (ပိဿာ) ၃၆၈၃၀ ကျော်၊ ဘူးသီးအလုံးပေါင်း ၉၆၅၃ လုံးကျော်၊ ရွှေဖရုံသီးအလုံးပေါင်း ၅၃၂၅ လုံးကျော်၊ ဂေါ်ဖီထုပ်ပေါင်း ၆၉၂၀၀ ကျော်၊ ပန်းဂေါ်ဖီထုပ်ပေါင်း ၅၈၀၀၀ ကျော်၊ မုန်ညင်းထုပ် (ပိဿာ) ပေါင်း ၉၄၈၀ ကျော်၊ ဖရဲသီးလုံးပေါင်း ၂၉၇၅၀ ကျော် အသီးသီး ကုန်အဝင်ရှိကြောင်း သိရသည်။ **လှဲ့လှဲ့စိုး (ရန်ကုန်)**



## ထန်းလျက် စားသောက်ကုန်များကို အမေရိကန်အပါအဝင် ပြည်ပနိုင်ငံအချို့သို့ တင်ပို့ရောင်းချလျက်ရှိ

ထန်းလျက်ကို အခြေခံသည့် စားသောက်ကုန်များကို ပြည်ပနိုင်ငံများဖြစ်သည့် အမေရိကန်၊ ဂျပန်၊ တောင်ကိုရီးယား၊ စင်ကာပူနှင့် ထိုင်းနိုင်ငံတို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်ရှိ ထန်းလျက်စားသောက်ကုန်လုပ်ငန်းမှ သိရသည်။

အဆိုပါ ထန်းလျက်ကို ဆီးထန်းလျက်၊ချင်းထန်းလျက်၊ မန်ကျည်း ထန်းလျက်၊ အုန်းထန်းလျက်၊ ရှားစောင်းလက်ပပ် ထန်းလျက်စသည်ဖြင့် ထုတ်လုပ်ပြီး ပြည်တွင်း၊ ပြည်ပဈေးကွက်များသို့ တင်ပို့ရောင်းချနေခြင်းဖြစ်ကြောင်း အဆိုပါ စားသောက်ကုန်လုပ်ငန်းပိုင်ရှင် ဦးမိုးဇော်က ဇန်နဝါရီ ၁၂ ရက်တွင် ပြောသည်။


"ဖြန့်ချိမှုအနေနဲ့ ပြည်ပနိုင်ငံတွေဖြစ်တဲ့ ဂျပန်၊ စင်ကာပူ၊ ထိုင်း၊ အမေရိကန်၊ တောင်ကိုရီးယားနိုင်ငံတွေကို ပို့ပါတယ်။ ပြည်တွင်းဈေးကွက်အနေနဲ့ ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ ပြင်ဦးလွင် အစရှိတဲ့ မြို့ကြီးတွေနဲ့ အနယ်နယ်အရပ်ရပ်ကိုလည်း တင်ပို့ရောင်းချပါတယ်" ဟု ၎င်းက ပြောသည်။

အဓိက ရောင်းအားအကောင်းဆုံး ထန်းလျက်မှာ အုန်းထန်းလျက်၊ ဆီးထန်းလျက်နှင့် ချင်းထန်းလျက်တို့ဖြစ်သည်ဟု ဆိုသည်။

ယခုကဲ့သို့ ခေတ်နှင့်အညီ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိဘဲ ထန်းလျက် စားသောက်ကုန်များ ထုတ်လုပ်ခြင်းဖြင့် ထန်းပင်များစွာ ခုတ်လှဲပြီး အပင်အလုံးလိုက် ရောင်းချခြင်းမှ ကာကွယ်နိုင်သည့်အပြင် သဘာဝပတ်ဝန်းကျင် ထိခိုက်ခြင်းမှလည်း ကာကွယ်နိုင်ကြောင်း သိရသည်။ ထို့ပြင် ထန်းတောင်သူ (ထန်းတက်သမားများ)နှင့် မှီခိုမိသားစုများကို ဝင်ငွေပုံမှန်ရှာပေးနိုင်ခြင်း၊ ကျေးရွာရှိ အမျိုးသမီးများ အလုပ်အကိုင် အခြေတကျရှိခြင်း၊ ဝင်ငွေရရှိဖန်တီးပေးနိုင်ခြင်း၊ အလုပ်အကိုင်အသစ်များ ဖန်တီးပေးနိုင်ခြင်း၊ မိရိုးဖလာ ထုတ်လုပ်နေသည့်ပုံစံမှ ပိုမိုသန့်ရှင်းသောပုံစံဖြင့် ထန်းလျက်ထုတ်ကုန်များ ထုတ်လုပ်လာနိုင်ခြင်း စသည့် အကျိုးကျေးဇူးများကိုလည်း ရရှိကြောင်း သိရသည်။

ယင်းအပြင် ထန်းလျက်ကုန်ကြမ်းများကို အသုံးပြုပြီး သစ်သီးများနှင့်ရောစပ်ကာ သစ်သီးယိုများအဖြစ် ထုတ်လုပ်ရောင်းချခြင်းကိုလည်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး အဆိုပါ သစ်သီးယိုများကိုပြည်တွင်းဈေးကွက်များသို့ အဓိကထားဖြန့်ဖြူးရောင်းချကြောင်း သိရသည်။

ထိုသို့ ထန်းလျက်အသုံးပြု စားသောက်ကုန်ပစ္စည်းများ ထုတ်လုပ်ရောင်းချရာတွင် ပြည်တွင်းဖြစ် ထန်းလျက်ကုန်ကြမ်းများကိုအဓိကထား အသုံးပြုလျက်ရှိကြောင်း သိရသည်။ **ပန်းဆု**



## ပြည်ပသို့ ရေထွက်ကုန် တန်ချိန် သုံးသိန်းခွဲနီးပါး တင်ပို့ထား

ယခု ၂၀၂၃-၂၀၂၄ဘဏ္ဍာရေးနှစ် ဧပြီလမှ ဒီဇင်ဘာလအထိ ကိုးလတာ ကာလအတွင်း ပြည်ပသို့ ရေထွက်ကုန် တန်ချိန် သုံးသိန်းခွဲနီးပါး တင်ပို့ထားကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

ပင်လယ်ရေကြောင်း၊ လေကြောင်းနှင့် နယ်စပ်ထွက်ပေါက်များမှတစ်ဆင့် ရေထွက်ကုန် တန်ချိန် ၃၄၅၀၀၀ကျော် တင်ပို့ထားခြင်းဖြစ်ပြီး အမေရိကန်ဒေါ်လာ ၅၁၈ သန်းကျော် ရရှိထားကြောင်း သိရသည်။

အမေရိကန်နှင့် ထိုင်းနိုင်ငံသို့ ရေထွက်ကုန် အများဆုံး တင်ပို့ထားခြင်းဖြစ်ကာ အမျိုးအစားအလိုက် တင်ပို့မှုတွင် ငါးအုပ်စုအနေဖြင့် တန်ချိန် ၂၁၀၀၀၀ ကျော် တင်ပို့ထားပြီး အမေရိကန်ဒေါ်လာ ၂၆၂ သန်း ရရှိထားကာ ပုစွန်အနေဖြင့် တန်ချိန် ၈၄၃၂ တန် တင်ပို့ထားပြီး အမေရိကန်ဒေါ်လာ ၃၂ သန်း ရရှိထားကြောင်း သိရသည်။

ထို့ပြင် ငါး၊ ပုစွန် မဟုတ်သည့် အခြားရေထွက်ကုန် တင်ပို့မှုမှာ တန်ချိန် ၁၃၀၅၂၆ ရှိပြီး အမေရိကန်ဒေါ်လာ ၂၂၃ ဒသမ ၇၀၇ သန်း ရရှိထားကြောင်း သိရသည်။

မြန်မာ့ရေထွက်ကုန်များကို ပုံမှန် ကုန်သွယ်ရေးအဖြစ် ဂျပန်နှင့် ဥရောပနိုင်ငံများသို့ တင်ပို့ပြီး တရုတ်၊ ထိုင်းနှင့် အိမ်နီးချင်းနိုင်ငံများသို့ ကော့သောင်း၊စစ်တွေ၊ မြိတ် စသည့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှတစ်ဆင့် တင်ပို့နေခြင်းဖြစ်သည်။ ပြည်ပသို့ ငါးတင်ပို့မှုတွင် ငါးသလောက်၊ ကကတစ်၊ ငါးမြစ်ချင်း၊ ငါးခုံးမ၊ ငါးတန် စသည့် ငါးအမျိုးအစား ၂၀ ကျော်ကို တင်ပို့လျက်ရှိကြောင်း သိရသည်။

**ပန်းဆု**

# “ ကားလောကတစ်ခုလုံး ခြုံငုံသုံးသပ်ရမယ်ဆိုရင်တော့ တစ်ပတ်ရစ် အဟောင်းဈေးကွက်ကိုသာ အားကိုးရမှာပါ ”

## မြန်မာ့မော်တော်ယာဉ် ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းရှင်များအသင်း အထွေထွေ အတွင်းရေးမှူး ဦးကျော်စွာထွန်းမြင့်နှင့် တွေ့ဆုံမေးမြန်းခြင်း

**ယခုနှစ်အတွက် ပြည်ပမှ မော်တော်ယာဉ်တင်သွင်းရာတွင် ထုတ်လုပ်သည့်ခုနှစ်သတ်မှတ်ခြင်းအား စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ခဲ့ပြီး မူဝါဒပြောင်းလဲခြင်းမရှိခဲ့ကြောင်း သိရသည်။ သို့ဖြစ်ရာ ယခုနှစ်အတွင်း ပြည်တွင်းကားဈေးကွက်အခြေအနေ မည်သို့ဖြစ်ပေါ်လာနိုင်ပါသလဲ။ ၂၀၂၃ ခုနှစ် ဇူလိုင်လမှ စတင်ကာ မြင့်တက်ခဲ့သည့် ကားဈေးတွေ ပြန်ကျနေပါပြီလား။ အီးဗွီလျှပ်စစ်ကား ဈေးကွက်အခြေအနေ ဘယ်လိုဖြစ်လာနိုင်ပါသလဲဆိုခြင်းအား မြန်မာ့မော်တော်ယာဉ်ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းရှင်များအသင်း (MAMDA) အထွေထွေအတွင်းရေးမှူး ဦးကျော်စွာထွန်းမြင့်နှင့် တွေ့ဆုံခိုက် မေးမြန်းထားသည်များကို ဖော်ပြလိုက်ရပါသည်။**

**၂၀၂၄ ခုနှစ်ရဲ့ ကားဈေးကွက်အခြေအနေ ဘယ်လိုဖြစ်လာနိုင်ပါသလဲ။**

CBU စနစ်နဲ့ ကားအစီးလုံးလိုက် တင်သွင်းဖို့ဆို လက်ကျန်ခွင့်ပြုပြီးသား ပါမစ်လိုင်စင် ခွင့်ပြုမိန့် MIC သက်တမ်းကျန်ရှိနေတဲ့ ခွင့်ပြုပြီးအစီးရေအတိုင်း သွင်းခွင့်ရပြီးဖြစ်လို့ ရောက်ရှိလာပါဦးမယ်။ နှစ်အလိုက်သတ်မှတ်ချက်နဲ့ အသစ်တင်သွင်းခွင့်ရရှိဖို့ ရာနှုန်းမရှိသလောက်နည်းပါးမှာပါ။ လောင်စာဆီသုံး လူစီးကား တင်သွင်းခွင့် ယခင်မရရှိပေမယ့် လုပ်ငန်းသုံးကားနဲ့ လုပ်ငန်းသုံး ခေါင်းစဉ်အမည်ခံ ယခင်နှစ် ခွင့်ပြုပြီးသား Brand new နဲ့ Used car များ ယခုနှစ်အတွက် ခွင့်ပြုပေးဦးမှာ မဟုတ်ပါဘူး။လာမယ့် နှစ်မှာ လောင်စာဆီသုံးကား အစီးလိုက်တင်သွင်းခွင့်က ရရှိနိုင်ဖို့ အခွင့်အလမ်း အင်မတန်နည်းပါးသလို မရှိသလောက်ဖြစ်လာပါလိမ့်မယ်လို့ ပြောချင်ပါတယ်။

**SKD ကားဈေးကွက်အခြေအနေလည်း သိပါရစေ။**

SKD စနစ်နဲ့ တင်သွင်းတပ်ဆင်ခွင့်ပြုထားတဲ့ ပြည်တွင်း တပ်ဆင်ထုတ်လုပ်သော SKD ကားတွေလည်း နှစ်အလိုက်လျှောထားချက်အပေါ် ရာခိုင်နှုန်းအလိုက် လျှော့ချတင်သွင်း တပ်ဆင်ထုတ်လုပ်မှု အနည်းများလိုက် ရှိနေမယ်။ တင်သွင်းခွင့်ပြုလျက် ခွင့်ပြုမိန့်လုပ်ငန်းစဉ်အတိုင်း တင်ပြလုပ်ကိုင်ခြင်းမရှိဘဲ လက်ကျန်လုပ်ကိုင်နေတဲ့ CKD+SKD ရရှိထားတဲ့ တစ်ခုတည်းသော ဂျပန်အခြေပြု ထုတ်လုပ်နေတဲ့ ကုမ္ပဏီကြီးတစ်ခုမှ လက်ကျန် SKD ကားရာဂဏန်းအထိ တပ်ဆင်ထုတ်လုပ်ပြီးဖြစ်တာကြောင့် ပြည်တွင်းဈေးကွက်ထဲကို invoice value အသစ် ( ယခင်ရောင်းဈေး နှစ်ဆနီးပါး)ဖြင့်စတင်ဖြန့်ချိတော့မှာဖြစ်တယ်။အမျိုးအစားကွဲ ယခင်ထုတ်ယာဉ်တွေလည်း ပြန်ထုတ်နိုင်မယ်။ထုတ်လုပ်ခြင်း မပြုတော့ဘဲ ရပ်ဆိုင်းထားတဲ့အမျိုးအစားတွေလည်း ရှိလာနိုင်တယ်။ တရုတ်၊ ကိုရီးယား ဘရန်း SKD ကားတွေ တပ်ဆင်ထုတ်လုပ်မှု လက်ကျန်ခွင့်ပြုကျန်တွေကတော့ ဈေးကွက်ထဲကို ဝင်ရောက်လာပါလိမ့်ဦးမယ်။ နှစ်အလိုက် ထပ်ပြီးခွင့်ပြု အသစ်တပ်ဆင်ဖို့ကတော့ အနည်းအကျဉ်းသာ ရှိလာနိုင်မှာဖြစ်ပါတယ်။ ဂျပန်အခြေပြု SKDကားတပ်ဆင်ထုတ်လုပ်နေတဲ့ ကုမ္ပဏီတွေကတော့ တပ်ဆင်ထုတ်လုပ်မှု ဆက်ရှိနေမှာပါ။ လက်ကျန်ခွင့်ပြု အနည်းငယ် SKD ကား တရားဝင်ရောင်းဈေးကတော့ ရာခိုင်နှုန်းအလိုက် မြင့်မားမယ်လို့ ထင်မြင်မိပါတယ်။

**လျှပ်စစ်ကားရွှေ့ပြောင်းစီမံကိန်းကာလ တစ်နှစ်ပြည့်မြောက်ပြီဆိုတော့ ပြည်တွင်းမှာ လျှပ်စစ်ကားဈေးကွက်အပေါ် ဘယ်လိုမြင်မိပါသလဲ။**

အီးဗွီကားတွေအနေနဲ့ ကနဦးရွှေ့ပြောင်းစီမံကိန်း အပြီးဟုဆိုရမယ့် ၂၀၂၃ နှစ်ကုန်အထိ ကုမ္ပဏီပေါင်း ၃၀ ကျော်က အစီးရေ ထောင်ဂဏန်းတင်သွင်းခွင့်ရပြီးသလို ထပ်မံ တင်ပြခွင့်ပြုမိန့်တောင်းခံဆဲ ကုမ္ပဏီပေါင်း ၃၀ ကျော်ရှိပါတယ်။ ကနဦးရွှေ့ပြောင်းစီမံကိန်းကို လုပ်ဆောင်လာတာဆိုရင် တော်တော်လေး ခရီးရောက်နေပြီလို့ ပြောလို့ရပါတယ်။ ယခုနှစ် တင်သွင်းဖို့ကလည်း အီးဗွီကားတွေကိုပဲ ခွင့်ပြုထားတာကြောင့် လာမယ့် တင်သွင်းခွင့်



လျှောက်ထားမယ့် ကုမ္ပဏီတွေ များလာနိုင်သလို မတူညီတဲ့ ကားအမျိုးအစားတွေလည်း ဒီထက်ပိုပြီး ဝင်ရောက်လာနိုင်တယ်လို့ သုံးသပ်မိပါတယ်။ အီးဗွီကားဈေးတွေကလည်း လက်ရှိ မြေပြင်ဈေးထက် ပိုများနိုင်တယ်။ ဈေးကွက်တည်ငြိမ်မှုလိုလားတဲ့ importer ကုမ္ပဏီတွေအနေနဲ့ ထိန်းကျောင်း ဈေးနှုန်းထိန်းညှိမှသာ ကားဈေးကွက် ရေရှည်တည်တံ့မှာ ဖြစ်ပါတယ်။

**လက်ရှိအချိန် ကားဝယ်မယ့်သူတွေကိုရော ဘယ်လိုမျိုး အကြံပြုချင်ပါသလဲ။**

ဒီအချိန်မှာတော့ ကားဝယ်မယ်ဆို ဝယ်လို့ရပါပြီ။ ရောင်းမယ်ဆိုလည်း ရောင်းလို့ရပါပြီ။ ဇူလိုင် ၂၃ ရက်မှာ အထိမ်းအမှတ်ဆိုတဲ့နောက်မှာ အားလုံးဆွဲတင်ပါတယ်။ အဓိက ဈေးကွက်ကြီးလေးခုဖြစ်တဲ့ ငွေဈေး၊ ရွှေဈေး၊ ကားဈေး၊ အိမ်ခြံမြေဈေး အကုန်ဆွဲတင်ပါတယ်။ အကုန်လုံးတက်ပြီးတော့ ဩဂုတ်လလောက်မှာ ရပ်သွားပါတယ်။ ရပ်လို့ပြန်ကျတဲ့အချိန်မှာ ဈေးကွက်ထဲမှာ ကားက အရင်ဦးဆုံး ဈေးပြန်ကျပါတယ်။ နောက် အိမ်ခြံမြေ ကျလာပါတယ်။ ရွှေနဲ့ငွေကတော့ အထိုက်အသင့်လောက်ပဲ ကျပါတယ်။ ဒါပေမယ့် တကယ့်လက်ရှိကားဈေးမှာ ကျသွားတဲ့အချိန်မှာ နည်း

**တိုပ္ပ**

မျိုးစုံ ကောလာဟလပေါင်းစုံနဲ့ ဆွဲတင်ပေမယ့်မရပါဘူး။ လက်ရှိအချိန် ကားဈေးကွက်ကတော့ ဇူလိုင် ၂၃ ရက်မတိုင်မီ ဈေးလောက်ပြန် ရောက်သွားတယ်လို့ပြောလို့ရပါတယ်။ တကယ်တမ်း ရောင်းမယ် ဝယ်မယ်ဆိုရင်တော့ ကားမှာ နှစ်မျိုးခွဲရပါမယ်။မော်တော်ကားဆိုရင်တော့ လောင်စာဆီသုံးကား၊ လျှပ်စစ်ကား အဲဒီအပေါ်မှာ ကားအားလုံးကို ဝါးလုံးရှည်နဲ့သိမ်းရိုက်ပြီးတော့ ကားအားလုံးဝယ်ပါလို့တော့ မပြောချင်ပါဘူး။ လောင်စာဆီသုံး ကားကတော့ ဝယ်လို့ ရောင်းလို့အဆင်ပြေပါတယ်။ ရောင်းလို့လည်း သင့်ပါပြီ။ ဝယ်လို့လည်း သင့်ပါပြီ။ လျှပ်စစ်ကား အီးဗွီကားမှာတော့ အားလုံးက ကိုယ့်ရဲ့ ဝယ်ချင်တဲ့ ဘတ်ဂျက်ရယ် ကိုယ်ကြိုက်တဲ့ Brand ရယ်၊ ကိုယ့်ရဲ့ လေ့လာမှုရယ်၊ အားသာမှု၊ အားနည်းချက်ကို စဉ်းစား ပြီးတော့ ဝယ်လို့သင့်ပါတယ်လို့ ပြောချင်ပါတယ်။

**ဖြည့်စွက်ပြောချင်တာများရှိပါသလား။**

ဒီနှစ်ဈေးကွက်ထဲမှာတော့ SKD တချို့နဲ့ အီးဗွီကားတွေသာ ရောင်းကုန်အဖြစ် ရှိနေနိုင်ပါတယ်။ ကားလောကတစ်ခုလုံး ခြုံငုံသုံးသပ်ရမယ်ဆိုရင်တော့ တစ်ပတ်ရစ်အဟောင်းဈေးကွက်ကိုသာ အားကိုးရမှာပါ။ ကားဈေးကတော့ လက်ရှိဖြစ်နေတဲ့ ဈေးအောက်ကျဖို့မလွယ်ကူသလို မြင့်တက်နေတဲ့ ကားဈေးကို ဆွဲတင်ဖို့က လည်း ဖြစ်နိုင်ခြေနည်းပါးမှာပါ။ လောင်စာဆီသုံး တစ်ပတ်ရစ် အများကြိုက် ဈေးကွက်ကတော့ လိုအပ်တဲ့သူကဝယ်၊ မလိုအပ်တဲ့ သူကရောင်း၊ အသုံးတည့်မယ့်သူကတော့ ပြုပြင်မွမ်းမံပြီးသား ကားကို အပိုဆောင်းပေးဝယ်မယ်ဆိုတဲ့ ပုံမှန်သံသရာအတိုင်း အရောင်းအဝယ်လောကမှာ တည်တည်ငြိမ်ငြိမ် ဖြတ်သန်းနေမှာ ဖြစ်ပါတယ်။ အီးဗွီကား ဝယ်သုံးဖို့ဆိုတာထက် တစ်ဆင့်ပြန်ရောင်းချမယ့်သူတွေထဲ အီးဗွီကားဈေးကွက်က မြည်းစမ်းအသုံးပြုလာမယ့်သူတွေ ဒီနှစ်ထဲ ပိုမိုများပြားလာနိုင်ပါတယ်လို့ သုံးသပ်မိပါတယ်။

> **ဒီနှစ်ဈေးကွက်ထဲမှာတော့ SKD တချို့နဲ့ အီးဗွီကားတွေသာ ရောင်းကုန်အဖြစ် ရှိနေနိုင်ပါတယ်။ ကားလောကတစ်ခုလုံး ခြုံငုံသုံးသပ်ရမယ်ဆိုရင်တော့ တစ်ပတ်ရစ် အဟောင်းဈေးကွက်ကိုသာ အားကိုးရမှာပါ။ ကားဈေးကတော့ လက်ရှိဖြစ်နေတဲ့ဈေးအောက် ကျဖို့မလွယ်ကူသလို မြင့်တက်နေတဲ့ ကားဈေးကို ဆွဲတင်ဖို့ကလည်း ဖြစ်နိုင်ခြေနည်းပါးမှာပါ။ လောင်စာဆီသုံး တစ်ပတ်ရစ် အများကြိုက် ဈေးကွက်ကတော့ လိုအပ်တဲ့သူကဝယ်၊ မလိုအပ်တဲ့သူက ရောင်း၊ အသုံးတည့်မယ့်သူကတော့ ပြုပြင်မွမ်းမံပြီးသားကားကို အပိုဆောင်းပေးဝယ်မယ်ဆိုတဲ့ ပုံမှန်သံသရာအတိုင်း အရောင်းအဝယ်လောကမှာ တည်တည်ငြိမ်ငြိမ် ဖြတ်သန်းနေမှာ ဖြစ်ပါတယ်။**





# ပန်းတောင်းမြို့နယ် ဖောင်း ကံ ရွာ ရှိ မြေအိုးလုပ်ငန်း

ဝေဝေမင်း(ပြည်)

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်အတွင်းရှိပြည်မြို့တစ်ဖက်ကမ်း ပန်းတောင်းမြို့နယ်အတွင်းတွင် အိုးလုပ်ငန်းလုပ်ကိုင်သော ဖောင်းကံရွာလေး တည်ရှိသည်။ ထိုဖောင်းကံရွာလေးသည် အိုးလုပ်ငန်းကို မိရိုးဖလာလုပ်ကိုင်လျက်ရှိရာ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီးဖြစ်သည်။ ထိုရွာတွင် အိုးလုပ်ငန်းလုပ်ကိုင်သူ ၅၀ ဦးထက်မနည်းရှိပြီး စီးပွားဖြစ် လုပ်ကိုင်ကြသည်။

ထိုအိုးလုပ်ငန်းကို အောက်တိုဘာလမှစ၍ဧပြီလအထိ လုပ်ကိုင်ကြပြီး မေလမှစက်တင်ဘာလအထိ ငါးလကြာအချိန်တွင် အလုပ်နားချိန်ဖြစ်ပြီး ထိုအချိန်တွင် ကုန်ကြမ်းပစ္စည်းများဖြစ်သော မြေကြီး၊ ဖွဲ၊ ထင်းများကိုစုဆောင်းထားရှိကြောင်း သိရပါသည်။ မိုးလကုန်၍ အောက်တိုဘာလတွင် အိုးများက ဖုတ်ရန် လုပ်ငန်းခွင်သို့ ဝင်ကြရသည်။ အိုးဖုတ်ရန် အိုးဖိုတစ်ဖိုလျှင် အလုပ်သမား ခြောက်ဦးခန့် လိုအပ်ပြီး အိုးအလုံးပေါင်း သောင်းပြောင်းတစ်ထောင်ခန့် ဖုတ်ရ၍ အရင်းအနှီးအနေဖြင့် တစ်ဖိုလျှင် ကျပ် ၃၀၀၀၀၀ ခန့် ကုန်ကျပြီး အမြတ်အစွန်းအနေဖြင့် ကျပ် ၁၅၀၀၀၀ ခန့်ရရှိသဖြင့် ထက်ဝက်ခန့် အကျိုးအမြတ်ရရှိကြောင်း သိရသည်။ အိုးစိမ်း ဝယ်ဖုတ်သူများ အနေဖြင့် တစ်ဖိုလျှင် အကျိုးအမြတ်အနေဖြင့် ကျပ်၃၀၀၀၀သာ ရရှိကြောင်း သိရသည်။ အိုးတစ်ဖိုဖုတ်လျှင် ကြာမြင့်ချိန်မှာ သုံးနာရီခန့်သာ ကြာမြင့်ပြီး တစ်ရက်လျှင် အိုးတစ်ဖိုသာ ဖုတ်ကြောင်း သိရသည်။ အိုးဖုတ်ရာတွင် ဆောင်းရာသီတွင် ဖုတ်သည့်အိုးမှာ သောက်ရေအိုးဆိုလျှင် တစ်နှစ်ပတ်လုံး ရေမှာ အေးမြမှုရှိသည်ဟု သိရသည်။

ထို့ကြောင့် ကျေးလက်နေ ရှေးလူကြီးသူမများက ဆောင်းရာသီတွင် ဖုတ်သည့်သောက်ရေအိုးကို ဝယ်ယူသုံးစွဲကြသည်။ ယခုအချိန်တွင် ခေတ်မီတိုးတက်လာသည်နှင့်အညီ ရိုးရိုးတန်းတန်းသောက်ရေအိုးအပြင် ဆန်းသစ်တီထွင် အဆင့်မြှင့်တင်ပြီး ဇီးကွက်သောက်ရေအိုးကို ထုတ်လုပ်လာကြသည်။ ထိုဇီးကွက်သောက်ရေအိုး၏ဝင်ဆံ့ပမာဏမှာ ရေသန့်ဘူးအကြီးထက် အနည်းငယ်သာ လျော့နည်းပါသည်။ ထိုဇီးကွက် သောက်ရေအိုးမှာ တချို့ကို ဘဲနှုတ်သီးထည့်သလို တချို့ကို ဘဲနှုတ်သီး မတပ်ဘဲ ထုတ်လုပ်လာကြပါသည်။ ဈေးကွက်တွင် ဇီးကွက်သောက်ရေအိုးမှာ ဝယ်ယူမှုရှိ၍ ဘဲခေါင်းပါသောအိုးမှာ ဈေးကွက်တွင် တစ်လုံးလျှင် ကျပ် ၅၀၀၀ဖြင့် ရောင်းချပြီး ဘဲခေါင်းမပါသော ဇီးကွက်အိုးတစ်လုံးလျှင် ကျပ် ၃၅၀၀ ဖြင့် ရောင်းချကြောင်း သိရသည်။ မြေကြီးဖြင့် ပြုလုပ်ထားသော သောက်ရေအိုးမှာ ကျန်းမာရေးအတွက်လည်း အထူးသင့်တော်ပြီး ဝယ်ယူမှုများ၍ ဇီးကွက်အိုးနှင့် ရိုးရိုးသောက်ရေအိုးများကို ဦးစားပေး၍ ထုတ်လုပ်ကြကြောင်း သိရသည်။

ဈေးကွက်အနေဖြင့် ဖောင်းကံရွာမှထွက်ရှိသောအိုးမှာ နာမည်ရ၍ အမြို့မြို့အနယ်နယ်သို့ တင်ပို့ရောင်းချကြသလို မြန်အောင်၊ ကြံခင်း၊ ကံမ၊ မင်းတုန်း၊ သရက်၊ ပြည်နှင့် ရွှေတောင်မြို့များသို့ တင်ပို့ရောင်းချကြောင်း သိရသည်။

အိုးဈေးနှုန်းများအနေဖြင့် ရိုးရိုးသောက်ရေအိုးတစ်လုံးလျှင် ကျပ် ၂၀၀၀၊ ဖရုံသီးအိုးတစ်လုံးလျှင် ကျပ် ၂၅၀၀၊ ပန်းပွင့်အိုး တစ်လုံးလျှင် ကျပ် ၂၅၀၀၊ ပန်းစိုက်အိုး(ခတ်အိုး)တစ်လုံးလျှင် ကျပ် ၁၅၀၀၊ ပန်းစိုက်အိုး (ထွင်းအိုး)တစ်လုံးလျှင် ကျပ် ၁၃၀၀၊ ပန်းထိုးအိုး (ကြီး) တစ်လုံးလျှင် ကျပ် ၇၀၀၊ ပန်းထိုးအိုး(သေး)ပန်းပွင့်အိုး တစ်လုံးလျှင် ကျပ် ၅၀၀၊ ပန်းထိုးအိုး(သေး) ပြောင်တစ်လုံးလျှင် ကျပ် ၄၀၀ ၊ အင်တုံကြီး တစ်လုံးလျှင် ကျပ် ၂၀၀၀ နှင့် ငပိရည်အိုး တစ်လုံးလျှင် ကျပ် ၅၀၀ ဖြင့် ဈေးကွက်တွင် ရောင်းချကြောင်း သိရသည်။

ဖောင်းကံရွာရှိ မြေအိုးလုပ်ငန်းမှာ လူသိများ၍ နာမည်လည်း ရသဖြင့် အဝယ်များသော ဇီးကွက်သောက်ရေအိုးကို ပုံမှန်အတိုင်း ထုတ်လုပ်ခြင်းမဟုတ်ဘဲ အလှအပဖြစ်အောင် ဆေးရောင်စုံခြယ်ပြီး ပိုမိုခိုင်ခန့်စွာပြုလုပ်၍ ရောင်းချမည်ဆိုလျှင် မြန်မာတစ်နိုင်ငံလုံး လူသိများပြီး ပြည်တွင်းဖြစ်ကို ရွေးချယ်ဝယ်ယူသုံးစွဲကြလျှင် ထုတ်လုပ်သူများအဖို့ အမြတ်အစွန်း ပိုမိုရရှိနိုင်မည်ဖြစ်သလို သောက်ရေအိုးအပြင် အခြားသောအိုးများကိုလည်း တန်ဖိုးမြှင့်၍ ထပ်မံတိုးချဲ့ ထုတ်လုပ်သွားမည်ဆိုလျှင် အမြတ်အစွန်း များစွာရရှိနိုင်မည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။

## တောင်ငူခရိုင် ရေတာရှည်မြို့နယ်မှ ကော်ဖီလုပ်ငန်း

တောင်ငူခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် စားသုံးသူရေးရာ ဦးစီးဌာန တောင်ငူခရိုင် ဦးစီးမှူးတို့သည် ဇန်နဝါရီလ ၈ ရက် မွန်းလွဲပိုင်းက တောင်ငူခရိုင် ရေတာရှည်မြို့နယ်၊ မြို့လှမြို့ရှိ ကော်ဖီလုပ်ငန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူးတို့သည် ကော်ဖီစက်ရုံအတွင်း ကော်ဖီစေ့အခွံချွတ်ခြင်း၊ ကော်ဖီစေ့လှော်ခြင်း၊ ကော်ဖီမှုန့်ကြိတ်ခွဲခြင်းစသည့် ထုတ်လုပ်ပုံအဆင့်ဆင့်နှင့် ထုပ်ပိုးမှုစနစ် ကောင်းမွန်ရေးအတွက် ဆောင်ရွက်ထားရှိမှုနှင့် ထုပ်ပိုးမှုစနစ်ကို ကောင်းမွန်အောင် ဆောင်ရွက်၍ ပြည်ပဈေးကွက်သို့ ပိုမိုထိုးဖောက်နိုင်ရေးကို လုပ်ငန်းရှင်နှင့် ဆွေးနွေးခဲ့သည်။

အဆိုပါ ကော်ဖီလုပ်ငန်းသည် ပင်လောင်းကော်ဖီမျိုးများကို မကွေးတိုင်းဒေသကြီး၊ မင်းတုန်းမြို့နယ်တွင် ကိုယ်ပိုင်စိုက်ခင်းများဖြင့် ဧက ၅၀၀ စိုက်ပျိုးထားပါသည်။ စိုက်ခင်းများမှ ထွက်ရှိသော ကော်ဖီစေ့များကို အခွံချွတ်လှော်ထားပြီး အသင့်ကြိတ်၍ရသော လှော်ပြီးသား ကော်ဖီစေ့များကို ပါကင်ထုပ်၍လည်းကောင်း၊ အမှုန့်ကြိတ်ပြီး ပါကင်ထုပ်၍လည်းကောင်း (၁၀၀)ဂရမ် ၊(၂၀၀)ဂရမ်နှင့် (၅၀၀) ဂရမ်အထုပ်များထုတ်လုပ်ပြီး ဈေးကွက်အတွင်းသို့ ဖြန့်ဖြူးရောင်းချသည်။

ပြည်ပတွင်လည်း ဈေးကွက်အခိုင်အမာရရှိထားပြီး ပြည်ပနိုင်ငံများဖြစ်သော ကနေဒါ၊ ဂျာမနီ၊ အမေရိကန်နှင့် ထိုင်းနိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း လုပ်ငန်းရှင်တစ်ဦး၏ ပြောကြားချက်အရ သိရသည်။

**စောသန်းထိုက်ကျော်(တောင်ငူ)**



## ကော်ဖီစေ့သီးနှံ ဈေးကွက်အခြေအနေ

ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ထွက်ရှိသော ကော်ဖီသီးနှံများကို ၂၀၂၃ ဒီဇင်ဘာလမှစ၍ စတင်ဆွတ်ခူးနေကြပြီဖြစ်သည်။ ကော်ဖီသီးနှံများကို များသောအားဖြင့် ဖေဖော်ဝါရီလတွင် စတင်စိုက်ပျိုးထောင်ကြပြီး ဇွန်လနှင့် ဇူလိုင်လများတွင် စိုက်ပျိုးကြသည်။ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် ကော်ဖီသီးနှံများကို ကလော၊ ရွာငံ၊ ပင်းတယ၊ ပင်လောင်း၊ ဟိုပုံး တို့တွင် အများဆုံး စိုက်ပျိုးကြသည်။

ဟိုပုံးနှင့်ရွာငံဒေသတို့တွင် ယခုနှစ် ဒီဇင်ဘာလမှစ၍ ကော်ဖီအစိုစေ့များ စတင်ထွက်ပေါ်နေပြီဖြစ်ပြီး လက်ရှိပေါက်ဈေးအနေဖြင့် ဟိုပုံးမှ ထွက်ရှိသော ကော်ဖီအစိုစေ့ တစ်ပိဿာလျှင် ကျပ် ၃၄၀၀ မှ ၃၆၀၀၊ ရွာငံဒေသမှ ထွက်ရှိသော ရိုးရိုးကော်ဖီ အစိုသီးမှာ တစ်ပိဿာလျှင် ကျပ် ၃၆၀၀ ဖြစ်၍ အထူးတန်းသီးမှာ တစ်ပိဿာလျှင် ကျပ် ၄၀၀၀ ဖြစ်ပြီး ကော်ဖီအရည်အသွေးအပေါ် မူတည်၍ ဈေးနှုန်းကွဲပြားမှု အနည်းငယ် ရှိ ကြောင်း သိရှိရသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် အထွက်အများဆုံး ကော်ဖီမှာ အာရေးဗီးကား(Ariba)ကော်ဖီဖြစ်ကြောင်း သိရှိရသည်။

**အမွန်း(တောင်ကြီး)**

## ဝင်ငွေတိုးတဲ့ မေမြို့ပန်း

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပြည်မြို့နယ်၊ တောင်လုံးညိုကျေးရွာမှ တောင်သူ ဦးဇော်နိုင်၏ ဥယျာဉ်၊ ခြံမြေများတွင် မေမြို့ပန်းများကို စိုက်ပျိုးရောင်းချခြင်းဖြင့် မိသားစုစားဝတ်နေရေးအတွက် ဝင်ငွေများ တိုးပြီး အဆင်ပြေလျက်ရှိကြောင်း သိရသည်။

မေမြို့ပန်းကို နေရာအနှံ့အပြားတွင် စိုက်ပျိုးနိုင်ကြောင်း၊ သီတင်းကျွတ်လတွင် စတင်ပျိုးအောင်ပြီး ပြာသိုလတွင် အဖူးအပွင့်များ ဖူးပွင့်ပြီး စတင်နုတ်ယူရောင်းချနိုင်ကြောင်း သိရသည်။ ပျိုးသက်ကာလမှာ သက်ယဉ်၊ သက်လတ်၊ သက်ကြီးဟူ၍ သုံးမျိုး စိုက်ပျိုးနိုင်ကြောင်း၊ သက်ယဉ်ကို (၂)လခွဲ၊ သက်လတ်ကို (၃)လခွဲနှင့် သက်ကြီးကို (၄)လစိုက်ပျိုးရကြောင်း သိရသည်။ မေမြို့ ပန်းမျိုးစေ့ထုတ်ကို ဝယ်ယူပြီး စိုက်ပျိုးကြောင်း၊ ပန်းပွင့်အရောင်များမှာ ပန်းနုရောင်၊ အပြာရောင်၊ ကြက်သွေးရောင်၊ အနီရောင်၊ မရမ်းရောင်နှင့်အဖြူရောင်တို့ ပွင့်ကြောင်းသိရသည်။

မေမြို့ပန်းရောင်းချရာတွင် ကျေးရွာအတွင်းမှ ဈေးသည်များက လာရောက်ဝယ်ယူကြသလို ပြည်မြို့ပေါ်ရှိ ဈေးများသို့လည်း သွားရောက်ရောင်းချမှုများရှိသည်။ မေမြို့ပန်း သုံးပင်ပါ တစ်စည်းလျှင် ကျပ် ၂၅၀ ရရှိသလို လက်တစ်ဆုပ် အစည်းတစ်စည်းလျှင် ကျပ် ၁၅၀၀ အထိ ဈေးရရှိကြောင်း သိရသည်။ မေမြို့ပန်းကို တစ်ရက်ခြားတစ်ခါ နုတ်ယူရောင်းချပြီး ပန်းအစည်းရေ ၁၀၀ မှ ၁၅၀ အထိရရှိကြောင်း သိရသည်။

ထို့ကြောင့် မေမြို့ပန်းသည် မြေ၊ အရင်းအနှီး၊ အချိန်နည်းနည်းဖြင့် စိုက်ပျိုးနိုင်ပြီး ဈေးကွက်ကောင်းပါက အမြတ်ငွေများများရရှိသောကြောင့် စီးပွားဖြစ် စိုက်ပျိုးနိုင်သော ပန်းတစ်မျိုးဖြစ်ကြောင်း သိရသည်။

**သင်းသင်းအောင်(ပြည်)**





# ဧရာဝတီတိုင်းဒေသကြီးအတွင်း စိုက်ပျိုးလျက်ရှိသော စက်မှုကုန်ကြမ်းသီးနှံရော်ဘာ ဈေးကွက်

မင်းမင်းဦး(ပသ)

ဧရာဝတီတိုင်းဒေသကြီးသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်လျက်ရှိသော တိုင်းကြီးတစ်ခုဖြစ်ပြီး စိုက်ပျိုးရေးကဏ္ဍတွင် မိုး၊ နွေစပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ ပြောင်းနှင့် အခြားသီးနှံများကိုလည်း စိုက်ပျိုးဖြစ်ထွန်းအောင်မြင်လျက်ရှိသည့်အပြင် နှစ်ရှည်သီးနှံအုပ်စုတွင် သီဟိုဠ်နှင့် စက်မှုကုန်ကြမ်းသီးနှံ ရော်ဘာကိုလည်း ပုသိမ်မြို့နယ်၊ ချောင်းသာ၊ ငွေဆောင်၊ မော်တင်စွန်းကားလမ်းဘေးကျေးရွာများနှင့် ငပုတော၊ လပွတ္တာ၊ မြောင်းမြ၊ ဟင်္သာတ၊ လေးမျက်နှာ၊ အင်္ဂပူ၊ မြန်အောင်၊ ကြံခင်းမြို့နယ်များတွင် ဧက ၃၆၂၇၅ ကျော် စိုက်ပျိုးလျက်ရှိကြောင်း ဧရာဝတီတိုင်းဒေသကြီး ရော်ဘာစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းမှ သိရသည်။

ရော်ဘာစိုက်ပျိုးသူများအနေဖြင့် အောက်တိုဘာလမှ မတ်လအထိ အများဆုံးအစေးခြစ်ပြီး အချို့မှာ မိုးမကျမီ မေလအထိ အစေးခြစ်ယူသူများလည်းရှိကြောင်း အေးသောအချိန် အစေးပို၍ ထွက်ရှိရာ ရော်ဘာအစေးခြစ်သောအချိန်မှ ည ၁၂ နာရီဝန်းကျင်နှင့် နံနက် ၄ နာရီခွဲ ၅ နာရီအထိ အစေးခြစ်ယူပြီး ရရှိလာသော ရော်ဘာစေးကို အက်စစ်နှင့် အအေးခံပြီး ရရှိလာသော ရော်ဘာစေးများကို ခွက်နှင့်ပုံသွင်း၍ စက်ဖြင့်ကြိတ်ကာ ၃ ပေါင်ခွဲ ၊ ၄ ပေါင်ခန့်ရှိသော ရော်ဘာပြားများကို ၃၊ ၄ ရက်ခန့် နေလှမ်းပြီး ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း ရော်ဘာစိုက်ပျိုးသူ တောင်သူ ဦးစိုင်းသန်းအေးက ပြောကြားသည်။

ရော်ဘာဈေးကွက်တွင် Grade 1, c, 3 ခွဲကာ ဝယ်ယူမှုရှိပြီး ပုသိမ်မြို့နယ်မှ ထွက်ရှိသော ရော်ဘာကုန်ကြမ်းများကို ရန်ကုန်ရှိ ကုမ္ပဏီသို့ တင်ပို့ရောင်းချသူများလည်းရှိပြီး ရန်ကုန်မှတစ်ဆင့် ပြည်ပနိုင်ငံများသို့ တင်ပို့မှုရှိသလို ရန်ကုန်မြို့နှင့် ပဲခူးမြို့များရှိ ပြည်တွင်းလုပ်ငန်းရှင်များသို့လည်း ရောင်းချလျက်ရှိကြောင်း ပြည်တွင်းရှိ ရော်ဘာစက်ရုံများမှ ကားတာယာ၊ စက်ဘီးတာယာ၊ ခါတ်ကြိုး၊ ဝါယာကြိုး၊ သားရေဖိနပ်၊ လက်အိတ်၊ သားရေကွင်းနှင့်အခြားအမယ်များကိုလည်း ပြုလုပ်ရောင်းချလျက်ရှိပြီး ယခင်နှစ်ရော်ဘာတစ်ပေါင်ဈေးနှုန်းမှာ ကျပ် ၁၄၅၀ ဝန်းကျင်ရှိပြီး တစ်ပေါင်လျှင် ကျပ် ၁၀၀ ဝန်းကျင် ဈေးနှုန်းပိုမိုရရှိကြောင်း သိရသည်။

## ပြည်ခရိုင်၊ ပြည်မြို့မှ စည်ပင်သာယာဈေးအတွင်း အခြေခံစားကုန် ဈေးနှုန်းများ

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ဒုတိယပတ်အတွင်း ပဲခူးတိုင်းဒေသကြီး(အနောက်) ပြည်ခရိုင်၊ ပြည်မြို့ မြို့မစည်ပင်သာယာဈေးကြီးအတွင်း အခြေခံစားကုန်များဖြစ်သော ပေါ်ဆန်း(သစ်)တစ်အိတ်လျှင် ကျပ်၁၃၀၀၀၀၊ ဧည့်မထဆန်(သစ်) ကျောက်ရွေးတစ်အိတ်လျှင် ကျပ် ၇၈၀၀၀၊ ကြက်သွန်ဖြူ(ကြူကုတ်)တစ်ပိဿာလျှင် ကျပ် ၁၁၀၀၀ မှ ၁၂၀၀၀၊ ကြက်သွန်နီ တစ်ပိဿာလျှင် ကျပ် ၃၅၀၀၊ ချင်းတစ်ပိဿာလျှင် ကျပ် ၄၀၀၀/၅၀၀၀၊ ငရုတ်သီးခြောက်(ရှည်)တစ်ပိဿာလျှင် ကျပ် ၁၈၀၀၀၊ ကိုင်းခရမ်းချဉ်သီး တစ်ပိဿာလျှင် ကျပ် ၁၃၀၀/၁၅၀၀၊ ခရမ်းချဉ်သီး (ရှမ်း) တစ်ပိဿာလျှင် ကျပ် ၈၀၀/၁၀၀၀၊ ငရုတ်သီးစိမ်း(ကျောက်စိမ်း)တစ်ပိဿာလျှင် ကျပ် ၂၀၀၀၊ ပီနံငရုတ်သီး တစ်ပိဿာလျှင် ကျပ် ၈၀၀၀/၁၀၀၀၀၊ဂေါ်ဖီထုပ်တစ်ထုပ်လျှင်ကျပ် ၁၁၀၀/၁၃၀၀ ၊ အာလူး တစ်ပိဿာလျှင် ကျပ် ၃၅၀၀၊ ကုလားပဲတစ်ပိဿာလျှင် ကျပ် ၆၅၀၀၊ စားအုန်းဆီ တစ်ပိဿာလျှင် ကျပ် ၅၅၀၀၊ ဝက်သားတစ်ပိဿာ ကျပ် ၁၈၀၀၀/၂၀၀၀၀၊ အမဲသားတစ်ပိဿာ ကျပ် ၁၅၀၀၀၊ ဆိတ်သားတစ်ပိဿာ ကျပ် ၂၅၀၀၀၊ကြက်ဥတစ်လုံး ကျပ် ၂၀၀/၂၅၀၊ ဘဲဥတစ်လုံး ကျပ် ၃၅၀၊ ရွှေဖရုံသီး အကြီးတစ်လုံး ကျပ် ၁၀၀၀/၁၅၀၀၊ မုန်လာဥတစ်စည်းလျှင် ကျပ် ၃၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ၂၀၂၃ခုနှစ် ဒီဇင်ဘာလအတွင်း အရောင်းအဝယ်ဖြစ်ခဲ့သောဈေးနှုန်းထက် ၂၀၂၄ခုနှစ် ဇန်နဝါရီလတွင် အခြေခံစားကုန်ဈေးနှုန်းမြင့်တက်လာပြီး အချို့အခြေခံစားကုန်ဈေးနှုန်းမှာ အတက်အကျ အနည်းငယ်သာရှိပြီး အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

အိအိခိုင်(ပြည်)

**နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်**

| | | |
|---|---|---|
| မြန်မာအပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဗဟိုဌာန | ဖုန်း-၀၁ ၃၈၅၃၂၃ | အီးမေးလ်-mitcmyantrade@gmail.com |
| အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | ဖုန်း-၀၁ ၉၆၆၉၉၅၉ | အီးမေးလ်-mhcyangon@gmail.com |

ယှဉ်ပြိုင်မှုဥပဒေပါတားမြစ်ချက်များကို ဖောက်ဖျက်မှုအတွက် အောက်ပါလိပ်စာသို့ ဆက်သွယ်စုံစမ်းတိုင်ကြားနိုင်ပါသည်-

မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင် ကော်မရှင်ရုံး

ရုံးအမှတ် (၃)၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ နေပြည်တော်။

ဖုန်း - ၀၆၇(၃)၄၀၈၅၀၅

အီးမေးလ် - mmcc.office@commerce.gov.mm

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ

| | |
|---|---|
| (၁) ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) | ဓမ္မစေတီလမ်း၊ အမှတ်(၅)ကျောင်းရှေ့၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနဖြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |





# အသေးစား၊ အလတ်စား စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် အာဆီယံ

အေးငြိမ်းစံ

အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ(MSMEs) သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများအတွက် မရှိမဖြစ် အရေးပါသောလုပ်ငန်းစဉ်တစ်ခုဖြစ်သည်။ အာဆီယံတွင် MSMEs လုပ်ငန်းပေါင်း သန်း ၇၀ ရှိပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံ စုစုပေါင်း၏၉၇ဒသမ ၂ ရာခိုင်နှုန်းမှ ၉၉ ဒသမ ၉ ရာခိုင်နှုန်းကြားရှိသည်။ ဒေတာရရှိမှုများအရ အသေးစား စီးပွားရေးလုပ်ငန်းများသည် MSMEs လုပ်ငန်းများ၏ အကြီးမားဆုံးဈေးကွက်ပင် ဖြစ်သည်။ ဒေသအလိုက် MSME များသည် အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးခြင်းအတွက် ၈၅ရာခိုင်နှုန်း GDP တွင် ၄၄ ဒသမ ၈ ရာခိုင်နှုန်းနှင့် နိုင်ငံလုံးဆိုင်ရာ ပို့ကုန်များတွင် ၁၈ ရာခိုင်နှုန်း ပါဝင်သည်။

အဆိုပါ အချက်အလက်ကိန်းဂဏန်းများအရ MSME ကဏ္ဍသည် စီးပွားရေးနှင့်လူမှုရေးဖွံ့ဖြိုးတိုးတက်မှုတွင် အရေးကြီးသောအခန်းကဏ္ဍမှပါဝင်နေပြီး တန်ဖိုးမြှင့်လုပ်ငန်းများ၊ တီထွင်ဆန်းသစ်မှုနှင့် မြို့ပြ ကျေးလက်များအထိ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်းဖြင့် ပံ့ပိုးပေးသည်။ ထို့ကြောင့် MSME ကဏ္ဍသည် အာဆီယံ၏ ကျောရိုးဖြစ်ပြီး ရေရှည်နှင့် စဉ်ဆက်မပြတ် တည်တံ့စေရန်အတွက်သော်လည်းကောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက်သော်လည်းကောင်း အခြေခံကျသောအခန်းကဏ္ဍမှ ပါဝင်လာသည်ကို သိရှိကြမည်ဖြစ်သည်။

ASEAN တွင် SMEဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို ၁၉၉၅ ခုနှစ်တွင် စတင်ခဲ့ပြီး SME ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒနှင့် အရင်းအမြစ်များနှင့်စပ်လျဉ်း၍ ဦးစားပေးကဏ္ဍတစ်ခု ဖြစ်လာခဲ့သည်။ AMS (Asean Member State) ရှိ SME အေဂျင်စီများမှ ကိုယ်စားလှယ်များပါဝင်သော ASEAN SME Agency Working Group (SMEWG)ကို SME ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မူဝါဒများ၊အစီအစဉ်များနှင့် လှုပ်ရှားမှုများ ရေးဆွဲရန် ၂၀၀၀ခုနှစ်တွင် ဖွဲ့စည်းခဲ့သည်။

၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင် အာဆီယံ ASEAN SME Agency Working Group (SMEWG) ကို အသေးစား၊ အလတ်စားနှင့် အငယ်စား စီးပွားရေးလုပ်ငန်းများဆိုင်ရာ အာဆီယံ ညှိနှိုင်းရေးကော်မတီ(ACCMSME)အဖြစ် ပြောင်းလဲသတ်မှတ်ခဲ့ပြီးအသေးစားလုပ်ငန်းများကို လွှမ်းခြုံနိုင်စေရန်နှင့် ကော်မတီဖွဲ့စည်းမှုကို ချဲ့ထွင်ရန် လိုအပ်ကြောင်း ထင်ဟပ်စေရန်၊ MSME အေဂျင်စီများအပြင် အခြားနယ်ပယ်များမှ ကိုယ်စားလှယ်များပါ ပါဝင်ခဲ့ပြီးACCMSME ကိုယ်စားလှယ်များ တစ်နှစ်လျှင် နှစ်ကြိမ်တွေ့ဆုံပြီး အာဆီယံစီးပွားရေးဝန်ကြီးများ၏ လုပ်ပိုင်ခွင့်အရ အကြီးတန်း စီးပွားရေးအရာရှိများ အစည်းအဝေးသို့ အစီရင်ခံတင်ပြသည်။ ACCMSME ဥက္ကဋ္ဌတာဝန်ကို နှစ်စဉ်အလှည့်ကျ အာဆီယံနိုင်ငံများမှ အလှည့်ကျဆောင်ရွက်လျက်ရှိပြီး ACCMSME၏လက်ရှိဥက္ကဋ္ဌအဖြစ် ဖိလစ်ပိုင်နိုင်ငံမှ မစ္စBlesila A. Lantayona ၊ ကုန်သွယ်ရေးနှင့် စက်မှုလက်မှုဦးစီးဌာန လက်ထောက်အတွင်းရေးမှူးမှ တာဝန်ထမ်းဆောင်လျက်ရှိသည်။

အာဆီယံရှိ MSME ဖွံ့ဖြိုးတိုးတက်ရေးကို လက်ရှိတွင် ဆယ်နှစ်တာ SMEဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာမြောက် ဆောင်ရွက်မှုအစီအစဉ်အဖြစ် ဆောင်ရွက်လျက်ရှိပြီး SME ဖွံ့ဖြိုးတိုးတက်ရေး ၂၀၁၆-၂၀၂၅ မဟာဗျူဟာစီမံချက် (SAP SMED) 2025 သည် ပြိုင်ဆိုင်မှု ပြင်းထန်သော စီးပွားရေးပတ်ဝန်းကျင်တွင် အာဆီယံ ပူးပေါင်းဆောင်ရွက်မှုကို အားကောင်းလာစေရန်နှင့် ကမ္ဘာလုံးဆိုင်ရာ ယှဉ်ပြိုင်နိုင်စွမ်းရှိသောMSMEများကို ဖန်တီးပေးရန် စသည့် မျှော်မှန်းချက်ဖြင့် MSMEsများ၏တိုးတက်မှုနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်များကို ပံ့ပိုးကူညီရန် ဆောင်ရွက်ပေးသည်။ MSMEs ဖွံ့ဖြိုးတိုးတက်ရေး ၂၀၁၆-၂၀၂၅ မဟာဗျူဟာစီမံချက်(SAP SMED) 2025 သည် MSME လုပ်ငန်းများ ကြုံတွေ့ရလေ့ရှိသည့် ပြဿနာများကို မဟာဗျူဟာ ရည်မှန်းချက်ငါးခုဖြင့် ဖြေရှင်းရန် ရည်ရွယ်သည်။

မဟာဗျူဟာရည်မှန်းချက်ငါးရပ်မှာမဟာဗျူဟာပန်းတိုင် A- ကုန်ထုတ်စွမ်းအား၊ နည်းပညာနှင့်ဆန်းသစ်တီထွင်မှုကို မြှင့်တင်ရန်၊ မဟာဗျူဟာ ရည်မှန်းချက် B- ဘဏ္ဍာရေးဆိုင်ရာ လက်လှမ်းမီမှုကို တိုးမြှင့်ရန်၊ မဟာဗျူဟာ ရည်မှန်းချက် C- ဈေးကွက်ရရှိရေးနှင့် နိုင်ငံတကာကို မြှင့်တင်ရန်၊ မဟာဗျူဟာပန်းတိုင် D- မူဝါဒနှင့် စည်းကမ်းထိန်းသိမ်းရေးပတ်ဝန်းကျင်ကို မြှင့်တင်ရန်နှင့် မဟာဗျူဟာ ပန်းတိုင် E- စွန့်ဦးတီထွင်သူနှင့် လူသားအရင်းအနှီး ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရန်တို့ဖြစ်ပြီး ACCMSME သည် ဒေသတွင်း MSME ဖွံ့ဖြိုးတိုးတက်ရေး ပဏာမခြေလှမ်းများကို ကြီးကြပ်ရန်အတွက် အလုံးစုံညှိနှိုင်းရေးကော်မတီအဖြစ် ဆောင်ရွက်သည်။ ACCMSME ၏ ညွှန်ကြားချက်အရ ACCMSME သည် SAP SMED 2025၏ မဟာဗျူဟာရည်မှန်းချက်များနှင့် သက်ဆိုင်သည့် သီးခြားကိစ္စရပ်များအတွက် ဖြေရှင်းရန်နှင့် အကြံပေးရန်အတွက် လုပ်ငန်းအဖွဲ့နှစ်ဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံတွင်လည်း အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို ပံ့ပိုးမြှင့်တင်နိုင်ရန်အတွက် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီကို ဖွဲ့စည်း၍ အရှိန်အဟုန်ဖြင့် အားသွန်ခွန်စိုက် ကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကော်မတီနှစ်ခုမှ ဦးဆောင်၍ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လက်တွေ့ အကောင်အထည်ဖော်ဆောင်နိုင်ရန် အသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ၊ ရန်ပုံငွေစီမံခန့်ခွဲရေးအဖွဲ့နှင့် လုပ်ငန်းသုံးသပ်မှု အစီရင်ခံရေးအဖွဲ့ စသည့်ဖြင့်လုပ်ငန်းအကောင်အထည်ဖော်မည့် အဖွဲ့များကို ဖွဲ့စည်းခဲ့သည်။ အသေးစားအငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးရာတွင် SMEs Development Agency အနေဖြင့် အသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်းများဖွံ့ဖြိုးမှုအတွက် ကုန်စည်ပြပွဲများ ကျင်းပပေးခြင်းနိုင်ငံတော်အဆင့် National MSMEs Award ဆုများ ချီးမြှင့်ခြင်း၊ နည်းပညာများ ဖြန့်ဖြူးပေးခြင်း၊ Business Matching များ ကျင်းပခြင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်းများနှင့် ဝန်ထမ်းများအတွက် အရည်အသွေးမြှင့်တင်မှုသင်တန်းများ ကျင်းပခြင်း၊ ငွေကြေးနှင့်သက်ဆိုင်သော အထောက်အကူများပေးခြင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်း မှတ်ပုံတင်များ ပြုလုပ်ပေးခြင်း၊ အတိုင်ပင်ခံ ဝန်ဆောင်မှုများပေးခြင်းစသည့် အဓိက အထောက်အကူပြု ဝန်ဆောင်မှုလုပ်ငန်းများကို ပံ့ပိုးပေးလျက်ရှိသည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့်နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရန်အတွက် စီးပွားရေးလုပ်ငန်းများထဲမှ အဓိကကျပြီး အချိန်တိုအတွင်း၌ ထိထိရောက်ရောက် အကျိုးဖြစ်ထွန်းနိုင်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင် ဆောင်ရွက်ခြင်းအားဖြင့် စီးပွားရေးမောင်းနှင်အားများ ကောင်းမွန်လာစေရန်၊ ပြည်သူလူထု၏ အလုပ်အကိုင် အခွင့် အလမ်းများစွာကို ဖန်တီးပေးနိုင်စွမ်းရှိခြင်းကြောင့် MSME များ ပိုမိုရှင်သန်ဖွံ့ဖြိုးလာစေရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲလာစေရန်၊ လုပ်သာကိုင်သာရှိသည့် စီးပွားရေးဝန်းကျင်ကောင်းများ ဖြစ်ထွန်းလာစေရန် နိုင်ငံတော်မှ ချမှတ်ထားသော မူဝါဒလုပ်ငန်းစဉ်များနှင့်အညီ ဖြစ်ပေါ်လာသည့် ခေတ်ရေစီးကြောင်းများအရ ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန်၊ မြန်မာနိုင်ငံရှိ MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သတင်းအချက်အလက်၊ နည်းပညာနှင့် ငွေကြေးပံ့ပိုးမှုများ လွယ်ကူစွာ ရရှိစေရန်၊ ပြည်တွင်းပြည်ပ ဈေးကွက်များသို့ လက်လှမ်းမီစေရန်နှင့် ယှဉ်ပြိုင်နိုင်မှု စွမ်းရည်မြင့်မားတိုးတက်စေရန်၊ ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းသစ်များနှင့်အတူ ဝင်ငွေတိုးတက်ရရှိလာစေရန်၊ လုပ်ငန်းဆိုင်ရာ အခက်အခဲများနှင့် အဟန့်အတားများကို လျော့ပါးစေရန်နှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များအား ဆွေးနွေးညှိနှိုင်းဆောင်ရွက်ရန် ရည်ရွယ်၍ အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီအစည်းအဝေး(၁/၂၀၂၃) ကို ၂၀၂၃ခုနှစ်၊ မေလ ၂၇ ရက်နေ့တွင် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကာ အစည်းအဝေးတွင် ဆုံးဖြတ်ချက်(၁၁)ရပ်ကို ချမှတ်ခဲ့ပြီး MSMEs ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာလုပ်ငန်းကော်မတီများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံအနေဖြင့် MSMEs ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဘက်စုံ၊ ကဏ္ဍစုံမှ အစိုးရ၊ ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်လျက်ရှိသလို အာဆီယံ အဖွဲ့ဝင်နိုင်ငံများနှင့် တန်းတူရင်ပေါင်တန်းနိုင်ရေးကိုလည်း ဝိုင်းဝန်းကြိုးစားဆောင်ရွက်သင့်ပါကြောင်း အကြံပြု ရေးသားလိုက်ရပါသည်။

SOURCE-https://asean.org/our-communities/economic-community/resilient-and-inclusive-asean/development-of-micro-small-and-medium-enterprises-in-asean-msme/

# ရုရှားနိုင်ငံ အရှေ့ဖျားဒေသမှ ရေထွက်ကုန်များ တင်ပို့မှုသည် ၂၀၂၃ခုနှစ်တွင် ၇၂ ရာခိုင်နှုန်း တိုးတက်ခဲ့

၂၀၂၃ ခုနှစ်တွင် ရုရှားနိုင်ငံ၊ အရှေ့ဖျားဒေသ Primorskyနှင့် Sakhalin ခရိုင်တို့မှ ရေထွက်ကုန်များ တင်ပို့မှုပမာဏသည် ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ၇၂ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး တရုတ်နိုင်ငံသို့ ရေထွက်ကုန်များ တင်ပို့မှုမှာ ၃ဆ တိုးလာခဲ့ကြောင်း Primorskyခရိုင်၊ တိရစ္ဆာန်နှင့်အပင်ပိုးမွှားရောဂါကင်းရှင်းရေး ကြီးကြပ်ကွပ်ကဲမှုဌာန (Rosselkhoznadzor)မှ အကြီးအကဲက ပြောကြားခဲ့သည်။

၂၀၂၃ ခုနှစ်တွင် မွေးမြူရေးထုတ်ကုန်များ တင်ပို့ရာ၌ တန်ချိန် ၁ ဒသမ ၉၃ သန်းခန့် တိုးလာခဲ့ပြီး အဓိကတင်ပို့ခဲ့သည့် ထွက်ကုန်မှာ ရေထွက်ကုန်များဖြစ်ကာ တန်ချိန်အားဖြင့် ၁ ဒသမ၉၂ သန်းခန့်ရှိကြောင်း သိရှိရပါသည်။

ရုရှားနိုင်ငံသည် ရေထွက်ကုန်များကို ၂၀၂၃ ခုနှစ်တွင် နိုင်ငံပေါင်း ၂၀ သို့ တင်ပို့ခဲ့ပါသည်။ အဓိကတင်ပို့ခဲ့သောနိုင်ငံများမှာ တရုတ် (တန်ချိန် 130,500 ဖြင့် ၆၈ ရာခိုင်နှုန်း)၊ ကိုရီးယား(တန်ချိန် 55,700 ဖြင့် ၂၉ ရာခိုင်နှုန်း)နှင့် ဂျပန် (တန်ချိန် 2600 ဖြင့် ၁ ဒသမ ၄ ရာခိုင်နှုန်း) ဖြစ်သည်။

နှိုင်းယှဉ်ချက်အရ အသားထွက်ကုန်များ တင်ပို့မှုမှာလည်း အားကောင်းလာခဲ့သည်။ ၂၀၂၃ ခုနှစ်တွင်တန်ချိန် ၇၄၄ ဒသမ ၈ တန် တင်ပို့နိုင်ခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် တန်ချိန် ၅၄ တန်သာ တင်ပို့နိုင်ခဲ့၍ ၁၄ ဆခန့် ပိုမိုတိုးတက်လာခဲ့သည်။ အဓိက တင်ပို့သည့်ကုမ္ပဏီမှာ Rusasgro-Primorye ကုမ္ပဏီဖြစ်ပြီး တင်ပို့ခဲ့သည့်အဓိက အသားထွက်ကုန်မှာ ဝက်သားဖြစ်ကာ ဗီယက်နမ်သို့ တင်ပို့ခဲ့ခြင်းဖြစ်သည်။ **(စီးပွားရေးသံမှူး၊ မော်စကိုမြို့)**

# ဖိလစ်ပိုင်နိုင်ငံက သစ်သီးတင်ပို့မှုအား အီးယူထိ ဈေးကွက်ချဲ့ထွင်တင်ပို့ရန် ရည်ရွယ်ထား



ဖိလစ်ပိုင် South Catabato မှသစ်သီးစိုက်ပျိုးတင်ပို့နေသည့် Kablon Farms သည် အီးယူ ဈေးကွက်သို့ EU GSP+ အား အသုံးချလျက် တင်ပို့သွားနိုင်ရန် ရည်ရွယ်ထားကြောင်း ဖိလစ်ပိုင်ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာနမှ ဇန်နဝါရီ ၃ ရက်က ပြောကြားခဲ့သည်။

Kablon Farmsအနေဖြင့် လက်ရှိတွင် သစ်သီးများနှင့်အသီးအနှံများကို အခြေခံထုတ်လုပ်သည့် ကုန်ပစ္စည်းများကို ကနေဒါ၊ စင်ကာပူနှင့် အခြားနိုင်ငံများသို့ တင်ပို့လျက်ရှိကြောင်း၊ ဖိလစ်ပိုင်နိုင်ငံTupi,South Catabato အခြေစိုက် Kablon Farms သည် သစ်သီးဖြင့် ပြုလုပ်သည့် ယိုများ၊ ဂျယ်လီများ၊ ချောကလက်များ၊ အချိုရည်များ၊ အုန်းဆီ၊ ထောပတ်နှင့် အခြားစားသောက်ကုန်ပစ္စည်းများကို ထုတ်လုပ်လျက်ရှိကြောင်း South Catabato တွင် လက်လီ အရောင်းစင်တာသုံးခုနှင့် Davao တွင် ဖြန့်ချိရေးစင်တာတစ်ခုရှိပြီး အလုပ်သမားဦးရေ ၁၀၀ကျော်အား အလုပ်အကိုင် အခွင့်အလမ်း ဖန်တီးပေးထားသည့် ကုမ္ပဏီတစ်ခုဖြစ်ကြောင်း၊ ရောင်းချရမှု၏ ၉၀ ရာခိုင်နှုန်းမှာ ပြည်တွင်း ရောင်းချမှုမှ ရရှိခြင်းဖြစ်ပြီး ကျန် ၁၀ရာခိုင်နှုန်းမှာ ပြည်ပသို့တင်ပို့ခြင်းမှ ရရှိခြင်းဖြစ်ကြောင်း၊ ပြည်ပမှ ဖိလစ်ပိုင်နိုင်ငံ၏ သစ်သီးနှင့် ကိုကိုးအခြေခံထုတ်လုပ်သည့် ချောကလက်တို့အား ဝယ်ယူလိုမှုပိုမိုများပြားလာသည့်အတွက် တိုးမြှင့်တင်ပို့နိုင်ရေး ရည်ရွယ်ထားခြင်းဖြစ်ပါကြောင်း ဖော်ပြပါရှိသည်။

EU GSP+ Scheme အား သက်တမ်းတိုးပေးခြင်းက ဖိလစ်ပိုင်နိုင်ငံအတွက် ဈေးကွက်အခွင့်အလမ်းပိုမို များပြားလာစေကြောင်း၊ အီးယူဈေးကွက်အနေဖြင့် ဖိလစ်ပိုင်နိုင်ငံ၏ Cacao အား စိတ်ဝင်စားမှုရှိသဖြင့် EU GSP+ Scheme အား အသုံးချလျက် အီးယူဈေးကွက်သို့ ထိုးဖောက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ဖော်ပြပါရှိသည်။

ဖိလစ်ပိုင်နိုင်ငံသို့ ပေးအပ်ထားသည့် EU GSP+ Scheme သည် ၃၁-၁၂-၂၀၂၃ ရက်နေ့က သက်တမ်းကုန်ဆုံးသွားခဲ့ပြီးဖြစ်သဖြင့် နောက်ထပ်လေးနှစ်သက်တမ်းတိုးပေးရန် အဆိုပြု တင်ပြထားကြောင်း၊ EU GSP+ Scheme သည် ဥရောပသမဂ္ဂမှ ဖွံ့ဖြိုးဆဲနိုင်ငံများသို့ ပေးအပ်သည့် အခွန်သက်သာခွင့် အစီအစဉ်တစ်မျိုးဖြစ်ပြီး ကုန်သွယ်မှု တိုးမြှင့်ရန်၊ ဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်ရန်၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပေးအပ်သည့် အစီအစဉ်တစ်ခုဖြစ်ပြီး အမျိုးအစား သုံးမျိုးရှိပါကြောင်း၊ GSP, GSP+ နှင့် Everything But Arms ဟူ၍ဖြစ်ပါကြောင်း၊ ဖိလစ်ပိုင်နိုင်ငံအနေဖြင့် GSP+ Scheme အတွက်သတ်မှတ်ထားသည့် နိုင်ငံတကာ လူ့အခွင့်အရေးနှင့်ကောင်းမွန်သော စီမံအုပ်ချုပ်မှုဆိုင်ရာ စံနှုန်း ၂၇ နှင့် ကိုက်ညီမှုရှိကြောင်း ဖော်ပြပါရှိသည်။

**ကေသွယ်ခိုင်**
**(စီးပွားရေးသံမှူး၊ မနီလာမြို့)**

# တောင်ကိုရီးယားက အာဆီယံနိုင်ငံများနှင့်ကုန်သွယ်မှုပြုရာတွင် ဝမ်ငွေဖြင့် ငွေကြေးအလွှဲအပြောင်းလုပ်ခွင့် ပြုသွားမည်

တောင်ကိုရီးယားနိုင်ငံရှိ စီးပွားရေးလုပ်ငန်းများသည် ၎င်းတို့၏ကုန်သွယ်ဖက် အာဆီယံနိုင်ငံများနှင့် ကုန်သွယ်မှုအတွက် ငွေပေးချေရာတွင် ဝမ်ငွေဖြင့်ပေးချေခွင့် ရရှိမည်ဖြစ်ပါကြောင်းနှင့် အဆိုပါအစီအစဉ်ကို အစောဆုံးအနေဖြင့် ယခုနှစ်၏ ဒုတိယနှစ်ဝက်မှစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဘဏ္ဍာရေးဆိုင်ရာအဖွဲ့အစည်းများက ပြောကြားခဲ့သည်။

ယင်းသို့ကိုရီးယားဝမ်ငွေဖြင့် ငွေလွှဲပြောင်းခွင့်ပြုရခြင်းမှာ များပြားလှသော ကုန်ကျစရိတ်များကို လျှော့ချလို၍ဖြစ်ကြောင်း၊ ပြည်ပသို့ငွေလွှဲရာတွင် တောင်ကိုရီးယားဝမ်ငွေကို အခြားသောငွေကြေးများ (ပုံမှန်အားဖြင့် အသုံးအများဆုံးငွေကြေးမှာ အမေရိကန်ဒေါ်လာ)သို့ ပြောင်းရာတွင်လည်းကောင်း၊ အခြားသောငွေကြေးမှ ဝမ်ငွေသို့ပြောင်းရာတွင်လည်းကောင်း ကြုံတွေ့ရသည့် ငွေလဲနှုန်းအတက်အကျများကြောင့် ကုန်ကျစရိတ်များစွာရှိနေကြောင်း၊ အဆိုပါ ကုန်ကျစရိတ်များကို လျှော့ချနိုင်ရန် ဝမ်ငွေဖြင့်သာ တိုက်ရိုက်ပေးချေခွင့်ပြုမည်ဖြစ်ကြောင်း၊ ယခုအစီအစဉ်သည် စီးပွားရေးနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများက ၄-၁-၂၀၂၄ ရက်တွင် ကြေညာခဲ့သည့် ၂၀၂၄ ခုနှစ်အတွက် စီးပွားရေးမူဝါဒ ဦးတည်ချက်များအနက် အစီအစဉ်တစ်ခုကို လက်တွေ့အကောင်အထည်ဖော်ခြင်းဖြစ်ကြောင်း၊ အဆိုပါအစီအစဉ်ကို ၂၀၂၄ ခုနှစ်၊ ဒုတိယနှစ်ဝက်မှစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်သွားရန် စီးပွားရေးနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ၂၀၂၄ ခုနှစ် ပထမနှစ်ဝက်အတွင်း ငွေလဲလှယ်နှုန်းနှင့် စပ်လျဉ်းသည့် စည်းမျဉ်းများကို ပြန်လည်ပြင်ဆင်ရေးဆွဲခြင်းများကို တွန်းအားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဘဏ္ဍာရေးဆိုင်ရာ အဖွဲ့အစည်းများက ပြောကြားခဲ့သည်။

**စီးပွားရေးသံမှူး**
**(တောင်ကိုရီးယားနိုင်ငံ)**

# ဗီယက်နမ်သည် ၁၀နှစ်အတွင်း စီးပွားရေးတိုးတက်မှုနှုန်း မြင့်မားလာ

ဗီယက်နမ်သည် တရုတ်နှင့် အခြားအာရှနိုင်ငံများနှင့်အတူ ပြီးခဲ့သော ၁၀ နှစ်တာကာလအတွင်း စီးပွားရေးတိုးတက်မှုနှုန်း အမြင့်ဆုံး နိုင်ငံ ၂၀ တွင် ပါဝင်ခဲ့ကြောင်း Yahoo Finance ဖော်ပြချက်အရ သိရှိရသည်။ဈေးကွက်သတင်းများအား နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (IMF)မှ ဝက်ဘ်ဆိုဒ် အချက်အလက်များအပေါ် အခြေခံထားကြောင်း၊ ပြီးခဲ့သည့် ၁၀ နှစ်တာကာလအတွင်း နိုင်ငံအားလုံးအတွက် ပျမ်းမျှ ဂျီဒီပီတိုးတက်မှုနှုန်းကို ထည့်သွင်းစဉ်းစားထားကြောင်း သိရသည်။



ဗီယက်နမ်သည်၂၀၂၁-၂၀၂၂ခုနှစ်အတွင်း ပျမ်းမျှ GDP တိုးတက်မှုနှုန်း ၆ ဒသမ ၁ ရာခိုင်နှုန်းရှိသဖြင့် စီးပွားရေးတိုးတက်မှု မြင့်မားသောနိုင်ငံများအဆင့် သတ်မှတ်ထားကြောင်း၊ စိုက်ပျိုးရေးကဏ္ဍသည် ဂျီဒီပီနှင့်အလုပ်အကိုင်ရရှိရေးတို့ကို ပံ့ပိုးပေးခြင်းဖြင့် စီးပွားရေးကို မြင့်မားစွာ ပံ့ပိုးပေးကြောင်း သိရှိရသည်။

၂၀၂၂ ခုနှစ်တွင် ဗီယက်နမ်၏ စိုက်ပျိုးရေး-သစ်တော-ရေထွက်ကုန်တင်ပို့မှုသည် ပထမဆုံးအကြိမ်အဖြစ် အမေရိကန်ဒေါ်လာ ၅၃ ဒသမ၂၂ ဘီလီယံအထိ ရောက်ရှိခဲ့ပြီး ယခင်နှစ်ကထက် ၉ဒသမ ၃ ရာခိုင်နှုန်း တိုးတက်လာခဲ့သည်။ ရလဒ်အနေဖြင့် လယ်ယာကဏ္ဍသည် ကုန်သွယ်မှု ပိုငွေ အမေရိကန်ဒေါ်လာ ၈ ဒသမ ၅ ဘီလီယံအထိ ရှိလာခဲ့ပြီး စီးပွားရေး၏ စုစုပေါင်း ကုန်သွယ်မှုပိုငွေ၏ ၇၅ ရာခိုင်နှုန်းကျော်ရှိသည်။

ဗီယက်နမ်နိုင်ငံ၏ စာရင်းဇယားများ ကိုးကားချက်အရ အမေရိကန်သည် ဗီယက်နမ်နိုင်ငံ၏ စိုက်ပျိုးရေး၊ သစ်တောနှင့်ရေထွက်ကုန် ထုတ်ကုန်များ၏ အကြီးမားဆုံးဈေးကွက်အဖြစ် ဆက်လက်တည်ရှိနေကြောင်း၊ စုစုပေါင်းတင်ပို့မှု၏ ၂၅ရာခိုင်နှုန်းနှင့် ညီမျှကြောင်း သိရှိရသည်။ ၎င်း၏နောက်တွင် တရုတ်နိုင်ငံမှ အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံကျော် ၁၈ ဒသမ ၉ရာခိုင်နှုန်း၊ ဂျပန် ၄ ဒသမ ၂ ဘီလီယံ ၇ဒသမ ၉ ရာခိုင်နှုန်းနှင့် ကိုရီးယားသမ္မတနိုင်ငံမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ ဘီလီယံ ၄ ဒသမ ၇ရာခိုင်နှုန်းတို့ဖြစ်ကြောင်း ဖော်ပြထားသည်။ တိုက်ကြီးများ(Continents)အလိုက် တင်ပို့မှုတွင် အာရှမှ ၄၄ဒသမ၇ ရာခိုင်နှုန်း၊ အမေရိကမှ ၂၇ ဒသမ၄ ရာခိုင်နှုန်း၊ ဥရောပ ၁၁ဒသမ၃ ရာခိုင်နှုန်း၊ Oceania ၁ဒသမ၇ ရာခိုင်နှုန်း နှင့် အာဖရိကမှ ၁ဒသမ၇ ရာခိုင်နှုန်းတို့ဖြစ်ကြောင်း သိရှိရသည်။

ဆယ်စုနှစ်အတွင်း စီးပွားရေးတိုးတက်မှုနှုန်း အမြင့်ဆုံးနိုင်ငံ ငါးနိုင်ငံမှာ ဂိုင်ယာနာ(တောင်အမေရိက) မှ ၁၅ ရာခိုင်နှုန်းနီးပါး၊ အိုင်ယာလန် (ဥရောပ)မှ ၉ ရာခိုင်နှုန်းကျော်၊ အီသီယိုးပီးယား (အာဖရိက) ၈ဒသမ၄၃ရာခိုင်နှုန်း၊တာဂျစ်ကစ္စတန် (အာရှ အလယ်ပိုင်း) ၇ ရာခိုင်နှုန်းနှင့် အိုင်ဗရီကို့စ် (အနောက်အာဖရိက)တွင် ၆ဒသမ၈ရာခိုင်နှုန်းရှိကြောင်း သိရသည်။ **(စီးပွားရေးသံမှူး၊ဗီယက်နမ်)**

# ၂၀၂၄အတွက် ခရီးသွားရန် အကောင်းဆုံးနေရာများ

စိန်သံ



အမေရိကန်ပြည်ထောင်စု မက်ဆာချူးဆက်ပြည်နယ်ရှိ Tripadvisor ခရီးသွားကုမ္ပဏီက ၂၀၂၄ ခုနှစ်အတွက် ကမ္ဘာပေါ်တွင် ခရီးသွားရန် အကောင်းဆုံးနေရာများကို စစ်တမ်းကောက်ယူထားသည့် အချက်အလက်များကို ဇန်နဝါရီ ၁၂ ရက်က ထုတ်ပြန်လိုက်ပြီဖြစ်သည်။ တစ်နည်းအားဖြင့် Tripadvisor ခရီးသွားကုမ္ပဏီသည် ၂၀၂၄ ခုနှစ်အတွက် ၎င်း၏ ပထမဆုံး Travelers' Choice Award ကို ကြေညာခဲ့ခြင်းဖြစ်သည်။

Tripadvisor ၏ ကမ္ဘာပေါ်တွင် ခရီးသွားရန် အကောင်းဆုံးနေရာများကို ဖော်ပြခဲ့ရာတွင် ထိပ်တန်းနေရာများ (ယခင်လူကြိုက်များသောနေရာများ)၊ ခေတ်စားနေသော နေရာများ၊ ယဉ်ကျေးမှုနေရာများ၊ အစားအသောက်နေရာများ၊ သဘာဝနေရာများ၊ ဟန်းနီးမွန်းခရီးထွက်ရန် အကောင်းဆုံး နေရာများနှင့် စဉ်ဆက်မပြတ်ဦးတည်ရာနေရာများဟူ၍ ခေါင်းစဉ်တပ်ထားသည်။

ကိုဗစ်ကာလ လွန်မြောက်ပြီးဖြစ်သည့် ၂၀၂၃ ခုနှစ်တွင် ကမ္ဘာတစ်ဝန်းလုံးသို့ အားလပ်ရက် အပန်းဖြေခရီး ထွက်ကြသူများ ပြန်လည်များပြားလာခဲ့သည်။ Tripadvisor ၏ သုတေသနပြုချက်အရ ခရီးသွားလာမှုသည် ၂၀၂၄ ခုနှစ်တွင် အရှိန်အဟုန်ဖြင့် ပြောင်းလဲလာမည်ဟုဆိုသည်။ Tripadvisor အချက်အလက်များအရ ထက်ဝက်နီးပါး (၄၅ ရာခိုင်နှုန်း)သည် သုံးကြိမ်နှင့်အထက်(သို့မဟုတ်) နေရာသုံးနေရာသို့ သွားရောက်လည်ပတ်ရန် ခရီးစဉ်များကို စီစဉ်နေကြကြောင်း ဖော်ပြထားသည်။

Tripadvisor ၏ အကြီးအကဲတစ်ဦးဖြစ်သူ Sarah Firshein က အမေရိကန်နိုင်ငံသား ၉၄ ရာခိုင်နှုန်းက ယမန်နှစ်ကထက် ပိုမိုပြီး ခရီးထွက်ရန် စီစဉ်နေခြင်းကြောင့် ယခုနှစ်၏ Travelers' Choice Best of the Best Destinations စာရင်းက တကယ်ကိုစိတ်ဝင်စားစရာကောင်းနေသည်ဟု ဆိုသည်။ ဒူဘိုင်း၊ တိုကျိုနှင့် ပဲရစ်ကဲ့သို့သော နေရာများသည် ခရီးသွားလေ့ရှိသူ အသိုင်းအဝိုင်းတွင် အနုပညာနှင့် ယဉ်ကျေးမှုပြကွက်များ၊ ထိပ်တန်းစားသောက်ဆိုင်များ၊ အကန့်အသတ်မရှိသော ဆွဲဆောင်မှုများနှင့် အတွေ့အကြုံများရှိသော နေရာများအဖြစ် ညွှန်ပြနေသည်။

Tripadvisor ၏ စစ်တမ်းတွင် ဖော်ပြထားချက်အရ လူကြိုက်များသည့် နေရာများ စာရင်းနှင့် စိတ်ဝင်စားမှု အကောင်းဆုံး နေရာများအဖြစ် ၁၀ နေရာအထိ ရှိနေသည်။ ယင်းတို့အထဲတွင် အမေရိကန်ပြည်ထောင်စုက သုံးနေရာအထိ ပါဝင်နေသည်ကို တွေ့ရသည်။ Travelers' Choice အရ အင်ဒိုနီးရှားနိုင်ငံ ဘာလီသည် ၂၀၂၄ ခုနှစ်အတွက် ကမ္ဘာ့အကောင်းဆုံး ဟန်းနီးမွန်းခရီးစဉ်များ ဖြစ်လာခဲ့သည်။

### acwfpm;aeonfhae&mrsm;(urmC

၂၀၂၄ ခုနှစ် ခရီးသွားကဏ္ဍအတွက် ခေတ်စားနေသည့် နေရာများမှာ (၁) တိုကျို(ဂျပန်နိုင်ငံ)၊ ဆိုးလ်(တောင်ကိုရီးယား)၊ Halong Bay(ဗီယက်နမ်နိုင်ငံ)၊ (၄) ပါလာဝန်ကျွန်း(ဖိလစ်ပိုင်နိုင်ငံ)၊ (၅) စပါး(ဗီယက်နမ်နိုင်ငံ)၊ (၆)ဘိုဂိုတာ(ကိုလမ်ဘီယာ)၊ (၇) ပတ္တယား(ထိုင်းနိုင်ငံ)၊ (၈) အလာဂျူလာ(ကော်စတာရီကာ)နှင့် (၁၀) ကွာလာလမ်ပူ(မလေးရှားနိုင်ငံ)တို့ဖြစ်သည်။

### acwfpm;aeonfhae&mrsm;(tar&dejynfaxmifpk

၂၀၂၄ ခုနှစ်အတွက် အမေရိကန်ပြည်ထောင်စုမှ ခရီးသွားကဏ္ဍအတွက် ခေတ်စားနေသည့်နေရာများမှာ(၁) နာပါ(ကယ်လီဖိုးနီးယားပြည်နယ်)၊ (၂) စိန့်ပီတာစဘတ်ဂ်( ဖလော်ရီဒါပြည်နယ်)၊ (၃) Marathon(ဖလော်ရီဒါပြည်နယ်)၊ (၄) Brooklyn(နယူးယောက်)၊ (၅) provincetown(မစ်ဆာချူးဆစ်ပြည်နယ်)၊ (၆) West Yellowstone (မွန်တာနာပြည်နယ်)၊ (၇) Homer (အလာစကာပြည်နယ်)၊ (၈) Eureka Springs(အာကန်ဆက်ပြည်နယ်)၊ (၉) ပို့လန်း (အိုရီဂွန်ပြည်နယ်)နှင့် (၁၀) Kanab(Utahပြည်နယ်)တို့ဖြစ်သည်။

### xdyfwefae&mrsm;(urmC

ကမ္ဘာပေါ်တွင် လည်ပတ်ချင်စရာ ထိပ်တန်းနေရာများမှာ (၁) ဒူဘိုင်း(ယူအေအီးနိုင်ငံ)၊ (၂) ဘာလီ(အင်ဒိုနီးရှားနိုင်ငံ)၊ (၃) လန်ဒန်(ယူနိုက်တက်ကင်းဒမ်းနိုင်ငံ)၊ (၄)ဟန္ဓိုင်း(ဗီယက်နမ်နိုင်ငံ)၊(၅) ရောမ(အီတလီနိုင်ငံ)၊ (၆) ပဲရစ်(ပြင်သစ်နိုင်ငံ)၊ (၇) ကန်ကွန်(မက္ကဆီကိုနိုင်ငံ)၊ (၈) မာရာကက်ချ်(မော်ရိုကိုနိုင်ငံ)၊ (၉) ခရီတီ(ဂရိနိုင်ငံ)နှင့် (၁၀) ဟွိုင်အန်(ဗီယက်နမ်နိုင်ငံ)တို့ဖြစ်သည်။

> ကိုဗစ်ကာလ လွန်မြောက်ပြီးဖြစ်သည့် ၂၀၂၃ ခုနှစ်တွင် ကမ္ဘာတစ်ဝန်းလုံးသို့ အားလပ်ရက် အပန်းဖြေခရီး ထွက်ကြသူများ ပြန်လည် များပြားလာခဲ့သည်။

### xdyfwefae&mrsm;(tar&dejynfaxmifpk

အမေရိကန်ပြည်ထောင်စုရှိ ထိပ်တန်းနေရာများမှာ (၁) နယူးယောက်မြို့၊ (၂) Oahu၊ (၃) လစ်ဗီးဂက်စ်၊ (၄) နယူးအော်လန်း၊ (၅) မီယာမီကမ်းခြေ၊ (၆) Maui၊ (၇) Nashville၊ (၈) ချာလစ်တွန်၊ (၉) ချီကာဂိုနှင့် (၁၀) Key West တို့ပင်ဖြစ်သည်။

### pOfquf jywfOD;wnf&mrsm;(urmC

စဉ်ဆက်မပြတ် ဦးတည်ရာ နေရာများအဖြစ် (၁) ကိုပင်ဟေဂင်(ဒိန်းမတ်နိုင်ငံ)၊ (၂) စတော့ဟုမ်း(ဆွီဒင်နိုင်ငံ)၊ (၃) ဘော်ဒိုး(ပြင်သစ်နိုင်ငံ)၊ (၄) ဟယ်ဆင်ကီ(ဖင်လန်နိုင်ငံ)၊ (၅) စင်ကာပူ(စင်ကာပူနိုင်ငံ)၊ (၆) မဲလ်ဘုန်း(ဩစတြေးလျနိုင်ငံ)၊ (၇) အော့စ်လို(နော်ဝေနိုင်ငံ)၊ (၈) ဘရပ်စ်ဆဲလ်(ဘယ်လ်ဂျီယံ)၊ (၉) ဂေါ်ဝေး(အိုင်ယာလန်နိုင်ငံ)နှင့် (၁၀) ဘဲလ်ဖတ်စ်(ယူနိုက်တက်ကင်းဒမ်းနိုင်ငံ)တို့ဖြစ်သည်။

### [efeDrGef;c&D;(urmC

ကမ္ဘာပေါ်တွင် ဟန်းနီးမွန်ခရီးထွက်ရန် အကောင်းဆုံး နေရာများမှာ (၁) ဘာလီ(အင်ဒိုနီးရှားနိုင်ငံ)၊ (၂)ဟွိုင်အန်(ဗီယက်နမ်နိုင်ငံ)၊ (၃) မော်လ်ဒိုက်၊ (၄) ဒိုမီနီကန်၊ (၅) Mauritius၊ (၆) ခို့လက်ခ်(ထိုင်းနိုင်ငံ)၊ (၇) ဂျမေကာ၊ (၈)ဆန်တိုရီနို(ဂရိနိုင်ငံ)၊ (၉) ဇန်ဇီဘာကျွန်း(တန်ဇန်းနီးယားနိုင်ငံ)နှင့် (၁၀) ဗီနီစီ(အီတလီနိုင်ငံ)တို့ ဖြစ်သည်။

### obm0w&m;rsm;(urmC

ကမ္ဘာပေါ်တွင် သဘာဝတရားများကို ကြည့်ရှုခံစားရန် အကောင်းဆုံးနေရာများမှာ (၁) ခတ္တမန်ဒူ(နီပေါနိုင်ငံ)၊ (၂) ဟာလောင်းပင်လယ်ကွေ့(ဗီယက်နမ်နိုင်ငံ)၊ (၃) ဟာဂါဒါ(အီဂျစ်နိုင်ငံ)၊ (၄) Mauritius၊ (၅) Lombok(အင်ဒိုနီးရှားနိုင်ငံ)၊ (၆) ဟာဝိုင်အီ(အမေရိကန်ပြည်ထောင်စု)၊ (၇) ဇန်ဇီဘာ(တန်ဇန်းနီးယားနိုင်ငံ)၊ (၈) Grand Cayman၊ (၉) ဂွာဒါလူပီကျွန်းနှင့် (၁၀) ကရူဂျာအမျိုးသားဥယျာဉ်(တောင်အာဖရိက)တို့ဖြစ်သည်။

### , Ofaus;rIae&mrsm;(urmC

ကမ္ဘာပေါ်တွင် ယဉ်ကျေးမှု အထွန်းကားဆုံးနေရာများမှာ (၁) ကျူးဘား၊ (၂) ကူစကို(ပီရူးနိုင်ငံ)၊ (၃) အက်ဂရာ(အိန္ဒိယနိုင်ငံ)၊ (၄) ဖက်စ်(မော်ရိုကိုနိုင်ငံ)၊ (၅) အေသင်(ဂရိနိုင်ငံ)၊ (၆) ဒူဘလင်(အိုင်ယာလန်နိုင်ငံ)၊ (၇) ကိုလန်ဘို(သီရိလင်္ကာနိုင်ငံ)၊ (၈) Hue(ဗီယက်နမ်နိုင်ငံ)၊ (၉) အီဒင်ဘတ်ဂ်(ယူနိုက်တက်ကင်းဒမ်းနိုင်ငံ)နှင့် (၁၀)တိုကျို(ဂျပန်နိုင်ငံ)တို့ဖြစ်သည်။


### tpm; taomuf ae&mrsm;(urmC

ကမ္ဘာပေါ်တွင် အစားအသောက်ကောင်းများ စုဝေးရာ နေရာများမှာ (၁) ဟန္ဓိုင်း(ဗီယက်နမ်နိုင်ငံ)၊ (၂) ရောမ(အီတလီနိုင်ငံ)၊ (၃) ခရီတီ(ပီရူးနိုင်ငံ)၊ (၄) ကူစကို(ပီရူးနိုင်ငံ)၊ (၅) ဖလာရင့်စ်(အီတလီနိုင်ငံ)၊ (၆) နယူးဒေလီ(အိန္ဒိယနိုင်ငံ)၊ (၇) ဘာစီလိုနာ (စပိန်နိုင်ငံ)၊ (၈) နယူးအော်လန်းစ်(အမေရိကန်ပြည်ထောင်စု)၊ (၉) လစ္စဘွန်း(ပေါ်တူဂီနိုင်ငံ)နှင့် (၁၀) ဖူးခတ်(ထိုင်းနိုင်ငံ)တို့ဖြစ်သည်။

### tpm; taomuf ae&mrsm;(tar&dejynfaxmifpk

အမေရိကန်ပြည်ထောင်စုတွင် အစားအသောက်ကောင်းများ စုဝေးရာ နေရာများမှာ (၁) နယူးအော်လန်းစ်(အမေရိကန်ပြည်ထောင်စု)၊ (၂) ချာလစ္စတွန်၊ (၃) ဟာဝိုင်အီ၊ (၄) နယူးယောက်မြို့၊ (၅) ဆာဗင်နက်၊ (၆) Nashville၊ (၇) မီယာမီနှင့် (၈) ဘော်စတွန်တို့ဖြစ်သည်။

Source; lodgingmagazine.com




# အရင်းအနှီးဈေးကွက် အခြေပြု ရင်းနှီးမြှုပ်နှံမှု ကုမ္ပဏီများ

ထွန်းသက်ထွန်း

ကမ္ဘာ့နိုင်ငံအသီးသီးတွင် အရင်းအနှီးဈေးကွက်များမှ တစ်ဆင့်ကာလရှည်ရင်းနှီးငွေများ ရရှိရန် ထုတ်ဝေရောင်းချသည့် ပရောဒတ်မျိုးစုံရှိပြီး ယင်းပရောဒတ်များကို အများပြည်သူတို့ လွယ်လင့်တကူ ရင်းနှီးမြှုပ်နှံမှု ပြုလုပ်နိုင်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေကုမ္ပဏီများကို တည်ထောင်လာကြသည်။ အဆိုပါ ရင်း နှီးမြှုပ်နှံမှုရန်ပုံငွေ အဖွဲ့များကို အပိုင်း(၃)ပိုင်းခွဲကာ လေ့လာနိုင်သည်။ ၎င်းတို့မှာ Open End Fund, Closed End Fund နှင့် Unit Trust တို့ဖြစ်သည်။

### Open End Fund

Open End Fund များကို Mutual Fund ဟုလည်း ခေါ်ဆိုသည်။ ယင်းရန်ပုံငွေထဲတွင် အမျိုးအစား မတူညီသည့် စတော့များ၊ ငွေချေးစာချုပ်များနှင့် ငွေကြေးဈေးကွက်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု စာချုပ်စာတမ်းများဖြင့် ဖွဲ့စည်းထားပြီး ယင်းရင်းနှီးမြှုပ်နှံမှုအစုကို Investment Portfolio ဟု ခေါ်ဆိုသည်။ အထက်ပါ ရန်ပုံငွေအဖွဲ့တွင် အရေးကြီးသည့် အချက်အချို့ရှိသည်။ Mutual Fund တွင် ပါဝင်ရင်းနှီးမြှုပ်နှံသူများသည် အဆိုပါ ရန်ပုံငွေအဖွဲ့ စုစည်းထားသည့် Portfolio များကို အချိုးကျပိုင်ဆိုင်ခွင့်ရှိသည်။ အဆိုပါ ရန်ပုံငွေအဖွဲ့ကို တာဝန်ခံသည့် မန်နေဂျာသည် အဖွဲ့မှ စုစည်းထားသည့် ရင်းနှီးမြှုပ်နှံမှုများကို ရောင်းထုတ်ခြင်း၊ အသစ်ဝယ်ယူခြင်း စသည့် စီမံခန့်ခွဲပိုင်ခွင့်ရှိသည်။ ရင်းနှီးမြှုပ်နှံမှုအစုတွင် ပါဝင်ဖွဲ့စည်းထားသည့် ရှယ်ယာတစ်စု၏တန်ဖိုးကို Net Asset Value (NAV) ဖြင့် တိုင်းတာသည်။ NAV ဆိုသည်မှာ အဖွဲ့မှဝယ်ယူထားသည့် စုစုပေါင်း Portfolio ၏ တန်ဖိုးမှ စုစုပေါင်း ပေးရန်တာဝန်ကို နုတ်ပြီးနောက် ကျန်ရှိသည့် အသားတင်တန်ဖိုးကို စုစုပေါင်းထုတ်ဝေထားသည့် ရှယ်ယာအရေအတွက်ဖြင့် စားခြင်းမှ ရရှိသည်။

နောက်တစ်ချက်မှာ အဆိုပါ Mutual Fund ၏ တန်ဖိုး NAV ကို နေ့တစ်နေ့၏ ဈေးပိတ်ချိန်တွင် တစ်ကြိမ်သာ သိရှိနိုင်ခြင်းဖြစ်သည်။ ဆက်လက်ပြီး အဆိုပါရန်ပုံငွေသို့ အဖွဲ့ဝင်အသစ်ဝင်ရောက်ခြင်း၊ ပြန်လည်ထွက်ခွာခြင်းရှိပါက ရန်ပုံငွေအဖွဲ့၏ တန်ဖိုးကို နေ့တစ်နေ့၏ ဈေးကွက် ပိတ်သိမ်းချိန်တွင်သာ သိရှိနိုင်ခြင်းဖြစ်သည်။

ဥပမာ - နေ့တစ်နေ့၏ အစတွင် ရန်ပုံငွေအဖွဲ့၏ တန်ဖိုးမှာ ဒေါ်လာတစ်သန်းဖြစ်ပြီး ပေးရန်တာဝန်မရှိဟု ယူဆပါ။ စုစုပေါင်း ရှယ်ယာတစ်သောင်း ထုတ်ထားပါက ယင်းအဖွဲ့၏ NAV မှာ $100 ဖြစ်ပါမည်။ အကယ်၍ယင်းနေ့တစ်နေ့အတွင်း စတော့ဈေးနှုန်းများ ပြောင်းလဲခြင်း၊ အဖွဲ့ဝင်အသစ်များ ဝင်ရောက်ခြင်း၊ ထွက်ခွာခြင်းများရှိပါက ယင်းအဖွဲ့၏ NAV မှာပြောင်းလဲသွားမည်ဖြစ်သည်။

### Closed End Fund

ဤရန်ပုံငွေအဖွဲ့ပုံစံသည် ကုမ္ပဏီတစ်ခုတွင် ရှိသာမန်ရှယ်ယာ (Common Share)နှင့် အလားသဏ္ဍာန်တူသည်။ ဤအဖွဲ့အတွက် ဘဏ္ဍာရန်ပုံငွေကို ကြားမှတာဝန်ခံဖြန့်ချိသူ (underwriter) များက တာဝန်ယူ ရောင်းချကာ ထုတ်ဝေထားသည့် ရှယ်ယာအရေအတွက်မှာ ပြောင်းလဲမှုမရှိဘဲ ပုံသေဖြစ်သည်။ ရှယ်ယာ အသစ်များ ထပ်မံထုတ်ဝေခြင်း မရှိသောကြောင့် ယင်းရန်ပုံငွေအစုကို ဝယ်ယူလိုသူများသည် ဆင့်ပွားဈေးကွက် (Secondary Market) တွင်သာ ဝယ်ယူရရှိနိုင်သည်။ ယင်းရန်ပုံငွေအစု၏တန်ဖိုးသည် ဈေးကွက်အတွင်း ဝယ်လိုအား - ရောင်းလိုအားအပေါ်တွင် မူတည်သည်။ သို့သော် ယင်းရန်ပုံငွေအစုတစ်စု၏ တန်ဖိုး (NAV) ကိုမူ Open end fund တွက်ချက်နည်းအတိုင်းသာ တွက်ချက်သည်။

ဈေးကွက်အတွင်း ဖြစ်ပေါ်နေသည့် ရန်ပုံငွေအစု၏ ဈေးနှုန်းမှာ NAV ၏အထက်တွင် ရှိနိုင်သလို အောက်တွင်လည်း ရှိနိုင်သည်။ အမေရိကန်၏ ၁၉၄၀ ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ Closed End Fund တစ်ခုကို တစ်ကြိမ်သာ အရင်းအနှီး ဖွဲ့စည်းခွင့်ရှိသည်။ ယင်းအဖွဲ့၏ ရှယ်ယာများကို ကုမ္ပဏီ၏ သာမန်ရှယ်ယာများကဲ့သို့ စတော့ဈေးကွက်တင်ကာ ရောင်းဝယ်နိုင်ကြသည်။ အဆိုပါရန်ပုံငွေအဖွဲ့တစ်ဖွဲ့သည် တစ်ကြိမ်သာ ထုတ်ဝေရောင်းချနိုင်သောကြောင့် အဖွဲ့အတွက် ထပ်မံလိုအပ်သည့်ငွေကြေးများအတွက် ငွေချေးစာချုပ်များထုတ်ဝေခြင်း၊ ဘဏ်ချေးငွေများ ရယူခြင်း စသည့် (leverage) နည်းလမ်းများကိုသာ အသုံးပြုလေ့ရှိသည်။ ဤရန်ပုံငွေအဖွဲ့မှ အစုများကို စတင်ဝယ်ယူသူများသည် တာဝန်ခံဖြန့်ချိရာတွင် ကုန်ကျသည့် ကနဦးစရိတ်များကို အချိုးကျ ကျခံရသည်။

### Unit Trust

ဤရန်ပုံငွေအဖွဲ့မှာ Closed End Fund နှင့်ဆင်တူသည်။ သို့သော်လည်း ဤ Unit Trust ရန်ပုံငွေအဖွဲ့ ၏ထူးခြားချက်မှာ အဖွဲ့မှစုစည်းထားသည့် ငွေချေးသက်သေခံ လက်မှတ်များမှာ ငွေချေးစာချုပ် (Bond)များဖြင့်သာ ဖွဲ့စည်းထားခြင်းပင်ဖြစ်သည်။ နောက်ထူးခြားချက်တစ်ခုမှာ အဆိုပါ Unit Trust များ၏ အစုများမှာ အခြားယူနစ်များကဲ့သို့ဈေးကွက်တွင် အရောင်းအဝယ် သွက်လက်မှု မရှိခြင်းဖြစ်သည်။ ဤရန်ပုံငွေအဖွဲ့ကို စတင်ဖွဲ့စည်းသည့်အချိန်တွင် ကြားမှတာဝန်ခံ Sponsor အဖွဲ့က တာဝန်ခံစုစည်းပြီး ယင်းအစုများကို ယုံကြည်အပ်နှံအဖွဲ့ (trustee) များထံတွင် ထိန်းသိမ်းထားသည်။ ယင်းယူနစ်ကို စုစည်းသည့် စရိတ်စကသည် အခြားရန်ပုံငွေအဖွဲ့များထက်သက်သာလေ့ရှိပြီး ယင်းအဖွဲ့တွင် ပါဝင်ထားသည့် အစုမှာ ငွေချေးစာချုပ် (bonds) များဖြစ်ခြင်းကြောင့် သက်တမ်းတစ်ခုတွင် ရပ်တန့်သွားသည့်သဘောရှိသည်။ အဆိုပါယူနစ်ကို ဝယ်ယူထားသူများအနေနှင့် ရန်ပုံငွေအဖွဲ့တွင်ပါဝင်သည့် အမျိုးအစားများ ပြောင်းလဲသွားမည့်အရေးကို ပူပန်စရာမရှိပါ။ အဆိုပါ Unit Trust များမှာ ဥရောပဒေသများတွင် ခေတ်စားသော်လည်း အမေရိကန်တွင် ခေတ်စားခြင်းမရှိပါ။

Mutual Fund များတွင် ပါဝင်ရင်းနှီးမြှုပ်နှံထားသည့် ရင်းနှီးမြှုပ်နှံသူများသည် အဓိက စရိတ်နှစ်ခုကို ကျခံရသည်။ ပထမစရိတ်မှာ ယူနစ်များ စတင်ရောင်းချခြင်းအတွက် ရှယ်ယာရှင်များထံမှ ကောက်ခံသည့် စရိတ်ဖြစ်သည်။ ယင်းကို Sale Charge ဟု ခေါ်သည်။ ယင်းစရိတ်ကို စတင်ရောင်းချချိန်တွင် တစ်ကြိမ်သာ ကောက်ခံသည်။ နောက်စရိတ်တစ်ခုမှာ နှစ်စဉ်ကြေးဖြစ်သည်။ ယင်းကို Annual Operating Expense ဟု ခေါ်သည်။ ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့အတွင်း စုစည်းထားသည့် ရင်းနှီးမြှုပ်နှံမှု ပရောဒတ်များကို ကိုင်တွယ်ထိန်းသိမ်းရသည့်အတွက် ကောက်ခံခြင်းဖြစ်ပြီး ယင်းစရိတ်ကို နှစ်စဉ် ရှယ်ယာရှင်များ သို့ ခွဲဝေပေးသည့် အကျိုးအမြတ်များမှ ခုနှိမ်ခြင်းဖြစ်သည်။

### စီးပွားရေးရှုထောင့်မှ ကြည့်ခြင်း

ဘဏ္ဍာရေးကြားခံအဖွဲ့များသည် အများပြည်သူတို့ လွယ်လင့်တကူရင်းနှီးမြှုပ်နှံနိုင်ရေးအတွက် ဘဏ္ဍာရေးဆိုင်ရာ ရပိုင်ခွင့်များ (financial claims)ကို စုစည်းကာ ရင်းနှီးမြှုပ်နှံသူများသို့ အဆိုပါ ရပိုင်ခွင့်များကို လွှဲပြောင်းပေးခြင်းဖြစ်သည်။ ယင်းသို့ ဆောင်ရွက်ပေးမှုကြောင့် စီးပွားရေးရှုထောင့်မှကြည့်ပါက အောက်ဖော်ပြပါ အကျိုးစီးပွား (၆)ခုထဲမှ အချို့ (သို့မဟုတ်) အကုန်လုံးကို ရရှိစေသည်။ ယင်းအချက်များမှာ -

(က) ခွဲခြမ်းစိတ်ဖြာ ရင်းနှီးမြှုပ်နှံခြင်းကြောင့် ဆုံးရှုံးနိုင်ခြေ (Risk)ကို လျှော့ချပေးခြင်း၊
(ခ) ရန်ပုံငွေအစုများကို စုစည်းခြင်း၊ ဖြန့်ဝေရောင်းချခြင်းများအတွက် စာချုပ်စာတမ်းစရိတ်များ၊ သတင်းအချက်အလက်စုစည်းရသည့် စရိတ်စကများ လျော့နည်းသက်သာစေခြင်း၊
(ဂ) ပရော်ဖက်ရှင်နယ်အဆင့်ရှိမန်နေဂျာများမှ ရန်ပုံငွေအဖွဲ့များကို စီမံခန့်ခွဲပေးခြင်းကြောင့် အထက်ပါအချက် (က)နှင့် (ခ)ကို ပိုမိုထိရောက်မှုရှိစေခြင်း၊
(ဃ) ရန်ပုံငွေ အစုများသည် လူကြိုက်များခြင်းကြောင့် ရောင်းဝယ်လိုသည့်အချိန်တွင် အချိန်မရွေး ရောင်းဝယ်နိုင်ခြင်း၊ ငွေဖြစ်လွယ်မှု မြန်ဆန်ခြင်း၊
(င) အမျိုးအစားစုံလင်စွာ စုစည်းနိုင်ခြင်း၊
(စ) ထိရောက်သည့်ငွေပေးချေမှု စနစ်များ (ဥပမာ- ချက်လက်မှတ်ဖြင့်ပေးချေခွင့်။ online payment များ) ကို ကျင့်သုံးနိုင်ခြင်း စသည်တို့ဖြစ်သည်။

Reference : Investment Guidebook

# SM SHOON MYAT COMPANY LIMITED.



BSH-1 Hematite Shop House, Baho Road, Homl Lan Station Quarter, Sanchaung Township,
Yangon Region, Myanmar.

UNITED DRAGON

CONTROL UNION CERTIFIED ISO22000

CONTROL UNION CERTIFIED HACCP

## UNITED DRAGON CO., LTD

**Export of Beans & Pulses**



No.704,Mawtin Tower B,Lanthit Street,
Lanmadaw Township,3 Ward,
Yangon,Myanmar.

+95 95105256

uniteddragon168@gmail.com

## SHWE SIN OO TRADING LIMITED

ပဲမျိုးစုံ

နှင့်

နှမ်းရောင်းဝယ်ရေး

**Buying Pulses and Sesame Seeds**

Add : No.16, 1 st Floor, Sint Oh Dan Street, Latha Township, Yangon, Myanmar.

Tel : 09-5115664, 95-1-8225837

Fax : 95-1-8224011

Email : shwesinoodoc@gmail.com

# JMC MYANMAR

လိပ်စာ ။ ။ အမှတ် ၃၀၂၇ ၊ သံသုမာလမ်းမကြီး ၊ ( ၁၅ ) ရပ်ကွက် ၊ တော်ဥက္ကလာပ မြို့နယ် ၊ ရန်ကုန်မြို့ ။

ဖုန်း ။ ။ ၀၉ - ၇၉၇၉၃၆၆၆၆ ၊ ၀၉ - ၉၇၇၄၃၅၄၉၁ ၊ ၀၉ - ၉၇၇၄၃၅၄၉၂




# 中国中车 CRRC MYANMAR

**QINGDAO CRRC SIFANG ROLLING STOCK COMPANY LIMITED.**

Office : Building 19, Room No(8), U Wisara Housing, Dagon Township, Yangon Region.

Showroom : No (29), University Avenue Road,Golden Valley, Ward (1), Bahan Township. Yangon Region.

Ph: +959 5504343, +959 421046192, Email-qingdaocrrc@gmail.com

COMMERCE INTERNATIONAL

# ယခုနှစ်တွင် ကမ္ဘာ့စီးပွားရေးတိုးတက်မှု နှေးကွေးမည်ဟု ကမ္ဘာ့ဘဏ်ခန့်မှန်း




ယခု ၂၀၂၄ ခုနှစ်တွင် ကမ္ဘာ့စီးပွားရေးမှာ ယမန်နှစ်ကအတိုင်းပင် တိုးတက်မှု နှေးကွေးနေဦးမည်ဖြစ်ကြောင်း ကမ္ဘာ့ဘဏ်၏ အစီရင်ခံစာတစ်ရပ်က ဖော်ပြထားသည်ဟု ဘီဘီစီသတင်းတစ်ရပ်က ဇန်နဝါရီ ၁၁ ရက်တွင် ရေးသားဖော်ပြထားသည်။

ကမ္ဘာ့စီးပွားရေးမှာ ကိုဗစ်(၁၉)ရောဂါ ဖြစ်ပွားချိန် ၂၀၂၀ ပြည့်နှစ်မှစတင်ပြီး ကျဆင်းခဲ့သော်လည်း ၂၀၂၂ ခုနှစ်အရောက် ပြန်လည် နာလန်ထူလာခဲ့သည်။ သို့သော် ကမ္ဘာ့နိုင်ငံများ၏ စီးပွားရေးတိုးတက်မှုနှုန်းမှာ အရှိန်အဟုန်ဖြင့် လျင်မြန်စွာ ပြန်လည်ဖွံ့ဖြိုးတိုးတက်လာခြင်းမရှိသေးဘဲ နှေးကွေးနေခဲ့ရသည်။

ဗဟိုဘဏ်များ၏ တင်းကျပ်သော ငွေကြေးမူဝါဒများ ဆက်တိုက်ချမှတ်နေခြင်းကြောင့် ယခု ၂၀၂၄ခုနှစ်အတွင်း ကမ္ဘာ့စီးပွားရေး တိုးတက်မှုမှာ ဆက်လက်နှေးကွေးနေဦးမည်ဟု ကမ္ဘာ့ဘဏ်က ခန့်မှန်းထားခြင်းဖြစ်ကြောင်း သိရသည်။ ပြီးခဲ့သည့် ၂၀၂၃ ခုနှစ်က ကမ္ဘာ့စီးပွားရေး တိုးတက်မှုမှာ ၂ ဒသမ ၇ ရာခိုင်နှုန်း ရှိခဲ့သော်လည်း ယခု ၂၀၂၄ ခုနှစ်တွင် ကမ္ဘာ့စီးပွားရေး တိုးတက်မှုမှာ ၂ ဒသမ ၄ ရာခိုင်နှုန်းသာ ရှိမည်ဟု ကမ္ဘာ့ဘဏ်၏အစီရင်ခံစာတွင် ဖော်ပြထားခြင်းဖြစ်သည်ဟု သတင်းတွင် ဆက်လက်ဖော်ပြထားသည်။

ရုရှားနှင့် ယူကရိန်း စစ်ရေးပဋိပက္ခနှင့် အရှေ့အလယ်ပိုင်းဒေသ ပဋိပက္ခများကြောင့် စွမ်းအင်ဈေးနှုန်းများ မတည်မငြိမ် ဖြစ်ခြင်းများနှင့်အတူ စီးပွားရေးတိုးတက်မှုကိုလည်း ပိုမိုနှေးကွေးလာစေခဲ့ကြောင်း ကမ္ဘာ့ဘဏ်၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

ဗဟိုဘဏ်များ၏ မြင့်မားသော အတိုးနှုန်းများသည် စီးပွားရေးလုပ်ငန်းများအပေါ် အတားအဆီးဖြစ်မှုကြောင့် အမေရိကန်ပြည်ထောင်စု၏ စီးပွားရေးသည်လည်း ယမန်နှစ်ကထက်သုည ဒသမ ၉ ရာခိုင်နှုန်းထိ ကျဆင်းဖွယ်ရှိကြောင်း ကမ္ဘာ့ဘဏ်က သုံးသပ်ထားသည်။

ထို့ပြင် တရုတ်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်းသည်လည်း ၄ ဒသမ ၅ ရာခိုင်နှုန်းအထိ နှေးကွေးဖွယ်ရှိကြောင်း ဖော်ပြထားသည်။ အလားတူ ဂျပန်နိုင်ငံ၏ စီးပွားရေးသည်လည်း သုည ဒသမ ၉ ရာခိုင်နှုန်းသာ တိုးတက်နိုင်ဖွယ်ရှိသည်ဟု ကမ္ဘာ့ဘဏ်၏ အစီရင်ခံစာတွင် ဆက်လက်ဖော်ပြထားသည်။

အိမ်ခြံမြေဈေးကွက် နှေးကွေးခြင်းနှင့် အခြားသော အကြောင်းရင်းများကြောင့်လည်း စီးပွားရေးတိုးတက်မှုကို နှေးကွေးမည်ဟုဆိုသည်။ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ဆင်းရဲသည့် နိုင်ငံများသည်လည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အားနည်းနေဦးမည်ဖြစ်ပြီး တင်ရှိနေသည့် ကြွေးမြီ ဝန်ထုပ်ဝန်ပိုးများကြောင့် နစ်နာနေရသည်။

**Source; un.org**



## အင်ဒိုနီးရှားနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့ တောင်တရုတ်ပင်လယ်ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေး

ဖိလစ်ပိုင်နိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့မှ နှစ်ဖက်ခေါင်းဆောင်များသည် တောင်တရုတ်ပင်လယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အရှေ့တောင်အာရှနိုင်ငံများအသင်းအဖွဲ့ဝင်နိုင်ငံများအကြား ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေး အပါအဝင် ဒေသတွင်း ကိစ္စရပ်များကိုလည်း ဇန်နဝါရီ ၁၀ ရက်က တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း ရိုက်တာသတင်းတစ်ရပ်၏ ရေးသားဖော်ပြထားချက်အရ သိရသည်။

ဖိလစ်ပိုင်နိုင်ငံသမ္မတ ဖာဒီနန်မားကို့စ်ဂျူနီယာသည် အင်ဒိုနီးရှားနိုင်ငံသမ္မတ ဂျိုကိုဝီဒိုဒိုနှင့် ဇန်နဝါရီ ၁၀ ရက်က ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တော်တွင် တွေ့ဆုံခဲ့ပြီး တောင်တရုတ်ပင်လယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အရှေ့တောင်အာရှနိုင်ငံများအသင်း အဖွဲ့ဝင်နိုင်ငံများအကြား ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံသမ္မတ ဂျိုကိုဝီဒိုဒိုနှင့် မိမိတို့သည် တောင်တရုတ်ပင်လယ် ဖွံ့ဖြိုးတိုးတက်မှုများနှင့် အာဆီယံဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများတွင် ဒေသတွင်း အကျိုးစီးပွားအတွက် အသီးအပွင့်ရအောင် စိတ်ရင်းကိုယ်စီနှင့် ဆွေးနွေးခဲ့ကြကြောင်း ဖိလစ်ပိုင်နိုင်ငံသမ္မတ ဖာဒီနန်မားကို့စ်ဂျူနီယာက ပြောခဲ့သည်ဟု သတင်းတွင် ဆက်လက်ဖော်ပြထားသည်။

ထို့ပြင် ဖိလစ်ပိုင်နိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့သည် ကာကွယ်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုများနှင့် နယ်စပ်ဒေသ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက်များ ခိုင်မာစေရန် နှစ်နိုင်ငံ သဘောတူညီခဲ့ကြကြောင်း အဆိုပါဆွေးနွေးပွဲအပြီး ပူးတွဲသတင်းစာရှင်းလင်းပွဲတွင် အင်ဒိုနီးရှာနိုင်ငံသမ္မတ ဂျိုကိုဝီဒိုဒိုက ပြောဆိုခဲ့ကြောင်း သိရသည်။

ထို့ပြင် စစ်ဘက်ဆိုင်ရာ ဟာ့ဒ်(အမာထည်)များ အပါအဝင် ကာကွယ်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုများ အားကောင်းလာစေရန် နှစ်နိုင်ငံ ပူးတွဲကာနယ်ခြားကင်းလှည့်ရေးနှင့် နယ်စပ်ဖြတ်ကျော် သဘောတူညီချက်များကို အမြန်ဆုံးပြန်လည်ပြင်ဆင်ရန် မိမိတို့ နှစ်နိုင်ငံ သဘောတူညီခဲ့ကြကြောင်း အင်ဒိုနီးရှားနိုင်ငံသမ္မတ ဂျိုကိုဝီဒိုဒိုက ဆက်လက်ပြောကြားခဲ့သည်။ **Source; Reuters**

## တရုတ်–အာဆီယံ စက်မှုလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှု ဆက်လက်အားကောင်းနေ

တရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံများအကြားတွင် စက်မှုလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှု ဆက်လက်အားကောင်းနေကြောင်း တရုတ်နိုင်ငံအစိုးရ၏ ထုတ်ပြန်ချက်ကို ကိုးကားပြီး ဆင်ဟွာသတင်းဌာနက ရေးသားဖော်ပြထားသည်။




တရုတ်နိုင်ငံ တောင်ပိုင်း ကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဖိန်ရှန်းနယ်စပ်မြို့ရှိ ချစ်ကြည်ရေးနယ်စပ်ဂိတ်ဟု လူသိများသော Youyi Pass နယ်စပ်ဂိတ်တွင် တရုတ်နိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှ ကုန်တင်ယာဉ်များသည် ယခု ၂၀၂၄ ခုနှစ် ဇန်နဝါရီလအစပိုင်းတွင် ကူးသန်းရောင်းဝယ်ရေးအတွက် အလုပ်ရှုပ်နေကြကြောင်း ဆင်ဟွာသတင်းတစ်ရပ်က ဇန်နဝါရီ ၁၂ ရက်တွင် ရေးသားဖော်ပြထားသည်။

အရှေ့တောင်အာရှ နိုင်ငံများအသင်း (ASEAN) နိုင်ငံများမှ ထွက်ရှိသည့် ဒူးရင်းသီးများနှင့် မင်းကွတ်သီးများကဲ့သို့ စိုက်ပျိုးရေးထုတ်ကုန် တင်ပို့မှုများသည် Youyi Pass နယ်စပ်ဂိတ်မှတစ်ဆင့် တရုတ်နိုင်ငံအတွင်းသို့ ဝင်ရောက်နေခြင်းဖြစ်သည်။

အလားတူ တရုတ်နိုင်ငံမှ အီလက်ထရွန်နစ် ပစ္စည်းများ၊ စက်ယန္တရားများနှင့် လူ့အသုံးအဆောင်ပစ္စည်းများသည်လည်း အဆိုပါလမ်းကြောင်းမှတစ်ဆင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများသို့ တင်သွင်းလျက်ရှိနေသည်။

ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေး (RCEP)၏ သဘောတူညီချက်သည် ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁ ရက်က အသက်ဝင်လာခဲ့ခြင်းဖြင့် တရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား စက်မှုလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုသည်လည်း လွန်ခဲ့သည့် နှစ်နှစ်တာကာလအတွင်း ဆက်လက် အားကောင်းလာခဲ့ကာ ဒေသတွင်းစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို များစွာ အထောက်အကူပြုလျက်ရှိကြောင်း သိရသည်။

RCEPသည် ကမ္ဘာ့အကြီးဆုံး လွတ်လပ်သော ကုန်သွယ်မှု သဘောတူညီချက်ဖြစ်ပြီး ယင်း RCEPတွင် အာဆီယံ နိုင်ငံများအပြင် တရုတ်နိုင်ငံ၊ ဂျပန်နိုင်ငံ၊ တောင်ကိုရီးယားနိုင်ငံ၊ ဩစတြေးလျနိုင်ငံနှင့် နယူးဇီလန်နိုင်ငံတို့လည်း ပါဝင်နေသည်။

ယင်းRCEPအဖွဲ့ဝင်နိုင်ငံများ၏ စုစုပေါင်း လူဦးရေ၊ ပြည်တွင်းအသားတင် ကုန်ထုတ်လုပ်မှုနှင့် ကုန်သွယ်မှုသည် ကမ္ဘာ့စုစုပေါင်း၏ ၃၀ ရာခိုင်နှုန်းခန့်ရှိကြောင်း သိရသည်။ တရုတ်နိုင်ငံအထွေထွေ အကောက်ခွန်ဦးစီးဌာန၏ အစီရင်ခံစာအရ အာဆီယံသည် ပြီးခဲ့သည့် ၂၀၂၃ ခုနှစ်က တရုတ်နိုင်ငံ၏ အကြီးမားဆုံး ကုန်သွယ်ဖက်နိုင်ငံအဖြစ် ဆက်လက်ရှိနေဆဲဖြစ်ကြောင်းနှင့် စုစုပေါင်း ကုန်သွယ်မှုသည် ယွမ် ၅ ဒသမ ၈ ထရီလီယံ (အမေရိကန်ဒေါ်လာ ၈၁၆ ဒသမ ၉ ဘီလီယံခန့်) အထိ ရောက်ရှိခဲ့ကြောင်း၊ ယင်းမှာ ၂၀၂၂ ခုနှစ် ကာလတူထက် သုည ဒသမ ၁ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း သိရသည်။

ထို့ပြင် တရုတ်နိုင်ငံ ကွမ်ရှီးပြည်နယ်သည် ပြည်နယ်မြို့တော် နန်နင်းနှင့် ကျုံးကော်မြို့ အပါအဝင် မြို့ ခုနစ်မြို့၌ ရှိပြီးသား ဖွံ့ဖြိုးတိုးတက်မှုဇုန်များ၊ လွတ်လပ်သော ကုန်သွယ်မှုဇုန်များနှင့် စက်မှုဥယျာဉ်များအပေါ် အခြေခံ၍ တရုတ်-အာဆီယံ စက်မှုလုပ်ငန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုဇုန် တည်ဆောက်ရေးအတွက် ပူးပေါင်းလုပ်ဆောင်လျက်ရှိကြောင်း ဆင်ဟွာသတင်းတွင် ဆက်လက်ဖော်ပြထားသည်။

**Source; Xinhua**

စိုင်းဗညား - စုစည်းသည်